
www.burmeseclassic.com



# ခင်သူဇာ

ရှေးရေစက်

(အချစ်လုံးချင်းဝတ္ထု၊သစ်)

www.burmeseclassic.com

www.burmeseclassic.com

# ခင်သူဇာ

ရွှေရေစက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အောင်စာရင်းကပ်ထားသော ကြော်ငြာသင်ပုန်းရှေ့မှာ အလုအယက် ကြိတ်ကြိတ်တိုး ကြည့်နေကြသော လူအုပ်ကြီးကို စိတ်မပါဟန် လှမ်းကြည့်ပြီး သူ ခပ်ဝေးဝေးမှာ ရပ်နေမိ၏။

ဒီအောင်စာရင်းမှာ သူ့ပါမည်မဟုတ်မှန်း ဖြေကတည်းက သိနေတာမို့ ထူးပြီး စိတ်လှုပ်ရှား ရင်ခုန်စရာအကြောင်း မရှိ။

သူ့သူငယ်ချင်းတွေကသာ လူအုပ်ကြီးကြားထဲ ဟေးလား ဝါးလား ဝင်တိုးကာ ကိုယ့်နာမည်လေး ပါလိုပါငြား မျှော်လင့်ချက် နှမ်းစေ့လေးလောက်နှင့် အားတက်သရော ကြည့်နေကြပေမယ့် သူ မထင်ပါ။

♦ ဉာဏ်ဝင်းစာပေ ♦

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ အောင်မည့်မဟုတ်တာ သေချာသလောက် မဟုတ်ပါလား။ သိပ်ပင်မကြာလိုက်။

လူအုပ်ကြီးကို ပုံပျက်ပန်းပျက် တိုးဝှေ့ထွက်လာသော ဝေလက သူ့ကို မြင်သည်နှင့် ရယ်ကျဲကျဲလေး လက်ခါပြောလိုက်ပုံက…

"မပါဘူးကွ…အဟဲ"

သူ ရယ်ချင်သွားရစ္စာ ပြုံးပြီး နောက်ထပ် ဘွားကနဲ တိုးထွက်လာနေသော ပုဏ္ဏကကို မေးလေးဆတ်ကာ…

"ပုဏ္ဏက…ဒီ ဘယ်နှစ်လုံးလဲကွ"

အထာပေါက်သော ပုဏ္ဏကက ခပ်တည်တည်လေး လက်မ ထောင် ခေါင်းမော့ကာ…

"ခြောက်လုံးပေါ့ကွ၊ သိတယ် မဟုတ်လား၊ ဒါလောက်က တော့ အေးဆေး ချွေးချေးပါကွာ၊ အဟင်း…ဟင်း"

"ငါတို့ သုံးယောက်လုံး ဟုတ်ရဲ့လား"

"ဟုတ်တယ်လေ…ဒီလောက် တော်တဲ့ကောင်တွေမှ အောဒီ မထွက်ရင် ရာဇဝင်ရိုင်းသွားမှာပေါ့ကွာ"

"အိုကေ…ဘယ်သွားကြမလဲ"

"ဟ…လောလောဆယ် ဗိုက်ဆာတယ်ကွ၊ တစ်ခုခု စားပြီး မှ ငါတို့ကို ဂုဏ်ပြုဖို့ စောင့်နေတဲ့နေရာကို သွားတာပေါ့"





"ဝွတ်…ရွှေမယ်"

သူတို့သုံးယောက် ပြောဆိုနေသော စကားတွေကို ကြားနေ ရသော အနီးအနားမှ လူတွေက အံ့သြချီးမွမ်း မျက်ဝန်းများဖြင့် ကြည့်သူရှိသလို…

ဟုတ်ရဲ့လားဟူသော ဇဝေဇဝါ ကြည့်လေးတွေလည်း ရှိကြ တာမို့…။

ကြာကြာနေရင် အလိမ်ပေါ်တော့မှာမို့ သုံးယောက်သား အမြန်ဆုံး လစ်ထွက်လာခဲ့ကြပါတော့၏။

အပြင်ရောက်မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကာ အောင့်ထားရသမျှ အားပါးတရလေး ရယ်မိကြလေသည်။

ဝေလက ရယ်နေရင်းမှ…

"အရသာ ရှိလိုက်တာကွာ၊ မသိတဲ့လူတွေက ငါတို့ပြော တာကို အဟုတ်မှတ်ပြီး အထင်တကြီး အကြည့်တွေနဲ့ကွ၊ သိလား… အဟား…ဟား"

"အံမာ…တချို့က မယုံသလို မျက်ဝန်းတွေနဲ့၊ ဟုတ်ပါ့ မလား အကြည့်နဲ့ကွ"

"ဘာပဲဖြစ်ဖြစ်ကွာ…ခပ်တည်တည် ရွှီးလိုက်ရတာ ပျော် စရာကြီးပဲ…အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ကဲ‥အခု ဘာလုပ်မလဲ"

"ဟ‥စားမယ်လေ၊ တစ်ခုခု စားမှာပေါ့၊ လူအုပ်ကြီးထဲ အားသွန်ခွန်စိုက် တိုးထားရတာ ဗိုက်တောင် အတော်ဆာသွားတယ် ကွာ၊ ဟမ်ဘာဂါတစ်လုံးနဲ့ ကော်ဖီခါးခါးလေး တစ်ခွက်ဆို အိုကေ တယ်၊ လာ…ကော်ဖီဆိုင် သွားကြရအောင်"

မလှမ်းမကမ်းရှိ ကော်ဖီဆိုင် ရောက်တော့ ဝေလက ဟမ်ဘာဂါနဲ့ ကော်ဖီ၊ ပုဏ္ဏက နန်းကြီးနဲ့ လက်ဖက်ရည်၊ သူက စမူဆာသုပ်နဲ့ စူပါပလိန်း။

အိမ်က အစောကြီး ထွက်လာကြတာမို့ ဘယ်သူမှ စားမလာ ကြ။

ခုမှ ဗိုက်ဆာဆာနဲ့ အားပါးတရ တွယ်နေရာမှ ဝေလက…

"အဟဲ…ငါတို့ပုံစံက စာမေးပွဲအောင်လို့ တပျော်တပါး စားသောက်နေတဲ့ပုံနဲ့ အတူတူပဲကွာ…နော်"

ဝေလစကားကို သူက ပြုံး၍…

"နှစ်ခါရှုံးတာများ စကားထဲ ထည့်ပြောမနေပါနဲ့ ဝေလရာ၊ သုံးခါပြည့်ဖို့ တစ်ခါလိုပါသေးတယ်ကွာ"

ပုဏ္ဏကလည်း ထောက်ခံဟန် ခေါင်းတဆတ်ဆတ် ညိတ် လိုက်ပြီးမှ…





"အေးလေကွာ…ဟုတ်သားပဲ၊ နှစ်ခါပဲ ရှိသေးတာ၊ တချို့ ဆို ငါးနှစ်ဆက်တိုက်၊ ခုနစ်နှစ်‥ဆယ်နှစ်အထိ ဖြေတဲ့လူတွေ ရှိတယ် တဲ့ကွ"

"အောင်သွားလား"

"ဘယ်ကလာ…မအောင်မချင်း ဝဋ်ကြွေးတစ်ခုအနေနဲ့ ဖြေတာပေါ့ကွာ၊ နောက်ဆုံး မအောင်နိုင်မှန်းသေချာတော့မှ…"

ပုဏ္ဏက စကားကို မဆက်ဘဲ နန်းကြီးကိုသာ အပြီးသတ် စားနေသဖြင့် သူက…

"ဘုန်းကြီးဝတ်သွားရောလား"

"မဟုတ်တာ…မိန်းမ ယူလိုက်တာကွ"

"အံမာ…တယ်ဟုတ်ပါလား"

"ဟုတ်သမှ သူ့မိန်းမက စီးပွားရေး ကျွမ်းတယ်လေ၊ အရောင်းအဝယ် အိတ်စပတ်ဆိုတော့ အေးဆေး ဇိမ်လေးနဲ့ ကွေးနေရုံ ပေါ့"

"ဟင်…မိန်းမလုပ်စာ ထိုင်စားတယ်ပေါ့"

"ဒါပေါ့"

"သူ့မိန်းမက ကြည်ဖြူတယ်လား၊ ကံကောင်းလှချည်လား ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတာတော့ မပြောနဲ့၊ မိန်းမက ဖူးဖူးမှုတ်ထားတာ"

"ဟင်··ဟုတ်ရဲ့လား၊ ဒီလူ့မှာ ဆေးကောင်းရှိတယ် ထင်တယ်နော်"

"ဘာလို့လဲ"

"ဟ ဘာဖြစ်ရမလဲ၊ မိန်းမ အတော်များများက ယောကျ်ားလုပ်စာကိုပဲ မှီခို သုံးဖြုန်းချင်ကြတာလေ၊ ခုဟာက ဆယ်တန်းမအောင်ဘဲနဲ့ ရှာကျွေးတဲ့ မိန်းမကလည်း ကြည်ကြည်ဖြူဖြူဆိုတော့ ဆေးကောင်းတစ်ခုခု···"

"ဟာ သိပ်ရှိတာပေါ့ကွာ"

"ဟင်··ဟုတ်လား၊ ဘာလဲ"

"မင်း လိုချင်နေလား"

"အဟင်း···အင်းပေါ့ကွာ၊ ဘယ်လောက် အိုကေတဲ့ကိစ္စလဲ"

"သူရိယ"

"ဟင် ဘာလဲ"

"မင်းမှာလည်း အဲဒီဆေး ရှိဘယ်ကွ"

"ဟင်···ဘာ"





"ငွေလေ···ငွေ၊ အဟာတ်···ဟာတ်"

"ဟာ···မင်းကလဲ၊ ငါက အဟုတ်မှတ်လို့"

"ဟ···အဟုတ် ပြောနေတာကွ"

"ဘာကိုလဲ"

"ငွေရှိတဲ့ကောင်ဆို ဘယ်မိန်းမမဆို မျက်နှာသာပေးတယ်လေကွာ၊ ဒီတော့ ငွေသာ ပစ်ထည့်လိုက်၊ ကိုကိုရေ··ထမင်း အဆင်သင့်၊ အဝတ်အစား အဆင်သင့်ပေါ့ကွာ···အဟား···ဟား"

"မင်းကလဲ···မဟုတ်တာ၊ အတော်ပြောတတ်တဲ့ကောင်"

"ဘာကိုလဲကွ၊ ဘာမဟုတ်တာလဲ"

"ဆယ်တန်းမအောင်တဲ့လူက ဘယ်ကငွေတွေနဲ့ မိန်းမကို ပေးနိုင်မှာလဲကွာ၊ ဟုတ်မှလည်း လုပ်စမ်းပါ ပုဏ္ဏားရာ"

"အံမာ···မင်း မသိဘဲနဲ့၊ ဟုတ်တာမှ ဟိုဘက်တောင် လွန်သေး"

"ဘယ်လို"

"သူ့မှာ မရှိပေမယ့် သူ့မိဘမှာ ရှိတယ်လေ၊ မိဘတွေကလည်း ကိုယ့်သားရဲ့ နောင်ရေးကို အရှည်တွေးပြီး အင်း···ငါတို့သားလေး ဒီအတိုင်းသာ ဆက်ထားရင် လူဖြစ်ဖို့ မမြင်ဘူး၊ ဒီတော့ လည်လည်ပတ်ပတ် လုပ်ကိုင်စားတတ်တဲ့ စီးပွားရေးဦးနှောက်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို အရင်းအနှီး ထုတ်ပေးပြီး၊ သားလေးနောင်ရေး စိတ်အေးရအောင် ကြံမှပဲဆိုပြီးတော့ လူရော၊ ငွေပါ ပံ့ထည့်ပေးလိုက်တော့ အဟဲ…မိန်းမက အရင်းအနှီးလည်းရ၊ လင်လည်းရ၊ ချမ်းသာတဲ့ ယောက္ခမလည်းရ ဆိုတော့ ကျေးဇူးတွေ စွတ်တင်ပြီး၊ ဒင်းကြောင့်ငါလည်း အရင်းအနှီး လုံလုံလောက်လောက်လေးနဲ့ စိတ်အေးလက်အေး စီးပွားလုပ်ခွင့်ရတယ်လေ့ဆိုတဲ့ ကျေးဇူးနဲ့ အိမ်ဦးနတ်မောင်မင်းကြီးသားကို တဖူးဖူးမှုတ်၊ အရေးပေး အလေးထားတော့တာကွာ၊ ကဲ…မင်းလည်း ဒီအတိုင်း ဖြစ်နိုင်ချေရှိတယ် မဟုတ်လား၊ သူရိုယ မင်းတို့အိမ်မှာ မင်းတစ်ယောက်တည်းပဲ ကျန်တော့တာကွာ၊ ရှိသမျှ စည်းစိမ် တိန့်တိန့်မြည်သွားအောင် သုံးပေတော့ပေါ့ကွာ၊ အဟား…ဟား”

ပုဏ္ဏကစကားကြောင့် သူ သဘောကျစွာ ရယ်မိပါတော့၏။

ဟုတ်တော့လည်း အဟုတ်သား။

သူ့မှာ အစ်ကိုသုံးယောက် ရှိပါသည်။ သူ့ဖေဖေ ဦးခင်ဇော်ထွန်းက ညွှန်ချုပ်။ သူ့မေမေ ဒေါ်သီရိက စိန်ပွဲစား။

ဘိုးဘွားလက်ထက်စဉ်ဆက် ချမ်းသာလာခဲ့တာမို့ ရွှေတောင်ကြားမှာ ခေတ်မီတိုက်လှလှကြီးနဲ့ တခမ်းတနား နေထိုင်နိုင်သည့် အဆင့်အတန်းပါ။





သားလေးယောက်ထဲမှာ သူက အငယ်ဆုံး၊ ကိုကြီး သီဟက အင်ဂျင်နီယာ၊ ကိုလတ် ထွန်းဝဏ္ဏက ဒေါက်တာ၊ ကိုငယ်ထွန်းဇေယျက တက္ကသိုလ်မှ ဒေါက်တာ၊ ကိုငယ်နဲ့ သူက ဆယ်နှစ်တိတိ ကွာပါသည်။ အငယ်ဆုံးသားထွေးလေးမို့ ဖေဖေရော၊ မေမေပါ သူ့ကို အလွန်ချစ်သလို…

အစ်ကိုသုံးယောက်စလုံးကလည်း ညီထွေးလေးမို့ ချစ်စနိုးရှိလှပါသည်။ တစ်မိပေါက်တစ်ယောက်ထွန်းဆိုသော စကားကို သူ သိပ် နားမလည်ပါ။

အစ်ကိုသုံးယောက်စလုံးက စာအလွန်တော်ကြသည်ဟု မေမေပြောတာ ကြားဖူး၏။ သူ့ကျမှ ဆယ်တန်းမှာ တဘုံးဘုံး ကျကျနေရတာ သူ မတော်လို့ဘဲ ဖြစ်ရမည်။

သူ အားမငယ်ပါ။ သိမ်ငယ်စိတ်လည်း လုံးဝ မဖြစ်မိပါ။

အဘယ်ကြောင့်ဆိုသော် ဆယ်တန်း ပထမတစ်ကြိမ်ကျစဉ်က သူ့ကို အားလုံးက ကြင်နာသနားလှစွာ အားပေးနှစ်သိမ့်ကြသည် မဟုတ်ပါလား။

“အားမလျှော့နဲ့ ကြားလား…သားငယ်၊ စာမေးပွဲရှုံးတာ ဘာမှ မဆန်းဘူးကွာ၊ ဒီနှစ်မအောင် နောင်နှစ်အောင်ရမှာပေါ့၊ စာတွေနှစ်ခါ လေ့လာရတော့ ပိုတောင် ကောင်းသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတွေက ထိုသို့ အားပေးခဲ့တာမို့ သူ ခပ်ပေါ့ပေါ့ပင် ပြုံး၍ ခေါင်းညိတ်ပြခဲ့ရသေးသည်။ မေမေကတော့ သားကြီးတွေတုန်းက အရှုံးဆိုသော ဝေါဟာရ မရှိခဲ့ဘူးတာမို့ သူ့အလှည့်ကျမှ ရှုံးတာကို သိလိုက်ရသည်နှင့် မျက်နှာ ညှိုးသွားရရှာ ပြောရှာ၏။

"ဖြစ်ရလေကွယ်...မေမေ့သားလေး စိတ်ဓာတ်မကျနဲ့နော်၊ ကျူရှင်ဆရာကောင်းကောင်း ငှားပေးမယ်နော် သား"

သူ ပြုံး၍ပင် ခေါင်းညိတ်ပြခဲ့ပါသည်။

ဖေဖေကတော့ သူ့ကို ပြုံးပြုံးကြီးကြည့်ကာ ပြော၏။

"သားငယ်...ရှုံးတဲ့အရသာသိမှ အောင်တဲ့အရသာကို လိုလားရမှန်း သိလိမ့်မယ်ကွ၊ ခုတော့ ရှုံးဖူးပြီဆိုတော့ အောင်မြင်မှာကို ဝမ်းသာအားရ ယူနိုင်ဖို့ပဲ လိုတော့တယ်"

သူ ပြုံးပြုံးလေးပင်၊ တကယ်တော့ သူ့အတွက် အရှုံးဆိုတာက ဘာမှ ဟုတ်တိပတ်တိ မခံစားရသလောက် ဧအးဆေးပင်။

ဟော...ခုတော့ ဒုတိယပိ သူ နှစ်ခါရှိစွာ ရှုံးပြန်လေပြီ။ တကယ့်ကို စိတ်ထဲ ဘာခံစားချက်မှ အထွေအထူး မရှိပါချေ။

ဝေလတို့နဲ့ တစ်နေကုန် လည်ပတ်ပြီးမှ သူ အိမ်ပြန်လာခဲ့ပါ၏။



## အခန်း (၂)

"ဟင် ဘယ်လို ကိုထွန်း၊ သားငယ် မပါဘူး ဟုတ်လား"

ကြားရသော စကားကိုပင် ဒေါ်သီရိ မယုံချင်၊ ခင်ပွန်းဖြစ်သူ၏မျက်နှာကို အသေအချာ အကဲခတ်၏။

မိမိကို တမင် ကျီစယ်နေတာများလား...မဟုတ်ပါ။

ခင်ပွန်း၏ မျက်နှာလည်း မကောင်းပါ။

ဒါ ဆို မိမိကြားရတာ တကယ်ပဲပေါ့။

အို...ဘုရားရေ။

ဘယ်လိုဖြစ်သွားရပါလိမ့်နော်။

သားငယ်...ရှုံးတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

တဒင်္ဂမျှ တိတ်ဆိတ်နေသော ညှော်ခန်းထဲမှာ လင်မယား နှစ်ယောက်တည်းမို့ အသက်ရှူသံကိုပင် အကျယ်ကြီး ကြားနေရ၏။

ဦးခင်ဇော်ထွန်းက သက်ပြင်းတစ်ခုကို မသက်မသာလေး ချလိုက်မိပြီးမှ...

"ဟုတ်တယ်...သီရိ၊ သားငယ် ရှုံးတယ်တဲ့၊ သူတို့ဝိုင်းက ကျန်လူတွေအားလုံး အောင်တယ်တဲ့လေ"

"ဟင်...ဟုတ်လား ကိုထွန်းရယ်၊ သီရိတို့သားလေး တစ်ယောက်ပဲ ကျတယ်ပေါ့၊ ဘုရားရေ...ဘုရား...ဘုရား ဒါ ဘယ်လိုများ..."

"ဆရာက ပြောတယ် သီရိ"

"ဟင်...ဘာ..ဘာလဲ ကိုထွန်း"

"သားငယ်က စာကို တလေးတစား မလုပ်ဘူးတဲ့၊ အပေါ် ယံ ပေါ့တီးပေါ့ဆလေး လုပ်တတ်တဲ့အကျင့်ရှိလို့ သူ အမြဲပြောနေရ တယ်တဲ့လေ"

"အို ...ဖြစ်ရလေနော်"

"အစကတည်းက ငါတို့ကို မျက်နှာနာရတဲ့လူတွေမို့ အားနာပြီး လက်ခံလိုက်ရတာပါတဲ့"





"ဟင်"

"သားငယ်က လူဆိုးလေး မဟုတ်ပေမယ့် ပြန်မပြော နားမထောင်ဆိုတော့ ကိုင်တွယ်ရ ခက်တယ်တဲ့"

"ဟင်...အဲဒီတော့"

"တစ်မျိုးမထင်စေချင်လို့ပါတဲ့၊ သားငယ်ကို သူ့ဝိုင်းမှာ လာပြန်အပ်မှာစိုးလို့ ကြိုပြီး အကြောင်းကြားရတာ နားလည်ပေးစေ ချင်ပါတယ်တဲ့"

"အို...ကိုထွန်းရယ်၊ ဒုက္ခပါပဲ"

"သူ့ဘက်က ပြောတာလည်း မမှားပါဘူးကွာ"

"ရှင်"

"ကိုယ့်သားကြောင့် ဝိုင်း နာမည်ပျက်ရတာပေါ့ကွာ၊ အားလုံး အောင်တယ်ဆိုတဲ့နာမည်ကို သူလည်း ခံယူချင်မှာပေါ့"

"ကိုထွန်းရယ်..ဒါဆို သားငယ်လေးရဲ့ အခြေအနေဟာ အတော့်ကို ဆိုးနေလို့လားရှင်၊ ဒီလောက်ပဲ ညံ့နေလို့လားရှင်"

"အေးကွာ...ကိုယ်လည်း မပြောတတ်တော့ဘူး သီရိရာ၊ ဒီကောင့် ဉာဏ်ရည် ဒီလောက်ဖြစ်လိမ့်မယ်လို့ မထင်ထားတာ၊ ပထမ တစ်ခါတော့ ခြေချော်လက်ချော် ဖြစ်တတ်တာပဲလေဆိုတဲ့ စိတ်နဲ့ နားလည်ပေးလိုက်တာ မှားသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်”

“ခု ဆရာပြောပုံဆို သားငယ်ရဲ့ရောဂါဟာ သာမန်ကုလို့ ရနိုင်မယ့်ပုံ မပေါ်ဘူး၊ သီရိ”

“ရှင် ကိုထွန်း”

“အေးကွာ…ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ သီရိရာ”

“ဟင်”

ထိုစဉ် ဖုန်းက တတီတီ မြည်လာသဖြင့် ဦးခင်ဇော်ထွန်း ယူနားထောင်လိုက်တော့ သားကြီး ထွန်းသီဟ ဖြစ်နေ၏။

“ဖေဖေ…ကျွန်တော်ပါ၊ သားငယ် အခြေအနေ သိချင်လို့”

“အေးကွာ…သီဟ ကျတယ်တဲ့”

“ဗျာ”

“ဟုတ်တယ်…ဖေဖေတို့လည်း ဘာလုပ်ရင် ကောင်းမလဲလို့ ခုပဲ အဲဒါ ပြောနေတာ”

“သားငယ်ရော ရှိနေလား ဖေဖေ”

“မရောက်သေးဘူးကွ”

“ဟင်..စိတ်ညစ်ပြီး လျှောက်သွားနေတာများလား ဖေဖေရာ”





သီဟက တစ်မျိုး…

ညီငယ်လေး ရှုံးတာကို အတွေးတစ်မျိုး ပေါက်ကာ စိုးရိမ်နေပြန်၏။

“သူငယ်ချင်းတွေနဲ့ ရှိနေမှာပေါ့ကွာ၊ လာမှာပါ”

“ဖေဖေ”

“အင်း”

“ဆူမှာစိုးလို့ မပြန်လာရဲမှာစိုးလို့ပါဗျာ”

“အဟင်း…ဘယ်တုန်းက ဆူဖူးလို့လဲကွာ၊ နှစ်ခါဆက်ကျတယ်ဆိုတော့ ဖေဖေတို့လည်း စဉ်းစားနေရတာပေါ့ကွာ”

“ဆက်ဖြေခိုင်းရမှာပေါ့ ဖေဖေရာ”

“အေးပေါ့…ဒါပေမယ့် သူ့သင်ပေးတဲ့ဆရာက စာစောစီးစီး အလံဖြူ ပြလိုက်ပြီလေ”

“ဗျာ ဖေဖေ”

“သားငယ်ကလွဲရင် သူ့ဝိုင်းက အားလုံးအောင်တယ်တဲ့ကွာ”

“ဟုတ်လား”

“ပြန်မပြော..နားမထောင်၊ ပေါ့တီးပေါ့ဆလေးမို့ ကိုင်တွယ်ရ ခက်တယ်တဲ့လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဖေဖေတို့ကို အားနာပြီး မျက်နှာနာရလို့သာ အရင်နှစ်က လက်ခံရတာပါတဲ့ကွာ၊ ဒီနှစ်အတွက်တော့ ဆောရီးပဲဆိုတဲ့ သဘော ပေါ့ကွာ"

"ဟာဗျာ…ပြဿနာပဲ၊ ကိစ္စမရှိဘူး ဖေဖေ၊ ကျွန်တော့် သူငယ်ချင်းတွေထောင်ထားတဲ့ ဘော်ဒါတွေ ရှိပါတယ်၊ နာမည်ကြီး တွေပဲ၊ တစ်ခုခုမှာ ပြောပြီး အပ်လိုက်တာပေါ့ဗျာ"

"နေဦး…သီဟ"

"ဗျာ…ဖေဖေ"

"ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ကွာ၊ ဒီကိစ္စ ဖေဖေတို့ ဆန္ဒတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့ မဖြစ်ဘူး သီဟ"

"ဘာကိုလဲ ဖေဖေ"

"အဓိကက ကာယကံရှင် သားငယ်ရဲ့ ဆန္ဒပဲလေ၊ သူ နားလည်လက်ခံဖို့ လိုတယ် မဟုတ်လားကွာ"

"ဪ…ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် သဘောပေါက်ပြီ"

"အေးကွာ…ဘာပဲဖြစ်ဖြစ် ဖေဖေတို့မှာ ချို့ယွင်းချက် တစ်ခုခု ရှိနေလို့ဖြစ်မှာပေါ့ သီဟရာ၊ သားငယ်အပေါ် လျှော့တွက်ခဲ့ မိတာကိုး"





"ညနေမှ ကျွန်တော်တို့ လာခဲ့ပါဦးမယ် ဖေဖေ"

"အေး…အေး"

"မေမေရော ဘယ်လိုနေလဲ ဖေဖေ"

"အဟင်း…အံ့သြ ဝမ်းနည်း ဖြစ်နေတာပေါ့ကွာ၊ အမေ ကိုး…ကိုယ့်သား ရှုံးတာကို ဘယ်ကြားချင်ပါ့မလဲ၊ ကဲ…ကဲ ဒါပဲနော် သီဟ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖုန်းချလိုက်သည်နှင့် နောက်ထပ် ဖုန်းခေါ်သံတွေက တတီ တီနှင့် ဦးခင်ဇော်ထွန်း ယဲ့ယဲ့လေး ပြုံးကာ…

"အလတ်ကောင်လား…အငယ်ကောင်လားပဲကွာ"

ထင်သည့်အတိုင်း သားလတ်ဝဏ္ဏထံမှ ဖုန်းပင်…

"ဖေဖေလား…သားငယ် ကျတယ်ဆို"

"အေးကွာ…ဘယ်လိုကြားလဲ ဝဏ္ဏ"

"သားငယ်တို့ဝိုင်းမှာ ဖြူစင့်ကာစင်လေး ပါတယ်လေ၊ သူ ဆက်တာပေါ့၊ သူတို့တစ်ဝိုင်းလုံး အောင်တဲ့အထဲမှာ သူရိယ တစ်ယောက်ပဲ ရှုံးတာတဲ့"

"ကောင်းတာပေါ့ကွာ…ထူးထူးခြားခြားလေး ဖြစ်သွား ရော မဟုတ်လား၊ ခုပဲ သီဟဆီက ဖုန်းလာပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

"အင်း"

"သားငယ်ကို ဘယ်လိုလုပ်မလဲ ဟင်"

"အေးကွာ…စဉ်းစားတာပေါ့"

"တစ်ခါမဟုတ် နှစ်ခါဖြစ်ပြီဆိုတော့ ပေါ့ပေါ့တွေးလို့ မရတော့ဘူးနော် ဖေဖေ၊ ဒီအတိုင်းသာ ဆက်သွားရင် သားငယ် မျက်နှာငယ်လိမ့်မယ် ဖေဖေရာ"

"အေးပေါ့ကွာ…တစ်ခုခုတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ရမှာပေါ့ကွာ"

"ဖေဖေ"

"အင်း"

"စည်းကမ်း အရမ်းတင်းတဲ့ ဘော်ဒါတစ်ခုခုမှာ အပ်လိုက်ရင် ကောင်းမယ်ထင်တယ်ဗျာ"

"သီဟလည်း ဒီလိုပဲ ပြောတယ်၊ သူ့သူငယ်ချင်းတွေ ရှိတယ်တဲ့၊ ဖေဖေ သားငယ်နဲ့ သေချာ ဆွေးနွေးကြည့်ဦးမယ်ကွာ"

"ဆွေးနွေးမယ်"

"အင်း သူ့ဘဝအတွက် သူ ဆယ်တန်းအောင်မှ ဖြစ်မယ်ဆိုတဲ့ ခံယူချက်လေးရှိမှ ဖေဖေတို့စီစဉ်ပေးတာကို သူ လက်ခံမှာပေါ့ကွာ"





"သူ နားလည်အောင် ဖေဖေ ပြောနိုင်မှာပါ ဖေဖေ"

"အဟင်း…ဟုတ်လားကွာ၊ ဖေဖေတော့ သားငယ်ကြောင့် လက်မြှောက်ရတော့မလားဘဲ ဝဏ္ဏရာ"

"မဟုတ်တာ ဖေဖေရာ၊ သားငယ်က လိမ္မာတဲ့ ကလေးပါဗျာ၊ ပြောရင် သဘောပေါက်မှာပါ"

"အင်း…အင်း ကြိုးစားရတာပေါ့ကွာ"

"ညနေမှာ ကျွန်တော်တို့ လာခဲ့ပါ့မယ် ဖေဖေ"

"အေး…အေး"

သူ ဖုန်းပြောနေစဉ် ဇနီးဖြစ်သူကလည်း သူမ၏ ဆဲလ်ဖုန်းလေး မြည်လာသဖြင့် ဖုန်းပြောနေလေသည်။ တတိယသား ထွန်းဧယျဖုန်းပင်။

"အင်း…အင်း ကောင်းပြီ ဧယျ၊ ညနေမှ အိမ်မှာ ထမင်းစားပေါ့၊ မေမေ ချက်ထားမယ်"

ဖုန်းကို အသာပိတ်လိုက်ပြီးမှ ဒေါ်သီရိက…

"ဧယျလေ…သူ့ညီအတွက် အတော်လေး စိုးရိမ်နေရှာတယ် ကိုထွန်းရယ်၊ လုံးဝကို မထင်ထားဘူးတဲ့လေ"

"သီရိ"

"ရှင် ကိုထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"သားငယ် ရှုံးရတာ ကိုယ်တို့တာဝန်မှ ကင်းရဲ့လားလို့ကွာ၊ အဲဒါ စဉ်းစားမိတယ်"

"ဟင့်…ရှင် ဘယ်လို"

"ဝိုင်းကောင်းကောင်းမှာ ကြေးကြီးကြီး ပေးပြီး အပ်လိုက်တာနဲ့ လှည့်ကြည့်စရာ မလိုတော့ဘူးလို့ ထင်ထားတာ မှားနေတာကိုး"

"ဟင်"

"အခု လက်တွေ့ပဲလေ၊ သူများတွေအားလုံး အောင်ပြီး သူ ရှုံးတာ သက်သေပြနေပြီ၊ သူများတွေလို သူ ကြိုးစားအားထုတ်မှု နည်းလို့ပေါ့"

"ဟင်"

"ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးသုံးဖလှယ် ကိုယ့်တာဝန် ကိုယ်ကျေပြွန်မှ အောင်မြင်မှုကို ရတာဆိုတော့ မိဘနဲ့ ဆရာက ဘယ်လိုပဲလျှော်လျှော်၊ ကျောင်းသားက ဘေးထွက်နေရင် ဒီလျှော်ကြီး ပန်းတိုင် ဘယ်ရောက်တော့မလဲကွာ၊ ကျောင်းသားကပါ တက်ညီ လက်ညီလျှော်မှ ဖြစ်တာလေ"

"ကိုထွန်း…အခု ဘယ်လို စဉ်းစားထားလဲဟင်"

"ဒီကောင့်ကို ပညာပေးရမှာပေါ့ကွာ"





"ရှင် ဘယ်လို"

"ဘဝအတွက် မိဘကို တစ်သက်လုံး အားကိုးသွားချင်တဲ့ စိတ်ဓာတ်ကို ဖယ်ရှားပေးပြီး သူ့အား သူကိုးတတ်သွားအောင် ကိုယ်တို့လမ်းကြောင်း တည့်မတ်ပေးရမှာပေါ့ သီရိရာ"

"ကိုထွန်း…"

"သားငယ်ရဲ့ အသိဉာဏ်ထဲမှာ ထမင်းဆိုတာ ထမင်းအိုးထဲက၊ ငွေဆိုတာ မီးခံသေတ္တာထဲက ရတာဆိုတာလောက်ပဲ ရှိတာကွာ၊ ဆယ်တန်းမအောင်ရင် လူ့အောက်ကျရတယ်ဆိုတဲ့ အသိလေး ဝင်လာအောင် လုပ်ရမှာပေါ့ကွာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

အရောင်အသွေးကျစွာ စိုထွားစွင့်ကားနေကြသော ဟော်လန်သစ္စာနှင့် ဂန္ဓမာအဝါနှင့် အဖြူများကိုကြည့်ကာ ပျို့မဒီ ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

ဒါပဲလေ…ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့။ ကိုယ့်ခြံ ထွက်ပန်းတွေက ပြုစုဂရုစိုက်မှုပေါ်မှာ တုန့်ပြန်အကျိုးပေးတာ ထင်ပါရဲ့။

ရောင်းရတာ တကယ်စိတ်ချမ်းသာ ကြည်နူးရတာ အမှန်ပါ။

အစက မေမေ့အပျင်းပြေ ဝါသနာအရ အပျော်တမ်းစိုက်ခဲ့ ပေမယ့် မထင်မှတ်ဘဲ မေမေက လက်ဖြစ်နေတာ အံ့ဩစရာကောင်း





လောက်အောင်ကို ပန်းတွေက ဖြစ်ထွန်းလာတာမို့ ဘုရားတင်လည်း မကုန်။ အိမ်နီးချင်းဝေတာလည်း ပိုနေသေးတာမို့ ရောင်းဖြစ်သွားခဲ့ တာ။

"ဒေါ်အေးမြခြံက ပန်းတွေဆို လှုလည်းလှု၊ ခံလည်းခံလိုက် တာ၊ ရေသာမှန်မှန်လဲပေးနေရင်လား ဆယ်ရက်လောက်တော့ အေး အေးဆေးဆေးပဲ"

ဆိုသော ထောက်ခံမှုတွေကြောင့် ထပ်တိုးကာ စိုက်ရင်းချဲ့ ရင်း ပော…ခုဆို မေမေ့ပန်းခင်းတွေက ကျယ်ကျယ်ပြန့်ပြန့်လေး ဖောက်သည်ပေးနေရသည့် အနေအထားထိ ရောက်နေလေပြီ။

ဝေလီဝေလင်းမှာ ရပ်ကွက်ဈေးက ပန်းဖောက်သည်တွေ ပန်းယူပြီး ထွက်သွားတော့မှ မေမေ အသင့်ပြင်ထားသော ထမင်း ကြော်နဲ့ ကော်ဖီကို သားအမိသုံးယောက် စားသောက်ကြရ၏။

ပြီးလျှင် မဒီက ဖေဖေနဲ့အတူ ဖေဖေ့ကြက်ခြံကို လိုက်ရပါ သည်။ ဥစားကြက်များ မွေးထားသော ဖေဖေ့ကြက်ခြံကလည်း အလုပ်သမား ဆယ်ယောက်ခန့်နှင့် ပိုင်ပိုင်နိုင်နိုင် လည်ပတ်နေပါ၏။

ကြက်ခြံမှာတော့ မဒီ့အလုပ် မရှိပါ။ သို့သော် အလုပ်သမား တွေက တစ်ခုခုဆို ဖေဖေ့ကို သိပ်မပြောရဲကြသဖြင့် မဒီပါသွားလျှင် မဒီ့ကိုတော့ ရင်းနီးပွင့်လင်းစွာ ပြောဆိုတတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အလွန် စည်းကမ်းကြီးပြီး စေ့စပ် စနစ်ကျသူမို့ လူမှန်လူဖြောင့် ဘုကန့်လန့်ကြီးဟုပင် ပြောလျှင်ရ၏။

ဖေဖေ့ကို ကြောက်၍ အလုပ်သမားတွေက စကားပင် ဟဟ မပြောရဲကြရှာပါ။ ဥပမာ···နေမကောင်းတာကိုပင် မပြောရဲ၊ ကြိတ်မှိတ်လုပ်ကာ အခြေအနေဆိုးတော့မှ သိလိုက်ရတာမျိုး ခဏ·· ခဏ။

မဒီက ကရုဏာသက်စွာ မေးရတော့၏။

"နေမကောင်းတာ ဘာလို့မပြောလဲ"

"ဦးလေးကို ကြောက်လို့ပါ"

"ဟဲ့···သြော် မဟုတ်တာ၊ နေမကောင်းဖြစ်နေတာ ပြောရမှာပေါ့၊ အနားယူရမယ်၊ ဆေးသောက်ရမယ်၊ ကြောက်လို့ မပြောဘဲနေရင် သေသွားရင် ဘယ့်နှယ့်လုပ်မလဲ"

"မမလေးရာ···သေကာမှသေရော၊ ဦးလေးက အပြောလည်း ရက်စက်တယ်ဗျ"

"ဟင်···ဘာပြောလို့လဲ"

"မင်းတို့ကောင်တွေက အတူတူပဲ၊ အပျင်းတွေ··· လက်ကြောမှ မတင်းတာ၊ ဖင်နာခေါင်းနာ အကြောင်းပြဖို့ပဲ တတ်တယ်တဲ့"





"အကျိုးအကြောင်း သေချာ ပြောပြရမှာပေါ့၊ ဟဲ့···ဖေဖေ ပြောသလို တချို့ အဲဒီလိုတွေရှိလို့ ဖြစ်မှာပေါ့"

"ဟုတ်ကဲ့···ရှိတဲ့လူတွေပြောတာ ကျွန်မဟုတ်တဲ့လူတွေပါ တွန့်ကုန်တော့ မမလေးရာ ဦးလေးက ပြောတယ်"

"အင်း···ဘာလဲ"

"အလုပ်လုပ်နေတဲ့လူဟာ တော်ရုံတန်ရုံ နေထိုင်မကောင်း မဖြစ်နိုင်ဘူးတဲ့"

"ဘာလို့တုန်း"

"လှုပ်လှုပ်ရှားရှားလေး ပုံမှန်လေ့ကျင့်ခန်းဖြစ်ပြီး၊ ကျန်းမာရေးတောင် ကောင်းသေးတယ်တဲ့"

"အင်း···ဟုတ်သားပဲ၊ ဖေဖေ့အကြောင်းလည်း နင်တို့ သိသားနဲ့၊ ဖေဖေက သူကိုယ်တိုင်ကို အရမ်းအလုပ်လုပ်တဲ့လူလေ၊ ခိုကပ် ပျင်းတွဲ ဘော်ကြော့နေတဲ့လူတွေဆို နှစ်ပြားမတန်အောင် ပျစ်ပျစ်နှစ်နှစ်ကြီးကို ပြောထည့်တတ်တော့ အပေါက်ဆိုးတယ်ပေါ့ ဟာ၊ ဒါပေမယ့် ဖေဖေ့စိတ်က သူ့အလုပ်သမားတွေအပေါ်မှာ အမြဲ တမ်း အလေးထားတာ စေတနာလည်း ထားပါတယ်ဟာ၊ နင်တို့ သိပါတယ်လေ"

"ဟုတ်ကဲ့···သိပါတယ် မမလေးရာ၊ ဦးလေးက ဆုပေး



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ပေးစနစ်လည်း သုံးတာဆိုတော့ ဆုချသင့်တဲ့လူဆို ဘောက်ဆူးနဲ့ အဝတ်အစားတွေ ဝယ်ပေးလို့ အဲဒါတစ်ခုတော့ ချစ်ဖို့ကောင်းသား"

"အဲဒါပဲ…လူ့သဘာဝပဲလေ၊ ကိုယ့်ဘက်က အသာရရင်တော့ သဘောကျမယ်၊ နည်းနည်းလေး နာသွားမယ်ဆိုရင်လား တွက်လိုက်မယ့်ဖြစ်ခြင်း၊ ဒါပေမယ့်…နင်တို့ နားလည်ပါတယ်နော်၊ ဖေဖေက သူ့အလုပ်သမားတွေအပေါ် ဘယ်တော့မှ ခေါင်းပုံဖြတ် အမြတ်ထုတ်တာ မလုပ်တတ်ပါဘူးဟာ"

"ဟုတ်ကဲ့…မမလေး သိပါတယ်ဗျာ၊ အဲဒါကြောင့်လည်း ကျွန်တော်တို့ ဒီနေရာမှာ မြဲနေတာပေါ့ဗျာ"

"အေး…နင်တို့ သဘောပေါက်ရင် ပြီးတာပဲလေ၊ နှုတ်ချိုလက်တိုတဲ့၊ အပြောဆိုးပေမယ့် သဘောမဆိုးဘူးဆိုတာ ဒါပဲ"

"ဟုတ်ကဲ့…မမလေး"

ပြောသာပြောရ၊ ကိုယ့်အဖေဆိုတော့လည်း ကာကွယ်ဖာထေး ပြောရတော့မှာပဲ။

အလုပ်သမားတွေ ဖြစ်လည်းဖြစ်စရာ။ ဖေဖေက သူကိုယ်တိုင် ဘဝကို အောက်ခြေက စခဲ့ရသူမို့ လူတိုင်းကို သူ့လို ဖြစ်စေချင်နေ၏။

ဖြစ်မတဲ့လား။





လူချင်း စရိုက်ချင်း ဗီဇသန္ဓေချင်းမှ မတူကြတာ။

ဆင်းရဲသား လက်လုပ်လက်စားတွေဆိုတာက အခြေခံအတန်းပညာဆိုလို့ သုံးလေးတန်းအောင်ဖို့ကိုပင် အနိုင်နိုင်။

ဒီတော့ အတွေးအခေါ်၊ အသိဉာဏ်တွေ မဖွံ့ဖြိုးကြတာဘာမှ မဆန်း။

ပင်ကိုယ်ဗီဇ နိမ့်ပါးသူတွေဆို အချောင်ခိုလိုစိတ်တွေ ဖြစ်၊ လစ်လျှင် လစ်သလို အပါးခိုတတ်ကြတာမို့ ဖေဖေ တွေ့သွားလျှင်…

"အေး…ချွေးဖြစ်မယ့်ကောင်၊ ပြာပုံတိုးဆိုတာ ဒါမျိုးပဲကွ၊ များများခို၊ ထမင်းဝလိမ့်မယ် ဟုတ်လား"

သန့်ရှင်းရေးသမားကလည်း မသေမသပ် လုပ်ထားတာဆို…

"မင်း ဒါလောက်ပဲ လုပ်တတ်လားကွ၊ သန့်ရှင်းအောင် လုပ်နိုင်းပါတယ်ဆိုမှ ဟိုကျန်ဒီကျန် ကန်းနေလား ပြန်လုပ်"

ကြက်စာတွေ ဘေးထွက်နေတာ တွေ့လျှင်လည်း…

"ဟော့··ဟော့၊ ကြက်စာတွေ အထဲဝင်အောင် မထည့်နိုင်တာ မင်းလက် လေဖြတ်ခံထိထားလို့လားကွ၊ မဖိတ်စေနဲ့၊ အလကားရထားတာ မဟုတ်ဘူး၊ ငွေနဲ့ ဝယ်ထားရတဲ့ ကြက်စာတွေကွ၊ မင်းတို့တွေ ဒါကြောင့်လည်း လူစဉ်မမီတာ၊ အလုပ်ကို ပေါ့တီးပေါ့ဆနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြင်သမျှ ပုံစံမကျလျှင် ဖေဖေ့ပါးစပ်သေနတ်အောက်မှာ ခံပေရော့။

ဒီတော့ တချို့တွေ မခံနိုင်၍ အလုပ်ထွက်ကြ၏။ ထွက်လည်း ဖေဖေက ဂရုမစိုက်။

"အေး…ငါ့စေတနာ၊ ငါ့စည်းကမ်းကို နားမလည်တဲ့ကောင် ဂျောင်းပဲ၊ လောကမှာ ယူတတ်ရင် လေ့လာစရာ ပညာတွေချည်း၊ ငါလည်း တစ်ချိန်က မင်းတို့လိုပဲ ဘဝကို သုံညက စလာခဲ့တဲ့ကောင်မို့ ဘာကိစ္စကိုမဆို အလေးအနက်ထားစေချင်တယ်၊ စည်းနဲ့ကမ်းနဲ့ ရှိစေချင်တယ်၊ ဒါမှပဲ လူဖြစ်ရတာ အဓိပ္ပာယ် ရှိတော့မှာပေါ့ကွာ"

ဖေဖေက အဲသလို တွေးပေမယ့် အလုပ်သမားတွေက ဖေဖေ့ကွယ်ရာမှာ…

"မမလေးရာ…ဦးလေးပြောတာ နားလည်ပေမယ့် အပြောက ဆိုးတော့ ခံရတဲ့လူက သူ မှားနေပေမယ့် ပြင်ဖို့ထက် ဝသ က ပါနေတော့ အကျင့်လို ဖြစ်နေပြီလေ၊ ဥပမာ…နေ့ခင်းဖက် အလုပ်ပင်ပန်းလို့ ညဥ့်ကျ ဗွီဒီယိုရုံ သွားရင်…"

"မင်းတို့က ပိုက်ဆံအတော်ပေါနေလားကွ၊ အလကားသွားဖြုန်းနေတယ်တဲ့၊ အဟင်း…တကယ်တော့ စိတ်ပြေလက်





ပျောက် သွားကြည့်တာပါဗျာ၊ ပိုက်ဆံပေါလို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်တို့မှာ စိတ်ဖြေစရာ ဒါပဲ ရှိတာ"

မောင်ကျော်ပြောတာလည်း ဟုတ်တုတ်တုတ်။ ဖေဖေကအပို ဘာမှ မသုံးတတ်သူပီပီ၊ အရက်မပြောနဲ့၊ ကွမ်းနှင့်ဆေးလိပ်ကိုပင် မသောက်တတ်သူမို့ သူ့လူတွေ အရက်တမြမြ၊ ကွမ်းတမြုံ့မြုံ့၊ ဆေးလိပ်တဖွာဖွာ တွေ့မိပါလျှင်…

"မင်းတို့ကောင်တွေ ရောဂါကို ဝယ်စားနေကြတာကိုး၊ ငါပြောတာ နားလည်ရဲ့လား"

တစ်ယောက်မှ ပြန်မပြောရဲ၊ ခေါင်းငုံ့နေကြတော့မှ…

"ငါပြောမယ်…သေချာမှတ်ထား၊ အရက်သောက်တဲ့ကောင်က အသည်းခြောက်ရောဂါနဲ့ သေလိမ့်မယ်၊ မသေမချင်း အရက်ကျေးကျွန်အဖြစ်နဲ့ လူတွေ နှာခေါင်းရှုံ့မယ်..ရှောင်မယ်..လူတောထဲ တိုးမရတဲ့အဖြစ်နဲ့ မိသားစုပါ သိမ်ငယ်အောက်ကျပေရော့ပဲ"

အရက်သောက်တတ်သော ဦးစံဘတစ်ယောက် မျက်နှာအပျက်ကြီးပျက်၏။

"ကွမ်းယာလေးကို အပျော်အပျက်စားရင်နဲ့ ကွမ်းငုံတတ်တဲ့ကောင်လည်း ပါးစောင်ကင်ဆာ၊ လည်ချောင်းကင်ဆာနဲ့ ကြွဖို့ အသေအချာဆိုတော့ များများသာ ငုံပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစားထားသော မောင်ပုတစ်ယောက် အထိတ်တလန့် ဘေးထွက်ကာ တထွီထွီ ထွေးထုတ်နေတော့၏။

"အင်း...အရက်နဲ့လေး တပေးပေးနဲ့ ဆက်ရက်မင်း စည်းစိမ်ဆိုတဲ့ နေညိုရင် လေတပျို့ပျို့ ဖြစ်နေတတ်တဲ့ ကိုကြီးကျော် ဂိုဏ်းဝင်တွေလည်း မသိဘဲတော့ မနေဘူး၊ ကိုယ့်ပါမစ် ကိုယ်ယူနေကြတာမှ အရက်သောက်လိုက်၊ ဆေးလိပ်လေး ဖွာလိုက်နဲ့ သိပ်ဟုတ်နေတာကိုး၊ ဆေးလိပ်သမားကတော့ တီဘီရောဂါကနေ စလိုက်တာ အဆုတ်ကင်ဆာမှာ သွားဆုံးတာလောက်ပဲ ရှိတတ်တော့ လုပ်ပေါ့၊ လုပ်ကြပေါ့ကွာ၊ အသည်းဇကာပေါက်နဲ့ သေမလား၊ လည်ချောင်းကင်ဆာနဲ့ သေမလား၊ အဆုတ်ကင်ဆာနဲ့ပဲ သေမလား၊ ရွေးပေတော့"

ဖေဖေ့တရားကြောင့် တော်တော်များများ အရက်၊ ဆေးလိပ်၊ ကွမ်းတွေ ပြတ်သွားကြ၏။

ဖေဖေက သူကိုယ်တိုင်လည်း အရက်၊ ဖဲ၊ ဆေးလိပ်၊ ကွမ်း၊ မိန်းမ ကင်းရှင်းသူမို့ လက်မထောင်ကာ ခပ်မာမာ ပြောနိုင်သလောက် သူ့ကိုယ်သူလည်း အလွန်အထင်ကြီးသူ ဖြစ်၏။

နေရာတကာ စည်းစနစ်ကြီးကာ တိကျသေချာတတ်သော ဖေဖေ့စည်းကမ်းအောက်မှာ အဓိက အနီးကပ်ခံနေရသူက မေမေနဲ့ ပျိုမဒီပင်တည်း။





အရေးတကြီး မဟုတ်ပေမယ့် အသေးအဖွဲ့ကိစ္စ အတော်များများမှာ အလွန် ကသိကအောက် ဖြစ်ရပါသည်။

ဥပမာ တစ်ခု...

ဖေဖေက လက်ဖက်ရည်ကြိုက်သူ၊ ထမင်းကြော် ကြိုက်သူမို့...

မနက်စာအတွက် တစ်ခါတရံ လက်ဖက်ရည် အရသာလေး လိုအပ်ချက် ဖြစ်သွားလျှင်...

"မအေးမြ...မင့်လက်ဖက်ရည်ကလည်း နွားသေးနဲ့ အတူတူပဲကွာ၊ ဘာလို့လဲ...မင်းလျှာမှာ ဘာရောဂါဖြစ်နေလို့လဲ၊ မြည်းလည်း မြည်းကြည့်ဦးမှပေါ့ကွာ"

တကယ်တော့ အချိုပေါ့နေတာပင်။

မေမေက အလွန် စိတ်ရှည်သည်းခံတတ်သူပီပီ မျက်နှာမပျက်ဘဲ ပြောပါ၏။

"ကျွန်မ အချိုနည်းနည်း လျှော့ထားလို့ပါ ကိုကျော်အောင်၊ အသက်ကြီးလာရင် အချိုနည်းနည်း ဆင်ခြင်ရမလားလို့"

ဖေဖေရာ မေမေပါ အလွန်ကျန်းမာတာမှ ဘာရောဂါမှ မရှိ။ မေမေ့စကားကို ဖေဖေက...

"ဘာလဲ...ဆီးချိုဖြစ်မှာကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တော်စမ်းပါကွာ…ဒီလောက် အလုပ်လုပ်နေတဲ့ခန္ဓာကိုယ်ကြီးလား ဆီးချိုကပ်နိုင်မှာ၊ လက်ဖက်ရည်လေးတစ်ခွက်တော့ အရသာရှိရှိပဲ သောက်ချင်တယ်ကွာ၊ ခါတိုင်းလိုသာဖျော်ဟုတ်လား"

"ကောင်းပါပြီ"

တစ်ခါတုန်း ပစ္စည်းတစ်ခုခု ဖေဖေက သူ့ဟာသူ နေရာအထားမှား၍ ရှာမတွေ့လျှင်…

"မအေးမြ…ဒီမှာ ငါထားထားတဲ့ ရေဒီယိုလေး ဘယ်ရောက်သွားလဲ"

မေမေက မအားသည့်ကြားထဲက လာရှာပေးရ၏။

"ရှင်ထားထားတဲ့ နေရာမှာပဲ ရှိမှာပေါ့ရှင်၊ ဘယ်သူမှ မကိုင်ပါဘူး"

"ဟ…မကိုင်ရင် နေရာရွေ့ပါ့မလားကွ"

"ကျွန်မက ဘာလုပ်ဖို့ ကိုင်ရမှာတုန်းရှင်"

ခုတင်ဘေး ခေါင်းအုံးကြားလှန်လှောရှာမှ သူ့ခေါင်းအုံးအောက်မှ တွေ့ရတာကိုပင်…

"မင်း ထိုးထည့်ထားတာ ဖြစ်မှာပေါ့ကွာ"





တဲ့လေ…ကဲ။

မေမေ ဘာမှ မတုန့်ပြန်ပေမယ့် မဒီ တကယ် အခံရခက်လှတာမို့ ဖေဖေ့ကွယ်ရာမှာ…

"တကယ်ပဲ မေမေရာ၊ ဖေဖေ့လုပ်ပုံတွေက စိတ်တိုချင်စရာကြီး"

"မပြောပါနဲ့ကွယ်…သူလည်း ဆန္ဒစောပြီး ရုတ်တရက်ရှာမတွေ့တာ၊ သူဟာသူ မေ့လို့ဖြစ်မှာပေါ့"

"သူမေ့တာကလည်း မေမေ့ကို လာထိခိုက်တာ ဆိုးတာပေါ့"

"သမီး…ကိုယ့်အဖေကို အပြစ်မမြင်ရဘူးနော်၊ ငရဲ ကြီးတတ်တယ်"

"အင်းပါ…မေမေရယ်၊ မဒီတော့ သင်ခန်းစာ ရလိုက်တာပေါ့"

"ဘာလဲ သမီး"

"ဖေဖေ့ကိုကြည့်ပြီး အိမ်ထောင်ပြုချင်စိတ် လုံးဝ မရှိတော့ဘူးလေ"

"ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရှင်...ကိုထွန်း ဘာပြောတယ်"

"သားငယ်ကို ကျော်အောင့်ဆီ ပို့မယ်လို့လေ"

"ဟင်...ကျော်အောင်ဆိုတာ ဟို နယ်မှာနေတဲ့ မွေးမြူရေးလုပ်တဲ့.."

"ဟုတ်တယ်...သူပဲ"

"အို...ဘယ်ဖြစ်မလဲ ကိုထွန်းရယ်၊ သားငယ်ကို ဘော်ဒါတစ်ခုခုမှာ အပ်ပေးရမယ် မဟုတ်လားလို့"

"ငါ စဉ်းစားပြီးပြီ သီရိ"

"ရှင်"

"ဒီကောင် ဘော်ဒါအပ်လည်း မထူးဘူး"





"အို...မဟုတ်တာ၊ ဆယ်တန်းအောင်အောင် ဘော်ဒါကောင်းကောင်းမှာ အပ်မှပေါ့ရှင်၊ အချိန်က နောက်တောင်ကျနေပြီ"

"နေပါစေ...သီရိ၊ ဒီနှစ် မမီလည်း နောင်နှစ်ပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ"

"ကိုထွန်း ဘယ်လိုပြောလိုက်တာလဲ"

"ဘာကိုလဲ"

"သီရိတော့ နားကိုမလည်နိုင်တော့ပါဘူးနော်၊ ဆယ်တန်းရှုံးတဲ့ သားငယ်ကို စာဆက်သင်ပေးတဲ့နေရာ မပို့ဘဲနဲ့ နယ်ကို ပို့တာ ဘယ်လိုသဘောလဲလို့"

"ဘယ်လိုမှ မဟုတ်ဘူး သီရိ၊ သူ့ဦးနှောက်ထဲကို အသိတရားလေး ထည့်ပေးချင်လို့"

"ရှင်...ကိုထွန်းရယ်၊ ရှင့်ပြောပုံကြီးက သီရိတို့သားမှာ အသိတရား မရှိရာ ကျနေတာပဲ"

"အေးလေ..မရှိလို့ ဒီကောင် တစ်နှစ်ပြီးတစ်နှစ် တဘုံးဘုံး ကျနေတာ မဟုတ်လား၊ ဒီတော့ သူ့ဦးနှောက်ထဲကို အသိဉာဏ်လေး ရှိလာအောင် အရင်လုပ်ပေးရမယ်ကွ၊ နာမည်ကြီး ဘော်ဒါတွေက ဆရာကောင်းတွေ ဘယ်လောက်တော်တော် မင့်သားခေါင်းထဲမှာ လိုလား လက်ခံ လေ့လာမှတ်သားဖို့ အသိတရား မရှိသေးရင် အလ



www.burmeseclassic.com

www.burmeseclassic.com



ကားပဲ”

“ကိုထွန်းရယ်…ရှင့်ပြောပုံကြီးက ကိုယ့်သားကိုယ် မဆုံးမနိုင်လို့ သူများဆီ ပုံစံအပေးခံနိုင်းသလို ဖြစ်နေပြီ”

“အဟုတ်ပဲ…အဲဒီသဘောပဲလေ၊ အိမ်မှာဆို ဒီကောင်က လွှတ်ချင်တိုင်း လွှတ်နေတာ၊ သူများအိမ်မှာဆို ဒီအချိုး ဘယ်ရမလဲ”

“ဟိုမှာ သူက ဘာသွားလုပ်ရမှာတုန်း”

“အလည်အပတ်သဘောပါကွာ၊ ခဏတဖြုတ်ပေါ့၊ ကျော်အောင့်အကြောင်း ငါ သိပါတယ်၊ ဒီကောင် ကိုင်တွယ်တတ်မှာ ပါ၊ မင့်သား ပုံစံဝင်ပြီး ပြန်လာစေရမယ်”

“ပြန်လာရင် ဘယ်ဘော်ဒါမှ လက်ခံမှာ မဟုတ်တော့ပါဘူး၊ အချိန်က နှောင်းနေပြီပေါ့”

“နှစ်နှစ်တောင် သင်ထားဖူးတဲ့စာတွေပဲကွာ၊ အစိမ်းသက်သက်မှ မဟုတ်တာ၊ တချို့ဆို လေးလနဲ့တောင် သင်ပြီး ဖြေနေကြတာတွေ အများကြီး”

“ဖြစ်ပါ့မလားရှင်”

“ဘာကိုလဲ သီရိ”

“သားငယ်က ဘယ်ကိုမှ ညဉ့်အိပ်ညဉ့်နေ သွားလာဖူးတာမှ မဟုတ်တာ”





“အေး…အခုတော့ သွားလာတတ်အောင် သူ့ကို လေ့ကျင့်ပေးတဲ့သဘောပဲကွ”

“ဟင်”

“အိမ်မှာဆို ဘာအပူအပင်မှ မရှိဘဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်နေတဲ့ မင်းသားကို သူများအိမ်မှာ နေခိုင်းပြီး သင်ခန်းစာ ပေးရမယ်ကွ”

“အစားအသောက် အဆင်ပြေပါ့မလားရှင်”

“ဟ…သီရိရာ၊ မင်းအတွေးအခေါ်ကလည်း ကိုယ့်အိမ်လောက် ဘယ်သူမှ ကောင်းကောင်းမစားနိုင်ဘူး ထင်လို့လားကွာ”

“ဩော်…ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲရှင်၊ စဉ်းစားကြည့်လေ၊ ကိုယ့်အိမ်လောက် အဆင်ပြေပြေနဲ့ စားရပါ့မလားလို့ပါရှင်၊ တစိမ်းအိမ်မို့ အားနာပြီး မစားရဲ မသောက်ရဲနဲ့ အနေကြပ်နေမလားလို့ပေါ့”

“အဲဒါ သူ့အလုပ်လေ၊ သူလိမ္မာရင် စားပေါက်ချောင်မယ်၊ အကင်းမပါးရင် ငတ်ပေါ့”

“ကိုထွန်း”

“အင်း”

“သားငယ်က မသွားချင်ဘူးဆိုရင်ရော”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ...မိဘက ကောင်းအောင်စီစဉ်ပေးတာကို သူ မလုပ်နိုင်ရင် လုပ်ချင်တာလုပ်၊ နေချင်တဲ့နေရာနေ၊ ငါ့တာဝန်ကုန်ပြီ၊ လောကမှာ မရှိလည်းဖြစ်တယ်ဆိုတဲ့ ဆန်ကုန်မြေလေး စာရင်းထဲ သွင်းလိုက်ရုံပေါ့ကွာ"

"အို...ရှင်ကလဲ ပြောတော့မယ်"

"ဟ ဒီလိုပဲ ပြောရမှာပေါ့၊ လူဖြစ်ပြီး လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်း မရှိတဲ့လူဟာ လူပိုပဲ၊ ဆန်ကုန်မြေလေးပဲ မဟုတ်လား၊ ငါတို့သားထဲမှာ ကျန်တာတွေ တော်ပြီး၊ မတော်တဲ့ တစ်ယောက်က လူပိုပေါ့၊ ခြံစောင့်..မြက်နှုတ်..ကားရေဆေးလောက် ရရင်ပဲ တော်ပါပြီ"

"တော်ပါတော့ရှင်"

"ငါပြောမယ် သီရိ"

"ဟုတ်ကဲ့"

"မင့်သားကို မင်းချစ်လား"

"ရှင်ကလည်းနော်"

"အေးပေါ့ကွာ...အငယ်ဆုံးလေးမို့ မင်းရော၊ ငါရော ချစ်တာပါပဲလေ၊ ဒါပေမယ့် ငါတို့ချစ်တာတွေက သူ့ကို လူစဉ်မမီအောင် နှစ်နေတာနဲ့ တူနေလားလို့ပါကွာ"





"ရှင်"

"ချစ်စနိုးနဲ့ အလိုလိုက်ခဲ့ကြတာမှ တော်သေးတာပေါ့ကွာ၊ အရက်စွဲ..ဆေးစွဲတဲ့ ဆိုးသွမ်းလေး မဖြစ်တာ ကံကောင်းလှပါပြီ၊ ကလေးတွေက သူ့ဗီဇနဲ့ သူလာကြတာ၊ အကြီးကောင်တွေ အားလုံး ပညာရေးမှာ ဘာမှပြောစရာ မရှိခဲ့သလောက် ဒီကောင့်ကျမှ မိဘရော သူပါ မျက်နှာငယ်ရတဲ့အဖြစ်က ငါတို့ လိုအပ်ချက်ဖြစ်သွားတယ်လို့ပဲ ယူဆပါတယ်ကွာ"

ဒေါ်သီရိ မျက်ရည့် အိကာနဲ ဝဲ၏။ နားလည်စွာ ခေါင်းညိတ်မိလေသည်။

"မင်းထက် ငါက ပိုပြီး စိုးရိမ်ပါတယ် သီရိရာ၊ ယောက်ျားလေးဆိုတာ အချိန်တန် မိန်းမယူရင် သားမယားကို အလုပ်အကျွေးပြုနိုင်မယ့် ပညာအရည်အချင်းနဲ့ အစွမ်းအစ ရှိရတယ် မဟုတ်လား၊ ပညာမတတ်ရင် သူ ဘာနဲ့ ဦးဆောင်လုပ်ကျွေးမလဲ၊ မိဘစည်းစိမ် ပုံပေးလည်း အရည်အချင်း မရှိရင် သူများလိမ်လို့ ကုန်မှာပဲ"

"တော်ပါတော့...ကိုထွန်းရယ်"

ရှိုက်သံတစ်ဝက်နှင့်ပြောရင်း ဒေါ်သီရိ မျက်ရည်သုတ်၏။

"အေး...မင်း သဘောပေါက်ရင် ငါ ကျေနပ်ပြီ သီရိ၊ သားကို ချစ်တဲ့ဓာနဲ့ အလိုမလိုက်သင့်တာ မလိုက်မိဖို့ဘဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟိုမှာ သွားနေရရင် ဒုက္ခဖြစ်နေမှာ၊ အားငယ်နေမှာစိုးပြီး မင်း ပိုက်ဆံတွေ ကြိတ်မပေးလိုက်ပါနဲ့၊ ငွေဆိုတာ လူကို အကျိုးပြု တတ်သလို..ဒုက္ခလည်း ပေးတတ်တယ်လေ၊ လက်ထဲ ငွေရှိနေရင် မာနလေးက တလူလူ ဖြစ်တတ်လွန်းလို့ ကျော်အောင်ကိုလည်း ငါ သေချာ ပြောထားပြီးပါပြီ"

"ဘယ်တော့ သွားရမှာလဲ ကိုထွန်းရယ်"

"မနက်ဖြန်ပေါ့...သားငယ် ရှိတယ် ဟုတ်လား"

"ဟုတ်ကဲ့...သူ့အခန်းထဲမှာ"

"ခေါ်လိုက်ကွာ၊ ငါ ပြောမယ်"

ဒေါ်သီရိ အပေါ်ထပ်ရှိရာ သားငယ် အခန်းတံခါးကို အသာ ခေါက်ပြီး တွန်းလိုက်တော့ တံခါးက အလိုက်သင့် ပွင့်သွား၏။

အခန်းထဲမှာတော့ သူရိယက ခုတင်ပေါ်မှာ ဂစ်တာလေး ပိုက်ကာ ငိုင်နေလေသည်။

မေမေ့ကိုမြင်သည်နှင့် သူ ဆတ်ကနဲဖြစ်ကာ ဂစ်တာကို ဘေးမှာ အသာချလိုက်ပြီးမှ ခေါ်လိုက်၏။

"မေမေ"

"သားငယ်...နေမကောင်းဘူးလား"





သားအမိနှစ်ယောက် ခေါ်သူနှင့် ထူးသူ တစ်ထပ်တည်း ကျသွားတာမို့ ဒေါ်သီရိက သား၏မျက်နှာကို အကဲခတ်လိုက်၏။

ဂစ်တာမခေါက်ဘဲ ငိုင်နေပုံလေးက တစ်မျိုးဖြစ်နေသလို ပင်။

တကယ်လည်း သူ ငိုင်ငိုင်လေး တွေးနေမိသည် မဟုတ်ပါ လား။

ဈေးထဲမှာ ဝေလနဲ့ သူ ပတ်နေစဉ် အသိကောင်မလေးတစ် ယောက်ကို တွေ့၍ နှုတ်ဆက်မိတာကို မသိယောင်ဆောင်သွားသည့် အဖြစ်။

သူ နားမလည်တော့၊ ဝေလက ပြုံး၍...

"အလကားပါကွာ...ငါတို့ရှုံးပြီး သူ အောင်သွားတော့ ဘဝင်လေဟပ်သွားတာ နေမှာပေါ့၊ ဂရုစိုက်လို့"

ဝေလက ဂရုမစိုက်နဲ့ဟု ပြောပေမယ့် သူ့စိတ်ထဲမှာ ရှက်ရွံ့ သိမ်ငယ်စိတ်လေး မသိမသာ ဝင်သွားရတာ အမှန်ပင်။

"အသိတွေပဲကွာ...ဒီလိုဖြစ်သွားစရာရှိလို့လား"

သူ လက်မခံနိုင်ဟန် ပြောမိတော့ ဝေလက...

"ဟ..သူရိယရာ၊ မင်း နုသေးတယ်၊ လောကမှာ လူ အတော်များများဟာ တစ်ယောက်နဲ့တစ်ယောက် ခင်မင်တာ ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတဲ့ နေရာမှာ အဓိက တိုင်းတာ ဆုံးဖြတ်တတ်ကြတာ ဘာလဲ သိလား"

"ဘာလဲ"

"ဘယ်လောက်ချမ်းသာလဲ၊ ဘာမေဂျာနဲ့ ကျောင်းတတ်နေလဲ၊ အဲ..ကျောင်းပြီးထားလည်း ဒါပဲကွ"

"ဒီလိုလား"

"ဒါပေါ့...ဒီလိုပဲ၊ မင်းရော ငါရော အခု မိဘတွေ ချမ်းသာကြတယ်၊ ငါတို့ကို ခင်မင်ရင်းနှီးတယ်ဆိုတာ အဲဒီမိဘဘက်ဂရောင်းတွေကြောင့်ပါကွာ၊ ဟော...ခုလည်း မင်းလက်တွေ့ပဲလေ၊ ယမင်းဖြူက မသိသလို အူကြောင်ကြောင်လုပ်သွားတာ နှစ်ခါကျတွေနဲ့ အသိဖြစ်ရတာ ရှက်စရာလို့ ယူဆမိတာနေမှာပေါ့ကွာ အဟား"

တကယ်တော့ ယမင်းဖြူက သူ ဆယ်တန်းတစ်ခါကျကတည်းက...

"သူ့ရိယ အားမလျှော့နဲ့ ကြိုးစားသိလား၊ တက္ကသိုလ်မှာ ယမင်း စောင့်နေမှာနော်"

စောင့်နေမှာဆိုသော ယမင်းဖြူက ခု သူ နှစ်ခါကျသည်နှင့် အဖက်ပင် မလုပ်တော့။





"သားငယ်...မှန်း နေကောင်းရဲ့လား၊ ငြိမ်လှချည်လား"

မေမေ သူ့နဖူးကို အသာစမ်းရင်း ထပ်မေးတော့မှ သူ ယဲ့ယဲ့လေး ပြုံးကာ ပြောလိုက်ရ၏။

"ကောင်းပါတယ် မေမေ၊ သားကို ဘာခိုင်းမလို့လဲ ဟင်"

"ဟင့်အင်း...သားဖေဖေ ခေါ်လို့ပါကွယ်"

"ဖေဖေ...ဘာကိစ္စလဲ မေမေ"

"လာ...သား..သားဖေဖေက သူစီစဥ်ထားတာတွေ ပြောချင်လို့"

"ဟင်...ဘာများလဲ မေမေ"

"မေမေလည်း မသိသေးပါဘူးကွယ်၊ လာ...သား"

ဧည့်ခန်းထဲရောက်တော့ ဖေဖေက သူ့အနားထိုင်ခိုင်းလိုက်ပြီးမှ ပြောလိုက်၏။

"အေးကွာ...သားငယ်အတွက် ဖေဖေ အစီအစဥ်တစ်ခု ဆွဲထားတယ်ကွ၊ စိတ်ပြေလက်ပျောက် အပြောင်းအလဲလေး ဖြစ်အောင်ပေါ့ကွာ ဟုတ်လား..."

"ဗျာ...ဘာများလဲ ဖေဖေ"

"အောင်စာရင်းကြောင့် သားစိတ်ထဲမှာ တစ်ခုခုတော့ ရှိနေမှာပေါ့ကွာ၊ ထားလိုက်...ဖေဖေ့သူငယ်ချင်းတစ်ယောက် တစ်မြို့



www.burmeseclassic.com

www.burmeseclassic.com



တည်းသား သူငယ်ချင်းကွ၊ သူက ဆယ်တန်းတော့ မအောင်ဘူး၊ စီးပွားရေးလုပ်နေတယ်…နယ်မှာပေါ့၊ သူ့ဆီ အလည်လွှတ်လိုက်ပါ လို့ တလောက မြို့ထဲမှာ ဖေဖေနဲ့တွေ့တော့ ပြောတာနဲ့ သားလည်း ကြက်တွေ ငှက်လေးတွေ မွေးတာ ဝါသနာပါတော့ သူက ဥစားကြက် တွေ အများကြီး မွေးတာကွ၊ ဖေဖေလည်း အေး…လွှတ်လိုက်မယ်လို့ ပြောလိုက်တယ်၊ ဘယ်လိုလဲ…သွားမယ်ဟုတ်လား သားငယ်၊ နယ် ဆိုတော့ အသွင်တစ်မျိုးဆန်းတာပေါ့ကွာ၊ သား ကျောင်းစာကို စိတ် မပါတော့ရင် အဲဒီက စီးပွားရေးလုပ်ငန်းအတွက် လေ့လာလို့လည်း ရတာပေါ့ကွာ၊ မဟုတ်ဘူးလား"

"သွားမယ်…ဖေဖေ"

သူ ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ အဖြေပေးလိုက်၏။ လောလောဆယ် ရန်ကုန်က အသိမိတ်ဆွေတွေနဲ့ သူ မျက်နှာချင်း မဆိုင်ချင်တာ အဓိက မဟုတ်ပါလား။



## အခန်း (၅)

"အာလူးကြော်…ငါးမုန့်ကြော်…ချိုချဉ်…ပူရှိန်း…မြေပဲ လှော်၊ ကွမ်းယာ အမွှေးစုံ ရမယ်"

ကားမထွက်ခင် ဈေးသည်များ တကြော်ကြော် အော်ရောင်း နေသံတွေက ညံစီနေလေသည်။

ခရီးသည် အတော်များများက ကားပေါ်မတက်ကြသေး။

ကားပေါ်မှာ လှောင်အိုက်လွန်းတာမို့ အောက်မှာပင် ဟို တစ်စု၊ ဒီတစ်စု ထိုင်နေကြ၏။

အဝေးပြေးဂိတ်မို့ နယ်စုံထွက်မည့်ကား အသီးသီးတွေက လည်း အချိန်ရောက်သည်နှင့် ထွက်ရန်အသင့်…

စာအုပ်၊ စာစောင်အရောင်းသမားတွေ…



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီး၊ လိမ္မော်သီး ရောင်းသူတွေ…

ကလေးကစားစရာ အရုပ်အမျိုးမျိုး ရောင်းသူတွေ…

ဘာရယ်မဟုတ် သူရိယတစ်ယောက် ဟိုငေးဒီငေးလေး ကြည့်နေမိ၏။

မသွားဘူးသော ခရီးအတွက် သူ့မှာ အသစ်အဆန်း ဖြစ်နေတာ အမှန်ပင်။

အဝတ် သုံးလေးစုံပါသော ကျောပိုးအိတ်လေး ပေါင်ပေါ်ကာ သူ သွားရမည့် ဖေဖေ့သူငယ်ချင်း ဦးကျော်အောင်ဆိုသော ပုဂ္ဂိုလ်ကို စိတ်မှန်းလေးနှင့် တွေးကြည့်နေမိ၏။

ဖေဖေနှင့် အလွန်ရင်းနှီးသော သူငယ်ချင်းဆိုပေမယ့် အလှမ်းဝေးသဖြင့် အဆက်အဆံမရှိတာမို့ မေမေရော၊ သူပါ သိပင် မသိ။ မြင်လည်း မမြင်ဘူးပါ။

စိတ်ကောင်းရှိသူ၊ ရိုးဖြောင့်သူဟူ၍ ဖေဖေပြောပါသည်။

ဆယ်တန်းမအောင်၊ စီးပွားရေးလုပ်နေသည်ဟူသော အချက်လေးက ဘာမှန်းမသိ၊ သူ သဘောကျနေသလိုပင်။

သူလည်း ဆယ်တန်းမအောင်သူမို့ ဦးကျော်အောင်ဆိုသော ဖေဖေ့သူငယ်ချင်းကြီးက သူ့အပေါ် နားလည်စာနာစွာ နှိမ်မည် မဟုတ်ဟူ၍လည်း ဖော့တွေးလေး တွေးမိရသေး၏။





ဖေဖေ့စကားထဲမှာ သူ သေချာမှတ်မိနေတာ တစ်ခုက…

"သား ကျောင်းစာကို စိတ်မပါတော့ရင် အဲဒီက စီးပွားရေး လုပ်ငန်းအတွက် လေ့လာလို့လည်း ရတာပေါ့ကွာ"

ဆိုသည့် အချက်ပင်တည်း။

နှစ်နှစ် ဆက်တိုက်ကျနေသော သူ့အပေါ် ဖေဖေတို့ စိတ်လျှော့လိုက်ကြပြီလား မသိပါ။

သူ ငယ်ငယ်က အိမ်မှာ ကြက်တူရွေးနဲ့ သာလိကာ မွေးဖူး၏။

ကြက်ဖနှင့် ကြက်မလည်း မွေးဖူး၏။

ဘာရယ်လို့မဟုတ်…

ငှက်ကလေးတွေ…ကြက်ကလေးတွေ၏ အမွေးအတောင် အရောင်တောက်ပသော အလှကို သဘောကျ၍ပါ။

အစာကျွေး၊ ရေတိုက်၊ တယုတယ မွေးနေရင်းမှ ကြက်ဖရော ကြက်မပါ ကြက်နာကျကာ သေသွားလေသည်။

သူ ထမင်းပင် မစားနိုင်အောင် စိတ်မကောင်းဖြစ်သွားရသဖြင့် မေမေက…

"တော်ပြီနော် သား…နောက်ထပ် မမွေးနဲ့တော့ကွယ်၊ သားက သံယောဇဉ် အတော်ကြီးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း နောက်ထပ် သူ ဘာမှ ထပ်မမွေးတော့ပါ။

ငှက်ကလေးတွေကိုလည်း ဘုရားသွားကာ ဘေးမဲ့လွှတ်ပေးခဲ့ပါ၏။

ဥစားကြက်များ မွေးမြူသော ဦးကျော်အောင်ဆီလွှတ်ကာ ဖေဖေက သူ့ကို ကြက်မွေးမြူရေးလုပ်ငန်း လေ့လာစေချင်တာများလား။

အဟင်း…တစ်ခုခုတော့ လွဲနေပါပြီ။

သူ ကြက်မွေးရန် ဝါသနာမှ မပါတာ။

အခု သူ ထွက်လာတာကို ဖေဖေက သူပြောသလို တစ်ထစ်ချ ယူဆနေပြီလားပင်။

တစ်ခုပဲရှိ၏။

လောလောဆယ် အိမ်မှာ သူ မနေချင်တာ အမှန်။ သူ့မှာ အကြောင်းရှိ၏။

ကိုကြီး၊ ကိုလတ်၊ ကိုငယ် အစ်ကိုသုံးယောက်စလုံးက ပညာတတ်ကြီးတွေ။

သူတို့ယူထားကြသော ဇနီးမယားအားလုံးကလည်း အသွင်တူ အဆင့်တူ ပညာတတ် အမျိုးသမီးတွေချည်း။

ခု ဆယ်တန်းနှစ်ခါကျသော သူ့ကို ကိုကြီးဇနီး မမဝတ်မှုန်





က ကရုဏာသက်လေသံနှင့် သူ့ကိုပြောသည့်စကားက…

“မောင်လေးက ကိုကြီးတို့လို ဉာဏ်မကောင်းဘူးဆိုပြီး အားမလျှော့ပါနဲ့ကွာ၊ ဆက်ကြိုးစားပေါ့…တော်ကြာ ဒေါင်းတွေကြားထဲ ကျီးမဲလေးရောက်ရသလို မောင်လေး မျက်နှာငယ်နေရလိမ့်မယ် ကြားလား”

သနားသလိုလို ၊ နှိမ်သလိုလို လေသံဟုပင် သူ ခံစားရပါသည်။

ကိုလတ်မိန်းမ မမနှင်းဖြူစင်ကတော့ ဆရာဝန်ပီပီ…

“သူရိယကို မမ အောင်ကိုအောင်မယ်လို့ တွက်ထားတာ၊ ဘာပဲဖြစ်ဖြစ် တစ်ဘာသာ လေးဆယ်လောက်တော့ ရကိုရလိမ့်မယ်လို့ပေါ့၊ မမတုန်းကဆို အောဒီကွ၊ ဆက်ဖြေနော်…မောင်လေး၊ အောင်မှ ဖြစ်မှာ၊ မဟုတ်ရင် မင်းရော…မိဘမောင်နှမတွေပါ သိက္ခာကျစရာတွေ ဖြစ်သွားလိမ့်မယ် သိလား”

ဩော်…ကိုယ်မအောင်တာကိုပင် သူတို့အတွက် ရှက်စရာဖြစ်နေရပါလား။

ကိုငယ့်ဇနီး မမရတနာက ကထိကမို့…

“မောင်လေး…စိတ်ဓာတ်မကျနဲ့နော်၊ တက္ကသိုလ်မှာ အရမ်းပျော်စရာကောင်းတာကွ၊ လက်ရှိ ခေတ်အနေအထားကိုက



www.burmeseclassic.com

www.burmeseclassic.com



ပညာခေတ်မဟုတ်လား၊ လူတစ်ယောက်မှာ အနိမ့်ဆုံးအဆင့်က သာမန် ရိုးရိုးဘွဲ့လေးတစ်လုံး ချိတ်ထားနိုင်မှ လူရာဝင်တာလေ၊ ငွေ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ဘွဲ့ရမဟုတ်ရင် မျက်နှာတော့ ငယ်မှာပါပဲ၊ တချို့ဆို အရမ်းဆင်းရဲတာ၊ ဘုန်းကြီးကျောင်းမှာနေပြီး အလုပ်တစ်ဖက်နဲ့ ကျောင်းလာတက်သူတွေ ရှိတယ်၊ ပညာလိုချင်လို့လေ၊ မောင်လေးမှာ ဘာမှ နောက်ဆံတင်းစရာ မလိုဘူး၊ ပညာကို အေးအေးဆေးဆေး သင်ယူနိုင်တဲ့ အခြေအနေမှာ ဘွဲ့တစ်ခုခုတော့ ရအောင်ယူမှ ဖြစ်မှာနော်”

မမရတနာ အပြောကြောင့် သူ့မှာ နေရင်းထိုင်ရင်း ကိုယ့် ညံ့ဖျင်းမှုအတွက် သတ်ပဲသေပေးရမလိုလို စိတ်ခတ်ကျသွားရတာ အမှန်ပင်။

အားလုံးက သူ့အပေါ် အောင်စေချင်လွန်းသော စေတနာဖြင့် ပြောကြတာမို့ သူ ငြိမ်ပြီး နားထောင်နေလိုက်ပါသည်။

အိမ်မှာနေနေသမျှ နေ့စဉ် တစ်ယောက်မဟုတ် တစ်ယောက် အမြဲရောက်တာတတ်ကာ ဒီကိစ္စကိုပဲ ခလုတ်တိုက်တိုက်နေကြတာ စိတ်ပျက်မိတာ အမှန်ပါပဲလေ။

ဒီတော့ ဖေဖေပြောသည်နှင့် သူ လိုလိုလားလား ခေါင်းညိတ်ဖြစ်ခဲ့ခြင်းပင်။





“ဟော့…ချာတိတ် လာဦး”

သူ့အနားမှ လူတစ်ယောက် လှမ်းခေါ်သံကြောင့် အသာငဲ့ကြည့်လိုက်တော့ အလူးကြော်သယ်လေးကို ခေါ်နေတာမို့ ဘာရယ်မဟုတ်၊ သူ ငေးကြည့်နေမိ၏။

“ပူရှိန်းလေး တစ်တောင့်ကွာ”

“ဟုတ်ကဲ့…ဦးလေး”

ကောင်လေးက ဆယ်နှစ်ပတ်ဝန်းကျင်အရွယ်ပင်။ ပူရှိန်းယူပေးရင်းမှ…

“ချိုချဉ်ရော ယူဦးမလား ဦးလေး၊ ကွမ်းယာလည်း ရှိတယ်နော်”

“ရပါပြီကွာ”

“ဟုတ်ကဲ့…ကျေးဇူးပဲ ဦးလေး”

ပေးလိုက်သော ပိုက်ဆံကိုယူကာ ပြန်အမ်းရင်း ရည်မွန်အကင်းပါး သွက်လက်သော ချာတိတ်လေးကို လူကြီးက စကားစလိုက်၏။

“ရောင်းလို့ကောင်းရဲ့လားကွ”

ကားမထွက်သေးသဖြင့် အပျင်းပြေ မေးမြန်းတာကို သူ သဘောပေါက်စွာ အသာနားထောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



“တော်ရုံပါပဲ ဦးလေးရာ၊ မြင်တဲ့အတိုင်းပဲလေ၊ ရောင်းတာက ကိုယ့်တစ်ယောက်တည်းမှ မဟုတ်တာ၊ ခြေသလုံးတောင့်အောင် အော်နိုင် ပြေးနိုင်မှ နည်းနည်းကိုက်တာပေါ့ဗျာ”

“တစ်နေ့ ဘယ်လောက်ကျန်လဲကွ”

“အမှန် ဘယ်ရှိမလဲဗျာ၊ ပိန်လိုက်ဖောင်းလိုက်ပေါ့၊ အနည်းဆုံး နှစ်ထောင်သုံးထောင်လောက်တော့ ကျန်တာပါ”

“ဘယ်ဆိုးလို့တုန်းကွ၊ တစ်နေ့ နှစ်ထောင်ထားလိုက်၊ တစ်လ ခြောက်သောင်းပဲ”

“ဦးလေးရာ…အဲဒီခြောက်သောင်းက အဖေ့အရက်ဖိုးထဲ အမေ့ဆေးဖိုးထဲ ဝင်သွားတော့ ထမင်းတောင် ငပိရည်နဲ့ အနိုင်နိုင်ပါဗျာ”

“မင်းအဖေက အလုပ်မလုပ်ဘူးလားကွာ”

“ဆိုက်ကားနင်းတယ်လေ၊ ပင်ပန်းတယ်ဆိုပြီး အရက်သောက်တော့ သူ့ငွေနဲ့သူတောင် အလျှင်မမီတော့ပါဘူး”

“အမေက နေမကောင်းဘူးလား”

“ပန်းနာရင်ကြပ်ပါ၊အရင်က ဈေးရောင်းတယ်လေ၊ ခု မရောင်းနိုင်တာ တစ်ပတ်ကျော်ပြီ”

“မင်းက အငယ်ဆုံးလား၊ သားသမီး ဘယ်နှစ်ယောက်ရှိလို့လဲ”





“ကျွန်တော် အကြီးဆုံး၊ အောက်မှာ လေးယောက်ရှိသေးတယ်”

“ဟာကွာ…ဒါဆို ကျောင်းမနေရဘူးပေါ့ ဟုတ်လား”

“အဟင်း…ပညာသင်ချင်ပေမယ့် စားဖို့တောင် မနည်းရုန်းနေရတာ ဦးလေးရာ၊ လေးတန်းထိ နေဖူးပါတယ်”

“မင်းတို့အိမ်မှာ မင်းပဲ လုပ်ကျွေးနေရတဲ့သဘောပေါ့ ဟုတ်လား”

“ကျွန်တော့်အောက်က ညီလေးလည်း ဟိုဘက်ကားဂိတ်မှာ ရောင်းတယ်ဗျ”

“အေးလူးကြော်…လာပါဦး”

လှမ်းလှမ်းမှ အမျိုးသမီးတစ်ယောက် ခေါ်နေသဖြင့် ချာတိတ်လေး လှစ်ကနဲ ပြေးထွက်သွား၏။ လူကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ တစ်ကိုယ်တည်း ရေရွတ်သလို သူ့ကိုပဲ ပြောသလိုလို တိုးတိုးလေး ပြောလိုက်လေသည်။

“အင်း…အရွယ်နဲ့မမျှတဲ့ ဘဝလောကခံတွေ၊ ဘဝလောကခံတွေ”

သူ မသိမသာ ခေါင်းငုံ့သလိုလို မျက်နှာလွှဲသလိုလို နေလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အမည်မဖော်တတ်သော ဝေဒနာတစ်ခု လှိုက်ကာနဲ ဖြစ်ထွန်းသွားရပါတော့သည်။

အသက် ဆယ်နှစ်ခန့်သာ ရှိသေးသော ချာတိတ်ကလေး၏ ဘဝပေးအသိတရားထဲမှာ မိသားစု စားဝတ်နေရေးအတွက် ကျွမ်းကျင်ရာလိမ္မာရာ လုပ်ရှားရုန်းကန်နေရသည့်အဖြစ်က အံ့သြစရာ၊ ချီးကျူးစရာ၊ စိတ်မကောင်းစရာ မဟုတ်ပါလား။

သူ ဒီချာတိတ်လေးအရွယ်တုန်းကဆိုပါလျှင် မေမေခွံ့ပေးသော ထမင်းကို စားတုန်း။

ရေချိုးလျှင်ပင် မေမေ ဆပ်ပြာတိုက်၊ ကျီးတွန်းလုပ်ပေးရတုန်း။

သြော်…တကယ့်ကို ဘာမှမဆိုင်ပါလား။

ခု သူ့အသက်ပဲ နှစ်ဆယ်ပြည့်တော့မည်။ ခုချိန်ထိ သူ့ဘဝမှာ ဘာကိုမှ အလေးအနက်ထားရကောင်းမှန်း မသိတုန်း။

ဘာရယ်မဟုတ်…အလိုလို ရှက်ရွံ့မိသလိုလို ခံစားရပြန်၏။

ထိုအချိန်မှာပင် ကားစပယ်ယာက ကားထွက်တော့မည်ဟူသော သတိပေးသံကြောင့် သူ ကားပေါ် တက်လိုက်ပါတော့၏။



## အခန်း (၆)

"ဒီခြံပဲ"

ကားဂိတ်မှ ဆိုက်ကားငှားပြီး သူ ဖေဖေရေးပေးလိုက်သော လိပ်စာအတိုင်း လာခဲ့၏။

ဆိုက်ကားဆရာက ဒီခြံပဲဟု ပြောပြီး ရပ်လိုက်တာကိုပင် သူ ကြောင်တက်တက်လေး ဖြစ်နေရသေး၏။

ဟုတ်ပါသည်။ ဖေဖေပြောတုန်းက ဦးကျော်အောင်ဆိုသော သူငယ်ချင်းက မွေးမြူရေးလုပ်သည်ဟူ၍။

ခုတော့ သူ့ရှေ့မှာ လှမ်းမြင်နေရသော မြင်ကွင်းက ကျယ်ပြန့်သော ပန်းစိုက်ခင်းတွေ မဟုတ်ပါလား။

တစ်ခုခုတော့ လွဲနေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားပေါ်က သူ မဆင်းသေးဘဲ ဆိုက်ကားဆရာကို ပြောလိုက်မိ၏။

"ဦးလေး…ဒီခြံ သေချာလို့လားဗျ၊ ကျွန်တော် သိထားတာက ဦးကျော်အောင်ဆိုတဲ့ ပုဂ္ဂိုလ်က မွေးမြူရေးလုပ်တာယ်တဲ့၊ အခု မြင်နေရတာက ပန်းခင်းကြီးတွေပါလား၊ မှားနေလား မှသိဘူး"

သူ့စကားကြောင့် ဆိုက်ကားဆရာကြီး သဘောကျစွာ ပြုံးကာ…

"ဘယ်မှားမလဲကွာ၊ ဒါ ဥစားကြက်တွေ အကြီးအကျယ် မွေးတဲ့ ဦးကျော်အောင်ခြံမှ အစစ်အမှန်ပါကွာ"

"ဗျာ"

"ကြက်ခြံတွေက ဟိုး…အိမ်ရဲ့အနောက်ဘက်မှာလေ၊ မျက်နှာစာနဲ့ဘေးက ပန်းခင်းတွေက သူ့မိန်းမ စိုက်တာ"

"ဗျာ"

"မဗျာနဲ့၊ ဒီမြို့မှာ အလုပ်ကို စနစ်တကျနဲ့ အသေအချာကို လုပ်တဲ့ပုဂ္ဂိုလ်တွေပေါ့ကွာ၊ စည်းစနစ်ကျပြီး စည်းကမ်းရှိလို့ စံပြမိသားစုဆိုပါတော့၊ မောင်ရင်က အလုပ်ကိစ္စနဲ့ လာတာလား"

"ဗျာ…ဟုတ်‥ဟုတ်ကဲ့"

သူ ဆိုက်ကားပေါ်က ဆင်းတော့ ပိုက်ဆံထုတ်ပေးရင်း…





"ခွေးရှိလား…ဦးလေး"

"မရှိဘူးကွ…ပန်းဖောက်သည်၊ ကြက်ဥဖောက်သည်တွေ အမြဲဝင်ထွက်နေတာ ခွေးဘယ်ရှိပါ့မလဲ၊ ဝင်သာသွား"

"ဟုတ်ကဲ့…ကျေးဇူးပဲ"

ကျောပိုးအိတ်လေးလွယ်ကာ အဝင်တံခါးမကြီးကို အသာ တွန်းဖွင့်၍ သူ ဝင်လာခဲ့၏။ စနစ်ကျစွာ စိုက်ထားသော ပန်းခင်းတွေက ရှုမောမဆုံး၊ ကျယ်ပြန့်လှပပါဘိခြင်း။

ခြံကြီး၏ အလယ်နေရာလောက်မှာတော့ ခေတ်မီနှစ်ထပ်တိုက် ငယ်လေးတစ်လုံးက နေချင်စဖွယ် မားမားမတ်မတ်။

ကွန်ကရစ်လမ်းလေးအတိုင်း သူ လျှောက်လာခဲ့၏။

တိုက်အနားရောက်တော့မှ အောက်ထပ်တစ်ခုလုံး အလုပ် ခန်းအဖြစ်၊ ဖွင့်လှစ်ထားတာကို မြင်လိုက်ရ၏။

ကြက်ဥပုံးတွေရော၊ ပုံးခွံအလွတ်တွေပါ ရှိသလို ပန်းစည်း များလည်း ဖက်ရွက်စိမ်းများနှင့် ထုပ်ပိုးကာ အစီအရီ ရှိနေကြ၏။

"မင်းကို ငါ ဘယ်နှစ်ခါ ပြောရမလဲ မောင်ဦး၊ ကြိုတင်ငွေဆိုတာ အကြောင်းပြချက် မခိုင်လုံတဲ့နဲ့ ငါ မထုတ်ပေးဘူး၊ လွယ်လွယ်ရရင် လွယ်လွယ်သုံးချင်တာ လူ့သဘာဝမို့ အိမ်ကသားမယားတွေပဲ ဒုက္ခ ရောက်ကြမှာ၊ ကဲ‥ပြော မှန်မှန်ပြော၊ ဘာအတွက် ငွေလိုချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလွန် ပီသ၊ ကြည်မြ၊ စူးရှသော အသံကြောင့် သူ့ခြေလှမ်းတွေ တန့်ကနဲ ဖြစ်သွားရ၏။

မိန်းကလေးအသံပေမယ့် ဦးကျော်အောင်၏ ဇနီးများလား။

ဟင့်အင်း…မဖြစ်နိုင်။

အသံက အမျိုးသမီးကြီးအသံ မဟုတ်။

မိန်းကလေးငယ် အသံဖြစ်၏။

ဘယ်သူပါလိမ့်။

စာရေးမများလား။

အသံကို ခန့်မှန်းရသလောက် အလွန်စေ့စပ် ထက်မြက်ပုံပင်။

မိမိကိုယ်ကို မိမိယုံကြည်မှု အပြည့်ရှိထားသော လေသံမျိုး။

"တကယ်ပြောတာပါ မမလေးရာ၊ ကျွန်တော် မညာပါဘူး၊ အငယ်ကောင် သိပ်နေမကောင်းလို့ ဆေးခန်း ပြချင်လို့ပါဗျာ"

"ဘာဖြစ်တာလဲ…ဖျားတာလား"

"ဟုတ်ကဲ့…အအေးပတ်ပြီး ကိုယ်ပူတာပါ"

"တကယ်နော်၊ ငါကိုယ်တိုင် လာကြည့်မှာ"

"အာ…မမလေး မလာပါနဲ့၊ ကျွန်တော်တို့ ရပ်ကွက်က လမ်းညစ်ပတ်တယ်ဗျ၊ အားနာ…"





"ရတယ်…ကိစ္စမရှိဘူး မောင်ဦး၊ ကိုယ့်အလုပ်သမားမိသားစု အရေးဟာ ကိုယ့်အရေးပဲလေ၊ ကြည့်ရှုအားပေးရမှာပေါ့၊ ညနေ ငါ လာခဲ့မယ် ဟုတ်လား"

"မမလေး…ဟို…"

"အဟင်း…ဟင်း…မောင်ဦးရယ်၊ နင်လည်တယ်ဆိုတာ ငါ အိပ်နေသလောက်ပဲ ရှိတာနော်၊ ကဲ…ပေါ်ပြီ၊ ပြောစမ်း အရက်ဖိုးလား…ကြက်ဖိုးလား၊ နင် အဲဒီအကြွေးတွေ ဆပ်စရာရှိနေတာပေါ့ ဟုတ်လား"

"မမလေးရာ…ဟုတ်တယ်၊ ချေးတုန်းက နည်းနည်းပါ၊ အတိုးကကြီးတော့…"

"ဟဲ့…အဲဒီအတိုးကြီးပေးတာကိုပဲ နင် သွားယူထားတော့ ရာဇဝင်းကနေ ထောင်သောင်းအထိ ဖြစ်လာတာ ဘာမှ မဆန်းဘူး၊ နင်ကိုကမှားတာ၊ စဉ်းစားကြည့်လေ…နင့်လုပ်စာကို အိမ်က သားမယား ဘာအားကိုးရလို့လဲ၊ အရက်သောက်တယ်…ကြက်တိုက်တယ်၊ နင့်လိုလူကို ဖေဖေ အလုပ်ခန့်တာ နင့်မိသားစုကို သနားလို့၊ နင့်အဖေမျက်နှာထောက်လို့ဆိုတာ သိရက်နဲ့ ဝါသနာကို မစွန့်နိုင်တာ တစ်နေ့ နင် ဒုက္ခ တွေ့ကိုတွေ့လိမ့်မယ် သိလား"

"မမလေး…ကျွန်တော် တကယ် နောင်တရပါပြီဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



အကြွေးကြေပြီးရင် နောက် မလုပ်တော့ပါဘူး၊ တကယ်… တကယ်"

"တော်စမ်းပါ…နင့်စကား ငါယုံရင် ငါ့ခေါင်းထဲ ဦးနှောက်အစား ချေးတွေပဲ ပြည့်နေမှ ဖြစ်နိုင်မယ်"

"မမလေး…ဒီတစ်ခါတည်း နောက်ဆုံးကူညီပါဗျာ နော်"

"မောင်ဦး"

"ဗျာ"

"တကယ်…နောင်တ ရတယ်လား"

"တကယ်ပါ မမလေးရာ၊ ပိုက်ဆံကလည်း မရှိ၊ ကြွေးရှင်ကလည်း ဂဒီးဂဒီး တောင်း၊ မိန်းမကလည်း မျက်စောင်းတခဲခဲနဲ့ ငပိရည်တောင် ရေကျဲကျဲနဲ့ ကျွေးတာလေ"

"သြော်…ထမင်းတောင် ကျွေးသေးတာပေါ့၊ ငါသာဆို အိမ်ပေါ်ကို မတက်ခိုင်းတော့ဘူးမှတ်၊ နင် အတော်ဆိုးတဲ့လူပဲ မောင်ဦး၊ နင့်လိုလူ ယူထားတဲ့ စိန်အိလည်း ဝဋ်ပဲ"

"မမလေး ရှိကြီးခိုးပါရဲ့ဗျာ နော်"

"မောင်ဦး"

"ဟုတ်ကဲ့"

"ငါတော့ မပေးနိုင်ဘူး"





"ဟာ..ဗျာ"

"အမေ့ဆီ သွားပြောကြည့်လေ၊ အမေက သနားတတ်တယ်"

"ဟင်…ဟုတ်ကဲ့..ဟုတ်ကဲ့"

"ဒါပေမယ့်…"

"ဗျာ…မမလေး"

"အမေက ငါ ခေါင်းညိတ်မှ ချေးပေးမှာဆိုတော့ ဒီလိုလုပ်ရအောင်"

"ဗျာ…ဘယ်လိုလဲ မမလေး"

"နင် ခံဝန်ကတိ လက်မှတ်ထိုးထားရမယ်၊ နင့်စကားအတိုင်း အရက်နဲ့ ကြက်ကို ဖြတ်ပါ့မယ်၊ ဆက်လုပ်နေရင် ဒီခြံက အပြီးအပိုင် ထွက်သွားပါ့မယ်လို့၊ ကဲ…ဘယ့်နှယ့်လဲ"

"မမလေးကလဲဗျာ…ရက်စက်လွန်း…"

"ရတယ်လေ…မထိုးနေပေါ့၊ ဒါ..ငါကူညီနိုင်သလောက် လိုက်လျောပေးတာ၊ အဖေသာသိရင် နင် အထုတ်ပြင်ထားပေတော့ပဲ၊ နင့်ကို ရိုးသားကြိုးစားပြီး အလုပ်အကိုင် စိတ်ချရလို့ ထောက်ထားပေးနေတာ"

"ကောင်းပြီ..မမလေး၊ ကတိပြုတယ် လက်မှတ်ထိုးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး...ငါ ရေးဦးမယ်"

အပြန်အလှန် ပြောဆိုနေကြဟာတွေကို သူ အပြင်မှ နားထောင်ရင်း သဘောပေါက်သွား၏။

အမျိုးသမီးက အလုပ်ရှင်၏ သမီးဖြစ်ပုံရ၏။ နားထောင်ရတာ အတော်လေး ထက်ထက်မြက်မြက်ရှိသူပင်။

အလုပ်သမားကို ပြောဆိုနေသံတွေက တိကျပြတ်သားဟန် အပြည့်မို့ အလိုလိုနေရင်း သူ ချွေးစေးတွေ ပြန်ချင်လာရ၏။

လွယ်ပါ့မလား။

သူ ဒီမှာ ဖြစ်မှ ဖြစ်ပါ့မလား။

အတွေးနှင့်အတူ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိသလို ဖြစ်ချင်လာရ၏။ မဖြစ်ဘူး ထင်ပါရဲ့၊ ပြန်မှ ထင်တယ်ဟူသော အတွေးလည်း လှစ်ကနဲ ဝင်၏။

သူ ချီတုံချတုံ ဖြစ်နေစဉ်...

"အပြင်မှာ ဘယ်သူလဲ"

ခပ်ဆတ်ဆတ်လေး မေးသံနှင့်အတူ သူရှိရာ ကိုင်းငဲ့ကာ လှမ်းကြည့်လာသော မိန်းကလေး၏ မျက်နှာကို ဘွားကနဲ မြင်လိုက်ရလေသည်။

အသား မဖြူမညို၊ ဆံပင်တိုတို ဘိုကေဆန်ဆန်လေးနှင့်





မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်၊ နှုတ်ခမ်းလုံးစုစုလေးနှင့် အမျိုးသမီး။

သူ့ကိုမြင်သည်နှင့် သူမ မျက်ခုံးနှစ်ခု အတွန့်ချိုးသွားရရှာ စူးစမ်းဟန်ကြည့်ပြီးမှ...

"ဘာကိစ္စလဲ"

မေးဟန်က ခပ်ပြတ်ပြတ်...

သူမကြောင့် သူ့မှာ အလိုလို အားစေးမိထားသူပမာ ရုတ်တရက် ဘာပြောရမှန်းမသိ ကြောင့်ငေးငေးလေး ရပ်နေမိ၏။

"မမလေး...အလုပ် လာရှာတာ ထင်တယ်"

မောင်ဦးက သူ့ကျောပိုးအိတ်ကို မသိမသာ မေးလေးငေါ့ကာ ပြောလိုက်တာမို့ မဒီက...

"ဘာလဲ...အလုပ်လာရှာတာလား၊ ဒီမှာ လူပြည့်နေပြီ ဟုတ်လား...အလုပ်သမား မလိုဘူး"

အမျိုးသမီးက ပြောပြီးသည်နှင့် ချာကနဲ အထဲဝင်ရန် လှည့်လိုက်သည်နှင့် သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားရကာ...

"ဒီ..ဒီမှာ တစ်ဆိတ်လောက်"

"ဟင်...ဘာတုန်း"

"ကျွန်တော် ဦးကျော်အောင်နဲ့ တွေ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် အမျိုးသမီး မျက်လုံး မသိမသာ ဝိုင်းသွား ရပြီးမှ . . .

"ဖေဖေနဲ့ . . ဘာကိစ္စ"

"ကျွန်တော့်ဖေဖေက စာပေးလိုက်လို့ပါ"

"ဘယ်သူလဲ"

"ဦးခင်ဇော်ထွန်းပါ"

"ဪ . . . သိပြီ၊ ဆယ်တန်း နှစ်ခါကျဆိုတာ ရှင်လား"

အမေးက ရင်ကို အောင့်ကနဲ ဖြစ်စေပေမယ့် မချိတရိလေး ခေါင်းညိတ်ပြရတော့၏။ သူမက သူ့ကို ခြေဆုံးခေါင်းဆုံး ဝဲကနဲ ဝေ့ကြည့်လိုက်ပြီးမှ . . .

"မောင်ဦး . . . ဖေဖေ ကြက်ခြံမှာ ရှိနေတယ်၊ ခေါ်သွားပေး လိုက်"

"ဟုတ်ကဲ့ . . . မမလေး"

"ကဲ . . . လိုက်သွား"

မေးလေးဆတ်ကာ ပြောပြီး မဒီ အံဆွဲဖွင့်ကာ စာရင်းစာအုပ် ထူတစ်အုပ်နှင့် အလုပ်လုပ်နေလိုက်၏။



## အခန်း (၄)

"ဟင် . . . အိမ်မှာနေမယ်"

"အင်းလေ . . . ကိုယ့်အားကိုးပြီး လာတာဆိုတော့လဲ"

"အို . . . မေမေကလည်း ဘယ်ဖြစ်မလဲ၊ အိမ်မှာ အတူနေ ခိုင်းလို့ ဘယ်သင့်တော်ပါ့မလဲ၊ ဖေဖေကလည်းနော် ဘယ်လို စိတ်ကူး နဲ့ ကိုယ့်မှာ သမီးပျိုလေးတစ်ယောက်လုံး ရှိနေတာကို တစိမ်း ယောကျ်ားကို တစ်အိမ်တည်း နေခိုင်းရတယ်လို့ ဒုက္ခပါပဲ"

"ဒါတော့ . . ဒါပေါ့သမီးရယ်၊ ကိုခင်ဇော်ထွန်းနဲ့က မျက်နှာ နာရတဲ့လူတွေ ဖြစ်နေတော့ . ."

"ဟင့်အင်း . . . မျက်နှာနာတာနဲ့ပဲ ဒီလိုလုပ်ရသလားမို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်နှစ်ရက်နေမယ့် ဧည့်သည်လည်း မဟုတ်၊ နေပါဦး မေမေရဲ့၊ အဲဒီပုဂ္ဂိုလ်က ဘယ်အချိန်ထိ နေမှာတဲ့တုန်း"

"အဲဒါ...မေမေလည်း မသိပါဘူးကွယ်"

"အဟွန်း...ပုံစံကြည့်ရတာ သိပ်တော့ မဟန်ပါဘူးနော်"

"ဟင်"

"သူဌေးသား လူ့ပေါ်ကြော့စတိုင်လေ၊ လက်ကြောမတင်း ဘဝကို အနှစ်မဲ့ ဂျာဝါလား အချိန်ဖြုန်းမယ့်ပုံစံပဲ၊ ဒီမှာ လာနေလို့က တော့ ဆောရီးပဲ"

"သမီးရယ်...ကိုခင်ဇော်ထွန်းတို့မှာ သားချည်း လေးယောက်ရှိတာ၊ သုံးယောက်က ထွန်းပေါက်အောင်မြင်ကြလို့ ဘာမှ ပြောစရာ ပူစရာ မရှိဘူးတဲ့လေ"

"ဩော်...ဩော်..ဒီတစ်ယောက်ကျမှပဲ ထူးထူးချွန်ချွန် ဆယ်တန်းတဘုံးဘုံးကျလို့ အရပ်ကူပါ...လူပိုင်းပါ ဖြစ်နေတာပေါ့ နော်၊ အထင်သေးစရာ ကောင်းလိုက်တာ"

"အင်း...အငယ်ဆုံးလေးဆိုတော့လည်း ချစ်လို့ အလိုလိုက် ထားတာ နေမှာပေါ့ကွယ်"

"ချစ်တာလား...နှစ်တာလားဆိုတာ ခုပဲ အဖြေပေါ်နေပြီ လေ မေမေရဲ့"





"အင်းပါကွယ်...ဘာပဲဖြစ်ဖြစ် ကိုယ့်ဆီအားကိုးတကြီး အကူအညီတောင်းလာတော့လည်း ဥပေက္ခာပြုလို့ မဖြစ်ဘူး ဟုတ်လား"

"နေပါဦး မေမေရဲ့၊ ဖေဖေက သူ့ကို ဧည့်သည်လို သဘော ထားပြီး အိမ်ဦးခန်းတင် စားကောင်းသောက်ဖွယ်တွေနဲ့ ပြုစု ဧည့်ခံ မှာတော့ မဟုတ်ပါဘူးနော်"

"အဟင်း...သမီးရယ်၊ ညည်းအဖေအကြောင်းလည်း သိသားနဲ့"

"သိလို့ မေးတာလေ၊ ဖေဖေက အလုပ်နဲ့ပတ်သက်လာရင် အရမ်းကို သေချာ တိကျ စည်းစနစ်ကြီးတာ၊ အဟင်း...မြင်ယောင် သေးတယ်"

"ဘာကိုလဲ သမီး"

"ဒီလူ ဘယ်နှစ်ရက် နေနိုင်မလဲဆိုတာပေါ့"

"မဟုတ်တာကွယ်...သမီးအဖေက သူ့သူငယ်ချင်းသား ကို လူတော်လေးတစ်ယောက်ဖြစ်လာအောင် လိမ္မာပါးနပ်စွာ ကိုင် တွယ်သွားမှာပါ"

"ဟွန်း...စိတ်ညစ်လိုက်တာနော်"

"သမီးရယ်...အမေလည်း သမီးတွေးသလို တွေးတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ဒါပေမယ့်...သမီးအဖေကို ဒီလိုမလုပ်နဲ့၊ ဟိုလိုလုပ်လို့ မပြောရဲဘူးလေ"

"နေပါစေ...မေမေ မပြောပါနဲ့၊ သမီးပဲ အဆင်ပြေသလို နေလိုက်ပါ့မယ်"

"ဟင်...ဘယ်လိုနေမှာတုန်း"

"အလုပ်သမား တန်းလျားတွဲက ထိပ်ဆုံးတစ်ခန်း အားနေတယ်လေ၊ အဲဒီမှာ သမီး သွားနေလိုက်တော့မယ်"

"အို...မဟုတ်တာ သမီးကလဲ"

"ဘာလို့လဲ မေမေ၊ သမီး ဆယ်တန်းတုန်းက အဲဒီအခန်းမှာပဲ စာကျက်ခဲ့တာလေ၊ သစ်ပင်ရိပ်နဲ့ အရမ်းအေးပြီး နေလို့ထိုင်လို့လည်း ကောင်းမှကောင်း"

"ကောင်းပေမယ့် ဘယ်သင့်တော်မလဲလို့၊ တော်ကြာ ဧည့်သည်က သူ့ကြောင့်မှန်းသိသွားရင် နေမကျ စားမကျ ဖြစ်နေပါဦးမယ်ကွယ်"

"အံမယ် အဲဒီဧည့်သည်ပုံစံကလား နေမကျ စားမကျဖြစ်မှာ"

"ဟင်...ဘာရယ်"

"ဘာကိုမှ အလေးအနက်မထား ပေါ့ပေါ့နေ ပေါ့ပေါ့စား သမား မဟုတ်လား မေမေရဲ့"





"ပြောတော့မယ်ကွယ်"

"အဟုတ်ပြောတာ မေမေ၊ သမီးတော့ တကယ်မနေဘူး ပြောင်းဆင်းမှာ၊ သူ ပြန်သွားတော့မှပဲ အိမ်ပေါ် ပြန်တက်တော့မယ်"

"ကောင်းမလားကွယ်"

"ဟင်...မကောင်းဘူးဆိုပြီး အိမ်ပေါ်မှာနေမှ ပိုဆိုးရော"

"ဟင်"

"မေမေ စဉ်းစားကြည့်"

"အင်း"

"သူနဲ့ သမီးက ရွယ်တူလေ"

"အင်း"

"ပန်းဖောက်သည်၊ ကြက်ဥဖောက်သည်တွေက ဘယ်တော့ ပြန်မလဲမသိတဲ့ တစ်စိမ်းယောကျ်ားဧည့်သည်ကို ဘယ်လိုထင်မလဲ၊ သမီးနဲ့ ဘာလိုလို ညာလိုလို ထင်စရာ ဖြစ်မသွားနိုင်ဘူးလားလို့၊ အဟွန်း...ဟွန်း ပျိုမဒီတို့က ဒီလိုကိစ္စမျိုးမှာ ကိုယ့်ကိုယ်ကို ယင်ဖိုမသန်းအောင် သန့်သန့်လေး နေလာခဲ့သမျှ ဘာမဟုတ်တဲ့ ဂျာဝါလားနဲ့တော့ အထင်မခံနိုင်ပါဘူးနော်...ဆောရီးပဲ"

"ရှူး...သမီးရယ်၊ တိုးတိုးပြောပါကွယ်"

"မရှိပါဘူး မေမေကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု…ဘယ်မှာလဲ"

"ဖေဖေနဲ့ ကြက်ခြံမှာ ဖြစ်မှာပေါ့"

သူ့ အသက်အောင့်ကာ ခြေဖော့နင်း၍ အသာလှည့်ထွက်လာခဲ့မိ၏။

တကယ်တော့ သူ အစအဆုံး ကြားလိုက်ရပါပြီတည်း။

တမင် နားထောင်နေတာတော့ မဟုတ်ပါ။

ရေငတ်လာသဖြင့် သူ ရေသောက်ရန် တိုက်နောက်ဘက်ရှိ ထမင်းစားခန်းဖက်ဆီ အပြင်မှပတ်ဝင်ရန် စိတ်ကူးဖြင့်အလာမှာ ထမင်းစားခန်းဘေးအရောက် 'ဟင်…အိမ်မှာနေမယ်' ဟူသော ပျိုမဒီ့အသံကြောင့် တန့်ကနဲရပ်ကာ နားထောင်နေမိခြင်း ဖြစ်၏။

ရေငတ်နေတာတွေပင် ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားရတော့သည်။

တိုက်အနောက်ဘက် ပျဉ်ကာ၊ သွပ်မိုး၊ တန်းလျားလေးဖက် လေးကန်စွာ လျှောက်လာရင်း အရိပ်ကောင်းသော ပိတောက်ပင်ကြီးအောက် အသာဝင်ထိုင်လိုက်မိ၏။

သူ့ရင်ထဲမှာ ရှက်ရွံ့၊ သိမ်ငယ်၊ ဝမ်းနည်းမှုတွေက တစ်ကိုယ်လုံး ဖြန်းကနဲ ပြန့်ကာ လူက တုန်တုန်ရီရီ ဖြစ်ချင်လာရ၏။

ကြည့်စမ်း…





ပျိုမဒီဆိုတဲ့ အမျိုးသမီးရဲ့ ပါးစပ်ဖျားမှာ သူ့ကို ရက်ရက်စက်စက် ပြောလိုက်တာများ ရဲစရာကို မရှိတော့ပါလား။

သူ့ကိုယ်သူ ဒီအထိ အပြောခံရမည်ဟု ဘယ်တုန်းကမှ ထင်မထား၊ တွေးမထားတာမို့ ခုလို ပျစ်နှစ်တစ်ခွစွာ အပြောခံရသောအခါ လူတစ်ကိုယ်လုံး ထူပူရှိန်းဖိန်းကာ ရှက်မဆုံးတော့။

'သူ့ဗျေးသား လူ့ပေါ်ကြော့စတိုင်လေ၊ လက်ကြောမတင်းဘဝကို အနှစ်မဲ့ ဂျာဝါလား အချိန်ဖြုန်းမဲ့ပုံစံပဲ'

'ဆယ်တန်း တဘုံးဘုံးကျလို့ အရပ်ကူပါ၊ လူဝိုင်းပါ ဖြစ်နေတာပေါ့နော်၊ အထင်သေးစရာ ကောင်းလိုက်တာ'

'ချစ်တာလား…နှစ်တာလားဆိုတာ ခုပဲ အဖြေပေါ်နေပြီလေ မေမေရဲ့'

'အဟွန်း…ဟွန်း ပျိုမဒီတို့က ဒီလိုကိစ္စမျိုးမှာ ကိုယ့်ကိုယ်ကို ယင်ဖိုမသန်းအောင် နေလာခဲ့သမျှ ဘာမဟုတ်တဲ့ ဂျာဝါလားနဲ့တော့ အထင်မခံနိုင်ပါဘူးနော်'

အလွန် ပြတ်သားပီပြင်လှသော ပျိုမဒီ့စကားတွေက သူ့နားနှစ်ဖက်မှတဆင့် ရင်ထဲ အသည်းထဲထိ စူးဝင်နစ်မြုပ်ကာ ရှက်ရွံ့ခံပြင်းမှုနှင့်အတူ သူ့မျက်နှာတစ်ခုလုံး ရုတ်ချည်း နီမြန်းလာရ၏။

ပျိုမဒီဆိုတဲ့ အမျိုးသမီး ကြီးကျယ်လှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်သေးလွန်းလှချည်လား။ အပြောရက်စက်ပုံများ သူ့တစ်ကိုယ်လုံး အငွေ့ပျံကာ ခုပင် ချက်ချင်း လွင့်ပျောက်သွားချင်စိတ်တွေပင် တဒင်္ဂမှာ လိှမ့်ပိန့်ကာ ရင်ထဲ အလုံးအရင်းကြီးစွာ ဝင်လာရတော့၏။

သူ့ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်၏ နှိမ့်ချ အထင်သေးမှုတွေကို တစ်ခါမှ မခံရဘူးသဖြင့် အံ့သြထူးဆန်းစိတ်တွေလည်း ရှက်ရွံ့ခံပြင်းမှုနှင့်အပြိုင် ရှိနေရ၏။

"ဟား..."

ခက်ပြီ...

သူ့အတွက် ခက်နေလေပြီ။

ဘယ်လိုလုပ်ရပါ့မလဲ။

ဆက်နေရမလား။

ခုချက်ချင်းပင် အိမ်ပြန်ရမလား။

ဖေဖေက သူ့ကို ထွက်လာကာနီးမှာ ပြောလိုက်သည့် စကားက...

"သားငယ်က ဘဝအကြောင်း သိပ်မသိသေးလို့ ဆယ်တန်း မအောင်သေးတာပါကွာ၊ အခု သားငယ်သွားရမယ့် ကိုကျော်အောင်ဆီမှာ သားငယ်အတွက် အဖိုးတန်တဲ့ ဘဝဒသနတွေ





ရသင့်သလောက် ရပါလိမ့်မယ်၊ ဖေဖေ ယုံကြည်တယ်ကွာ၊ အဲဒီက ပြန်လာရင် သားငယ်ဟာ အရင် သူရိယနဲ့ တခြားစီ ဖြစ်သွားလိမ့်မယ်"

ဆံပင်တွေကြားထဲ လက်ဆယ်ချောင်းထိုးသွင်းဖွပစ်ကာ သူ ခေါင်းမော့၍ အသက် ပြင်းပြင်းရှူလိုက်မိ၏။

နေမလား၊ ပြန်မလားဟူသော ဒွိဟစိတ်တွေက သူ့ကို လွန်ဆွဲစေလေပြီ။

အင်း...စဉ်းစားကြည့်တော့လည်း နေမှဖြစ်မည်ပဲ။

ပြန်သွားလျှင် သူ့လောက် အစွမ်းအစနည်း၊ အထင်သေးစရာကောင်းသည့်လူ ရှိမည်မဟုတ်။

ပျိုမဒီဆိုသော မိန်းကလေး၏ သူ့အပေါ် ရှုမြင်သုံးသပ်ထားမှု မှန်သမျှတွေကို ပြောင်းပြန်လှန်ပစ်ရမည်။

ပျိုမဒီ မင်းဝေဖန်ထားတဲ့ ငါ့အရည်အချင်းတွေကို တစ်ခုမှ မမှန်စေရဘူးကွာ။

ဘာတဲ့...လူ့ပေါ်ကြော၊ လက်ကြောမတင်း ဘာမဟုတ်တဲ့ ဂျာဝါလား၊ ဘဝကို အနှစ်မဲ့ အချိန်ဖြုန်းနေတဲ့လူ။

ဒါတွေအားလုံး တစ်ခုမှ မဟုတ်ဘူးဆိုတာ မင်း ဝန်ခံရအောင် ငါ ကြိုးစားပြမယ် မှတ်ထား။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကနဲ ခါးမတ်၊ ခေါင်းအမော့မှာ သူ့မျက်ဝန်းထဲမှ ဘယ်အချိန်ကတည်းက တွဲခိုနေမှန်းမသိသော မျက်ရည်နှစ်စက်က လွင့်ကနဲ ပြုတ်ကျလာရ၏။

"အံဟွန်း"

အံကြိတ်ပြုံးလေးနှင့် မျက်လုံးနှစ်ဖက်ကို ဘယ်ညာ ခပ်ကြမ်းကြမ်းလေး ပွတ်ပစ်ကာ သူ ထရပ်လိုက်သည်နှင့် ကြက်ခြံမှ အိမ်ဘက်ဆီလာနေသော ဦးကျော်အောင်က . . .

"မင်း အိမ်ထဲ မဝင်ဘဲနဲ့ ဘာထိုင်လုပ်နေတာလဲကွ၊ လာ . . လာ . . ထမင်းဆာပြီလား"

"ဦးလေး"

"ဟင် . . ဘာလဲကွ"

"ကျွန်တော် ပြောစရာရှိလို့"

"ဟေ"



## အခန်း(၈)

"ရှူး . . . သမီး၊ ဟိုမှာ လာနေကြပြီ"

မေမေ့စကား တိုးတိုးလေးကြောင့် မဒီ အပြင်ဘက်ဆီ ဝဲကနဲ ကြည့်လိုက်၏။

လာနေပါပြီ။

ဟွန်း . . . ပုံစံကိုက ပေါ့တီးပေါ့ပျက်စတိုင်။

အင်းပေါ့လေ . . .။

မိဘ၊ မောင်နှမတွေ အလိုလိုက်ခံထားရတဲ့ အငယ်ဆုံးသား တစ်ယောက်ရဲ့ ထောင့်မကျိုး၊ အချိုးမကျမှုတွေက အထင်းသား။

ဂျော်ဒန်နိုး ကက်ဦးထုပ်၊ တီရှပ်၊ ကျောပိုးအိတ်၊ ဘောင်းဘီ၊ ဖိနပ်။



www.burmeseclassic.com

www.burmeseclassic.com



အဟွန်း…တစ်ကိုယ်လုံး အကောင်းစား တန်ဖိုးကြီးပစ္စည်းချည်း။

ဂုတ်ပေါ်ဝဲနေသော ဆံပင်တွေကို ရွှေအိုရောင် ဆိုးထားလိုက်သေး၏။ အသားဖြူ၍သာပဲလေ၊ အသားများညိုရင်တော့ သူ့ရဲရုပ်ပေါက်နေမှာ။

သူဌေးသားတွေရဲ့ ထုံးစံပဲလား မသိ။

အားအားယားယား လေတောလို့ဝတော့မှ မိဘတွေက မဲဇာပို့လိုက်ပုံပင်။

တွေ့မယ်…တွေ့မယ်။

မဒီကလည်း ကိုယ်တိုင်ကကို အလုပ်နဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ အကြောပေးတတ်သူမဟုတ်။

ဒီလို မင်းသားစတိုင်မဟုတ်၊ ဂျပိုးမဟုတ် ဂျာလာဝါးပုံစံမျိုးနဲ့တော့ မဒီ့ရှေ့မှောက် လဲဖို့သာပြင်ထား။

စိတ်ထဲ ခပ်တင်းတင်းလေးတွေးကာ မဒီ မျက်နှာကိုပါ တမင် မော့ခါခါလေး နေပစ်လိုက်၏။

ထမင်းစားခန်းထဲ ဖေဖေ ဦးဆောင်ဝင်လာပါပြီ။

ဒီအချိန်က ထမင်းစားချိန်တော့ မဟုတ်။ မွန်းလွဲ သုံးနာရီနှင့် လေးနာရီကြားမှာ မဒီတို့ အဆာပြေတစ်ခုခု စားသည့်အချိန်မို့။





မေမေက ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီ လုပ်ထားပါသည်။ ဟိုတစ်ယောက်က ဖေဖေ့နောက် ကုတ်ကုတ်လေးပါ၏။

“လာကွာ…ထိုင်၊ အဆာပြေပေါ့ ဟုတ်လား၊ မအေးမြနဲ့ သမီးကို မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုခင်ဇော်ထွန်း သားငယ်လေ၊ ဟိုတစ်ခေါက် ငါ ရန်ကုန်ရောက်တုန်း ဆုံလို့ ခင်ဇော်ထွန်းက သူ့သားငယ်ကို အလည်လွှတ်လိုက်မယ်လို့ ပြောထားတာ”

မေမေက ပြုံးပြုံးလေး ပြောပါ၏။

“သြော်…ဟုတ်လား၊ ဒီမှာက နယ်ဆိုတော့ ရန်ကုန်မှာလို ပျော်စရာတော့ မကောင်းဘူးကွယ့်၊ ရောက်တုန်းလေး အေးအေးဆေးဆေးပေါ့နော်၊ ဒါနဲ့ နာမည်က”

“ထွန်းသူရိယပါခင်ဗျ”

မဒီ ကော်ဖီသောက်ရင်း နှာခေါင်းလေး မသိမသာ ရှုံ့လိုက်မိ၏။

ဟွန်း…ထွန်းသူရိယတဲ့။ နာမည်နဲ့လူ မလိုက်ပုံများ။

ထွန်းသူရိယအစား မှောင်လငပုတ်ပဲ ပြောင်းလိုက်ပါတော့လားလို့။

အလကား စဖျင်း၊ ဆယ်တန်းတောင် မအောင်သေးတဲ့ စည့်၊ မိဘပိုက်ဆံ သုံးဖြုန်းနေတဲ့ အီးပေါလောကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး…မဒီ"

"ရှင်…ဖေဖေ"

"ဘာတွေစဉ်းစားနေလဲ၊ ဖေဖေ ခေါ်တာ မကြားဘူးလား၊ ကော်ဖီထဲ ဘာရှိနေလို့လဲ"

အဟုတ်…ဖေဖေတို့များ အဲသလို တွယ်တာ၊ ဟုတ်ပါရဲ့။

မဒီကလည်း ကော်ဖီကိုပဲ သည်းကြီးမည်းကြီး စိုက်ကြည့်ပြီး ဟိုတစ်ယောက်ကို စိတ်ကူးနဲ့ နှိပ်နေတာ မဟုတ်လားလို့။

ဘယ်ရမလဲလေ…မဒီပဲ။ ချက်ချင်း အကယ်ဒမီချိတ်လောက်အောင် သရုပ်ဆောင်ပြလိုက်တာပေါ့။

"အာ…ဟုတ်တယ် ဖေဖေ၊ ကော်ဖီက ခါတိုင်းနဲ့မတူလို့ စဉ်းစားနေတာ၊ မေမေ ကော်ဖီပြောင်းထားလားဟင်၊ စူပါတော့ မဟုတ်ဘူး၊ တစ်မျိုးလေးဖြစ်နေလို့"

မဒီ့စကားကြောင့် မေမေပြုံး၍…

"အဲဒါပဲ ကြည့်တော့၊ သမီးဟာလေ နည်းနည်းလေးမှ လွဲလို့မရဘူး၊ အတော့်ကိုသိတဲ့ လျှာလေး"

"ပြောင်းထားတယ်ပေါ့"

"အင်း…စူပါကုန်သွားလို့ (…..) နဲ့ ရောထားတာပါကွယ်၊ နည်းနည်းပါ သမီးရယ်"





"အဟင်း…မရဘူး မေမေ၊ လျှာက အကျင့်ပါနေပြီ၊ သိမှသိ"

"သောက်လို့ မကောင်းဘူးလား သမီး"

"ကောင်းပါတယ်…နည်းနည်းပေါ့တာပေါ့"

"အင်းပါကွယ်…မလုံးကို အဝယ်ခိုင်းထားပါတယ်၊ ကဲ…ကဲ သောက်ပါ မောင်ထွန်းသူရိယ၊ မုန့်လည်း စားနော်၊ ပူပူနွေးနွေးလေးနဲ့ အန်တီကိုယ်တိုင် ကြော်ထားတာကွယ့်"

"ဟုတ်ကဲ့"

ကြက်ဥပေါင်မုန့်ကြော်က တကယ်ကောင်းလှပါသည်။ ဗိုက်ဆာဆာနှင့် သူ ပလုပ်ပလောင်း စားနေတာကို မဒီက မျက်စောင်းမသိမသာ ဝဲလိုက်ပြီးမှ…

"မေမေ"

"ဟင်…ဘာလဲ သမီး"

"မုန့်ရှိသေးလားဟင်"

"အင်း…ရှိတယ်…ရှိတယ်"

"ထည့်ပေးပါဦး…ဧည့်သည်က အားနာရှာတယ်နဲ့တူပါရဲ့၊ မစားရဲရှာဘူး"

"ဟဲ့…သမီးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



မဒီ့စကားကြောင့် သူ ဝါးနေသော မုန့်တွေပင် နင်ချင်ချင်ဖြစ်သွားရကာ ကော်ဖီကို ကမန်းကတမ်း သောက်ချလိုက်သည်နှင့်…

ရုတ်တရက် ဘယ်လိုမှ မထိန်းနိုင်ဘဲ 'သီး' ပါတော့၏။

"ဖူး…ဖရူး…အဟွတ်…ဟွတ်…ဟွတ်"

သွားပြီ။

သူ့အဖြစ်က တကယ့်ကို ပုံပျက်ပန်းပျက်၊ အရှက် ဟက်တက်ကွဲသွားရပြီတည်း။

ဒေါ်အေးမြက ပျာပျာသလဲလေး ဖြစ်သွားရကာ…

"ဩော်…ဖြစ်ရလေကွယ်၊ အတော်နေရခက်သွားလားကွယ့်၊ ရော့…ရော့ ရေလေးသောက်လိုက်ပါဦး၊ ဒီလိုပဲ အဆင်မပြေရင် သီးတတ်ပါတယ်ကွယ်၊ ရရဲ့လား…နေသာရဲ့လား"

"ဟုတ်ကဲ့"

အားနာစိတ်၊ ရှက်စိတ်၊ မိမိကိုယ်ကို အပြစ်တင်စိတ်တွေဖြင့် သူ မျက်ရည်ပင် ဝဲချင်ချင်။

သူ့အဖြစ်ကလည်း ဒီမိန်းကလေးရှေ့မှာမှနော်။

တကယ် စိတ်ပျက် စိတ်ဓာတ်ကျမိပါ၏။

မဒီကလည်း သူ့ကို ပြုံးစိစိလေး ကြည့်ကာ လက်သုတ်ပုဝါ တစ်ထည် လှမ်းပေးပြီး…





"ရော့…သုတ်လိုက်ဦး၊ ကလေးလေးကျနေတာပဲ၊ အင်းလေ…အငယ်ဆုံးလေးဆိုတော့ ကလေးပဲပေါ့၊ မေမေ သူ့ငယ်ထိပ်လေး မှုတ်ပေးပြီး ကနိ…ကနိ အုံ့ဖွ…အုံ့ဖွ လုပ်ပေးလိုက်ဦးလေ၊ ဒါဆို သီးတာ သက်သာသွားရော မဟုတ်လား အဟင်း ဟင်း"

ပြောပုံက သူ့ကို တကယ့်နို့စို့ကလေးကျနေတာမို့ ရှက်ပြုံးလေးနဲ့သာ သူ့မှာ အောင့်သီးအောင့်သက်လေး ငြိမ်နေလိုက်ရ၏။

ပျို့မဒီရာ…မင်းအမြင်မှာ ငါဟာ တကယ့်ကို ဟားစရာ လှောင်စရာ ဖြစ်နေပြီလားကွာ။

"သမီးက ဟောဟောဒိုင်းဒိုင်းကွ၊ အင်းလေ…အလုပ်သမားတွေနဲ့ ပြောဆိုဆက်ဆံရတာမို့ ဒီလိုမှပဲ အဆင်ပြေတာလေ၊ မအေးမြနဲ့ သမီးကို ပြောရဦးမယ်"

ဖေဖေ့စကားကြောင့် မေမေရော၊ မဒီပါ ဖေဖေ့ကို ကြည့်လိုက်ကြ၏။

"သူရိယက နောက်ဘက်တန်းလျားမှာ နေချင်လို့တဲ့"

"ရှင်"

"ဟင်"

မေမေရော၊ မဒီပါ မသိမသာ အံ့ဩသွားရကာ တစ်ယောက်ကိုတစ်ယောက် ဝေ့ကနဲ ကြည့်မိကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီလူ မဒီတို့ပြောဆိုနေတာတွေများ ကြားသွားလို့လား။

မဖြစ်နိုင်။ သူက ဖေဖေ့အနား ကြက်ခြံဘက်ရောက်နေတာပဲလေ၊ ခုမှ အတူတူ လာကြတာပဲ။

ဘာပဲဖြစ်ဖြစ် မဒီ ကျေနပ်သွား၏။ ကျေးဇူးပဲ သူရိယ။ ရှင် အလိုက်သိတတ်သားပါလား။

မေမေက အားနာဟန်ဖြင့်...

"ဟို...မဟုတ်တာကွယ်၊ အိမ်မှာပဲ နေပါ၊ ဟိုမှာက အလုပ်သမားတွေနေတာလေ၊ ဘယ်ကောင်းပါ့မလဲ"

မေမေ့စကားကို သူ မပြောခင် ဖေဖေက...

"အေး...ငါလည်း မင်းပြောသလိုပဲ ပြောပါတယ်ကွာ၊ တစ်ခါတလေမှ လာတဲ့ဧည့်သည်ဆိုတော့၊ ဒါပေမယ့် ခုကတစ်မျိုး ပြောင်းသွားပြီကွ"

"ရှင်...ဘာကိုလဲ ကိုကျော်အောင်"

"သူရိယကိုယ်တိုင်က တောင်းဆိုလာလို့"

"ဟင်...ဘာများလဲ"

"သူ့ကို ခင်ဇော်ဦးရဲ့သားအဖြစ်နဲ့ ဧည့်သည်သဘောမျိုး မဟုတ်ဘဲ ဒီခြံမှာ လိုအပ်ရင် အလုပ်တစ်နေရာရာ ပေးပါတဲ့"

"ဟင်"





"အို...မဟုတ်တာ"

မဒီ အံ့ဩသွားသလို မေမေကလည်း လက်မခံနိုင်ဟန် ခေါင်းခါတော့ သူက...

"တကယ်ပြောတာပါ အန်တီ၊ ကျွန်တော် အလုပ်လုပ်ချင်လို့ပါဗျာ၊ ဘာပဲဖြစ်ဖြစ် လုပ်ပါ့မယ်"

"ဘယ်ဖြစ်မလဲကွယ့်၊ မင်းရဲ့ပညာရေး၊ ပြီးတော့ မိဘတွေကလည်း ခွင့်ပြုမှာ မဟုတ်ပါဘူးကွယ်၊ မဟုတ်တာ"

သူ မဒီကို လှစ်ကနဲကြည့်တော့ သူ့ကို စူးစမ်းဟန် မယုံကြည်ဟန် ပြူးထေ့ထေ့လေး ကြည့်နေသော မဒီမျက်ဝန်းတွေကို အမြန်ဆုံး လွှဲဖယ်လိုက်ပြီးမှ...

"ဦးလေးနဲ့ အန်တီကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ဟင်...ဘာကိုလဲ"

"ကျွန်တော့်ကို အလုပ်တစ်ခုခု ပေးပါလို့"

"ဟင်...မဟုတ်ဘူးလေ၊ မင်း ပညာရေး"

"ကိစ္စမရှိဘူး ခင်ဗျ၊ ကျွန်တော် အလုပ်တစ်ဖက်နဲ့ စာကျက်ပြီး ပြန်ဖြေမှာပါ"

"ဩော်ကွယ်...မင်းက အဲဒီလို ခက်ခက်ခဲခဲ လုပ်စရာလားကွယ်၊ စာကိုပဲ စိတ်အေးလက်အေး ကျက်မှတ်စမ်းပါနော်၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ဖက်နဲ့ဆို ပင်ပန်းမယ်၊ ကသီမယ်၊ ပြီးတော့ မင်းမိဘတွေလည်း ဘယ်ခွင့်ပြုမလဲလို့"

မေမေ့စကားကို ဖေဖေက ဖြတ်၍ ပြောလိုက်၏။

"မအေးမြ"

"ဟင်…ဘာလဲ ကိုကျော်အောင်"

"ငါ တွေးမိပြီ၊ ဒီကောင် ဆုံးဖြတ်ထားပြီးပုံပဲကွ၊ ငါလည်း မင်းလိုပဲ ပြောပြီးပြီလေ မရဘူး၊ ဒီတော့ သူ့ဆန္ဒအတိုင်း အကောင်အထည်ဖော်ပေးဖို့ ခင်နေဇော်ထွန်းဆီက ခွင့်ပြုချက်လေး ယူရမှာပေါ့ကွာ၊ ကဲ…သူရိယ စိတ်ချ၊ ငါ မင်းအဖေနဲ့ ဆက်သွယ်လိုက်ဦးမယ်၊ အိုကေရင်တော့ ငါ့ကြက်ခြံမှာ အလုပ်သမားလိုနေတာတော့ အမှန်ပဲ၊ မင်းကို ခန့်မယ်…ဟုတ်ပြီလား"

"ကိုကျော်အောင်"

"အသာနေ မအေးမြ၊ သူလည်း အသိတရားနဲ့လူပဲကွာ၊ သူ့ခေါင်းထဲမှာ ခံယူချက်လေးတစ်ခုခု စွဲထားလို့ ဖြစ်မှာပေါ့၊ မကောင်းတာ လုပ်တာမှ မဟုတ်တာ၊ ငါ အားပေးကူညီရမှာပေါ့ကွာ"



## အခန်း (၉)

တန်းလျားဘက်မှ ပြန်လာသော မေမေ့လက်ထဲမှာ သုံးဆင့်စတီးလ်ချိုင့်လေး ပြန်ပါလာသဖြင့် မဒီ သဘောကျစွာ ပြုံးလိုက်၏။

အဟွန့်…ထင်သားပဲ။

မေမေ တပ်ခေါက်ပြန်လာရမယ်ဆိုတာ။

ကိုယ့်လူက မဒီ ထင်သလို မဟုတ်ဘဲကိုး။

မာနလေးနဲ့။

ဘာပဲကျွေးကျွေး မစား၊ မယူ။

သူ့ဘာသာသူ တစ်ဖက်ခန်းမှ ကိုဖိုးအေးတို့ ထမင်းအိုးမှာ ပေါင်းစား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေးက ကြက်ခြံမှ အလုပ်သမားခေါင်းဆောင်၊ စိတ်စေတနာကောင်းပြီး အလုပ်အကိုင်လည်း ကျွမ်းကျင်စိတ်ချရသူ။

ကိုဖိုးအေးမယား မစောက မနက်ပိုင်းမှာ ဈေးထဲ ပန်းတွေသွားရောင်းသဖြင့် လင်မယားနှစ်ယောက် အေးအေးဆေးဆေးပင်။

အရက်၊ ဖဲ မဆိုထားနှင့်၊ ကိုဖိုးအေးက ဆေးလိပ်၊ ကွမ်းပင်မစား။

မစောကလည်း စေ့စပ်သေချာ ကျစ်လစ် စုဆောင်းတတ်သူမို့ အတော်အသင့် စုမိဆောင်းမိပါ၏။

မစောက မဒီကို . . .

"ခုကတည်းက ရနိုင်သလောက် ကျစ်ကျစ်လေး စုထားနိုင်မှ မမလေးရေ၊ တော်ကြာ . . . စားမယ့်ပါးစပ်ပေါက်တွေ တိုးလာတော့မှာ၊ မစောတို့ကသာ မိဘဆင်းရဲလို့ ပညာကို ခရီးဆုံးတဲ့အထိ သင်ခွင့်မရကြပေမယ့် ကိုယ့်သားသမီးတွေ အလှည့်ကျ ကိုယ့်လို မဖြစ်စေချင်ဘူးလေ၊ ပညာတတ်မှ မျက်နှာမငယ်မှာ မဟုတ်လား၊ မမလေးကိုကြည့်ပြီး မစောတို့ လင်မယား အရမ်း အားကျနေတာ သိလား"

"အားကျတယ် . . . ဘာကိုလဲ မစော"

"ဩော် . . . ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ပညာတတ် ဘွဲ့ရဖြစ်ပြီး အရည်အချင်းလည်း ရှိလို့လေ"





"အဟင်း . . . မမြှောက်စမ်းပါနဲ့ မစောရယ်၊ မဒီက ဘာလုပ်ရတာမှတ်လို့၊ ပန်းလေးရောင်း၊ ကြက်ဥလေးရောင်းတာများ ဘာအရည်အချင်းလဲ၊ သူများကြားမှ ဟားစရာနော်"

"အံမယ် . . . ဘာလို့ ဟားရမှာလဲ၊ တကယ်ပြောတာ မမလေးရဲ့"

"ဟင်"

"အသက်ငယ်ပေမယ့် ကြက်ခြံ၊ ပန်းခြံက အလုပ်သမားတွေနဲ့ အပြင်က လာဝယ်ကြတဲ့ ဖောက်သည်တွေကို မမလေး ပြောဆိုဆက်ဆံပုံတွေ အပိုအလိုမရှိ၊ ကွက်တိပဲ၊ စီမံခန့်ခွဲတတ်မှုနဲ့ လိမ္မာပါးနပ်မှုဆိုတာ အရည်အချင်းပဲ မဟုတ်လား"

"တော်ပါတော့ မစောရယ်၊ ဖေဖေ့သမီးဆိုတော့ ဖေဖေ့ခြေဖျားလေး မီအောင် မနည်းကြိုးလိုက်နေရတာပါနော်"

"မစောတို့က မမလေးတို့ မိသားစုရဲ့ လုပ်ငန်းထဲမှာ အလုပ်လုပ်ရတာ ကံကောင်းတယ် သိလား"

"ဘာလို့တုန်း"

"အစစ အရာရာ နမူနာယူ အတုယူလို့ရတယ်လေ၊ အဟင်း ပြောနေရသေးတယ်"

"ဘာလဲ မစော"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးကိုရတဲ့ ယောကျ်ားဟာ ဖိုးကံကောင်းပဲလို့"

"အံမာ…ဘယ်သူက ယောကျ်ားယူမယ် ပြောလို့လဲ၊ ရယ်စရာ လာမပြောနဲ့၊ အပျိုကြီးပဲ လုပ်မှာ"

"ဟင်…ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး၊ သူ့ကျွန်မခံချင်လို့"

"သူ့ကျွန်မခံ…"

"အင်းပေါ့…လင်ယူတာနဲ့ အဲဒီမိန်းမ လင့်ကျွန်လုံးလုံးဖြစ်ရော၊ စားသောက်ဖို့ ချက်ပေး၊ ပြင်ဆင်ပေး၊ ဝတ်ဖို့အတွက် လျှော်ဖွပ်ပေး၊ မီးပူတိုက်ပေးရနဲ့ အမယ်လေး…တကယ့်ကို အစေခံနဲ့ ဘာမှမခြားဘူး"

"ပြောတော့မယ်…မမလေးကလဲ၊ ဒါ သဘာဝတရားပဲဟာ၊ လုပ်ရမှာပေါ့၊ သူလည်း ဝင်ငွေရှာရတာပဲ မဟုတ်လားလို့"

"မစော"

"ဟင်"

"ခုခေတ်မှာ လင်ရော…မယားရော အလုပ်လုပ်ကြရတာ တန်းတူပါပဲနော်၊ ဒါပေမယ့် မိန်းမမှာပဲ ချက်ပြုတ် လျှော်ဖွပ်ရတဲ့ တာဝန်ကြီးက သဘာဝဖြစ်ပြီး၊ ယောကျ်ားတွေကျ ဇိမ်နဲ့ အခန့်သားနပ်ရတဲ့ သဘာဝက အတော် မျက်နှာလိုက်တဲ့ သဘာဝကြီးပဲနော်"





"အဟင်း…ဟင်း…မမလေးက မတွေ့သေးလို့ပါနော်"

"ဘာကို မတွေ့တာတုန်း"

"ချစ်သူ"

"အင်း…ထားလိုက်၊ တွေ့ရင်တောင်မှ အဲဒီလူဟာ ပျို့မဒီလေးစား အထင်ကြီးနိုင်လောက်တဲ့ အရည်အချင်းရှိဖို့တော့ လိုလိမ့်မယ်"

"ဟုတ်တယ်နော်"

မဒီ့စိတ်ကူး ခံယူချက်တွေပါ။

ကိုယ်လည်း အရည်အချင်းရှိအောင်၊ တန်ဖိုးရှိအောင် နေမည်။

ကိုယ့်ကို သဘောကျ ရည်ရွယ်မည့်သူမှာလည်း အရည်အချင်းနဲ့ တန်ဖိုးလေးနဲ့ရှိမှ။

ကိုယ့်ထက်မသာတောင်မှ မနိမ့်စေရ။

ဒါပါပဲ။

လောကမှာ ယောကျ်ားတစ်ယောက်ကို ယူပြီးမှ သူ့ကိုသာ ကိုးကွယ်အားထားရာအဖြစ် တစ်သက်လုံး ကျွန်ခံပြီး ပြုစုလုပ်ကျွေးရမည့် မိန်းမထက် ကိုယ့်ကိုယ်ကိုသာ အားကိုးပြီး လွတ်ကင်းသန့်ရှင်းစွာ နေနိုင်ရန်သာ ဆန္ဒရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ကြည့်ပြီး၊ မဒီ အိမ်ထောင်ပြုချင်စိတ် မရှိတော့။ ဖေဖေ အလွန်တော်ပါသည်။

အလွန်တော်သော ဖေဖေ့ကို အလိုက်သိ လိမ္မာစွာ ပြုစုယုယ ပေးတတ်သော မေမေ့ အိမ်ရှင်မ ဘဝကြီးက တကယ်ကို စိတ်ကုန် စရာ။ ကိုယ့်အတွက် ဘာမှ မတွေးအား။

လင်သားအတွက် ဦးစားပေးရလွန်းသဖြင့် တဖြေးဖြေး လူ့အခွင့်အရေးကြီး ဆုံးရှုံးနေသလိုလိုပင်။

ဇနီးကောင်းပီသလွန်းသော မေမေက ဖေဖေ့အတွက်ဆို နေရာတကာ ပျာပျာသလဲ အသင့်ရှိနေတတ်လွန်းတာက မဒီ့စိတ်ထဲ ပင်ပန်းလှပါ၏။

ခုလည်း ကြည့်။

ဖေဖေ့သူငယ်ချင်းသားဆိုတာနှင့်ပင် မေမေ့မှာ ဟိုတစ် ယောက်အတွက် အားနာပါးနာလေး နောက်ဆံတင်းငင် ရှိနေရလေ ပြီ။

အိမ်ပေါ်မှာ မနေသဖြင့် ဖျာ၊ ဌမ်းကပ်၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတွေ သွားပေးတာကိုပင် သူရိယဆိုတဲ့ ပုဂ္ဂိုလ်က…

“သိပ်ကောင်းလွန်းနေလို့ သုံးရမှာ အားနာပါတယ်၊ တော် သင့်ရုံပဲ ပေးပါ”





ဟု ဆိုတော့ရာ မေမေက…

“ကိစ္စ မရှိပါဘူးကွယ်၊ ဒါတွေက ဧည့်သည်လာရင် သုံး နေကျတွေပဲ အားမနာပါနဲ့၊ သုံးသာသုံးပါ”

ဟု ပြောသော်လည်း ခေါင်းခါ လည်ခါ ပြောလိုက်ပုံက…

“တောင်းပန်ပါတယ် အန်တီ၊ ကျွန်တော်က ဧည့်သည်မှ မဟုတ်တာဗျာ၊ အလုပ်သမားပဲဆိုတော့ လက်တွေ့ကျကျပဲ ကောင်း မယ် ထင်ပါတယ်၊ အန်တီက သိပ်ကောင်းတာတွေပေးလည်း ကျွန်တော် သုံးဖို့ စိတ်မသန့်ရင် မသုံးဘဲ ဒီအတိုင်းထားရမှာ၊ ဒါဆို ကျွန်တော့်အတွက် ပိုပြီး အဆင်မပြေမှုတွေ ဖြစ်လာမှာပါ”

“သြော်…ကွယ်”

ဒီတော့ မေမေက သူ သုံး၍ကျအောင် အကောင်းတွေထဲ က အနွမ်းအဟောင်းတွေကို ကြံဖန်ရှာထုတ်ရပါ၏။

အစားအသောက်ကျပြန်တော့ မေမေက…

“မင်း ဟိုမှာနေတာတော့ နေပေါ့ကွယ်၊ စားတာတော့ အန်တီတို့ပဲ တာဝန်ယူပါရစေ ဟုတ်လား”

ပွင့်ပွင့်လင်းလင်း ပြောကာမှ ပိုဆိုးပါတော့၏။

“အာ…မဟုတ်ဘူး အန်တီ၊ ကျွန်တော် ကိုယ့်အစီအစဉ်နဲ့ ပဲ ကိုယ်စားမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘယ်ဟုတ်ပါ့မလဲ၊ မင်းက ချက်တတ်လို့လား၊ အို..မဖြစ်ပါဘူး၊ အိမ်ကပဲ ကျွေးပါ့မယ်ကွယ်"

"ခွင့်လွှတ်ပါ အန်တီ၊ ကျွန်တော် ကိုဖိုးအေးနဲ့ ပြောပြီးပါပြီ"

"ဟင်...ဘာတုန်း"

"သူတို့အိုးထဲမှာပဲ ပေါင်းစားမယ်လို့"

"ဟဲ့...မဟုတ်တာ၊ အဲဒီလင်မယားက အရမ်းကို ကပ်စေးနဲပြီး ကျစ်လစ်စုတာ၊ ဟင်းကောင်းကောင်း ဘယ်စားရပါ့မလဲ၊ မင်း မစားနိုင်ပါဘူးကွယ်"

"နိုင်ပါတယ် အန်တီ၊ ကျွန်တော် ဟင်း ကြေးမများပါဘူးဗျာ၊ ဖြစ်သလို စားတတ်ပါတယ်"

"ဖြစ်ပါ့မလားကွယ့်၊ မစောက ထမင်းကို ကွက်တိလေး ချက်တတ်ပြီး ဟင်းဆိုလည်း တစ်မျိုးတည်း လုပ်တတ်တယ်ကွယ့်၊ အသားဟင်း မဟုတ်ဘူးနော်၊ ချဉ်ရည်ဟင်းဆို ပုဇွန်ဆိတ်လေး ခပ်တာနဲ့ ငါးမလိုတော့ဘူး၊ ဘဲဥဟင်းအစပ်ဆိုလည်း ရေအေးလေးနဲ့ ဟင်းချိုလုပ်စားကြတာလေ၊ ချဉ်ပေါင်ကြော်တစ်ခွက်နဲ့လည်းပြီး၊ ကန်စွန်းရွက်ကြော်နဲ့လည်းပြီး ဒါမျိုးစားတာ"

"ရပါတယ် ခင်ဗျ၊ ကျွန်တော် စားနိုင်ပါတယ်"





သူ နိုင်ပါတယ် ပြောသော်လည်း မေမေက ဘယ်လိုမှနေ၍ မကျေတာမို့၊ သုံးဆင့်ချိုင့်လေးထဲ အသားဟင်း၊ အရွက်ကြော်၊ ချဉ်ရည် ထည့်ကာ သွားပို့ပေးပါ၏။

လုံးဝ မစားပါ၊ မစောက...

"တကယ် မစားတာပါ ဒေါ်လေးရယ်၊ လာမပို့ပါနဲ့တော့၊ တစ်ခါစားလိုက်မိတာနဲ့ နောက်ထပ် လာလာပို့ပေးနေရင် လူကြီးကို ဒုက္ခပေးရာ ကျသွားမှာပေါ့တဲ့လေ၊ လုံးဝကို မထိတာ"

"ဟုတ်လား"

"သူ့ဒွေးသားပေမယ့် ကိန်းခန်းတော့ မကြီးဘူး ဒေါ်လေးရဲ့၊ ထမင်းတောင် ကုလားပုံပုံပြီး စားတာ၊ ကျွန်မတော့ အားနာပြီးပဲ ငါးလေး ပုဇွန်လေးတွေ ပါအောင်ချက်ပါတယ်"

"စားရဲ့လားကွယ်"

"ငါးတော့ မစားဘူး၊ ပုဇွန်စားတယ်၊ ကြက်ဥ စားတယ်၊ ဟို ကြက်သား..ဝက်သားတော့ မချက်နိုင်ဘူးလေ ဒေါ်လေးရဲ့၊ အံမယ်...သူက ကန်စွန်းရွက်ကြော်လည်း ဖြစ်ပါတယ်တဲ့"

"ဖြစ်ရလေ...ကဲ..ကဲ ဒီလိုလုပ်ရအောင် မစောရယ်"

"ရှင်...ဘယ်လိုလဲ ဒေါ်လေး"

"သူလည်း ရဲရဲတင်းတင်း စားဖြစ်အောင် ညည်းဟင်းအိုး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ငါ ဟင်းအခပ်တွေ လာ ထည့်ပေးပါ့မယ်ကွယ်၊ ခမျာ အစားချို့တဲ့ရှာမယ်"

"ဟာ…မဖြစ်ဘူး ဒေါ်လေးရဲ့"

"ဟင် ဘာလို့တုန်း"

"သူ ပြောထားတယ်၊ ဒေါ်လေး ဘာပဲပေးပေး မယူပါနဲ့တဲ့၊ သူ့အတွက် တာဝန်မပိစေချင်ဘူးတဲ့"

"ဟဲ့..တာဝန် မဟုတ်ပါဘူးကွယ်၊ မိတ်ဆွေရဲ့သားပဲဟာ၊ ဝတ္တရားရှိတာပေါ့၊ ဒီလာနေတာ သူ့အကြောင်းနဲ့သူဆိုပေမယ့် ကိုယ့်ဘက်က နိုင်သလောက်လေး ကူညီချင်တယ်လေ၊ အလကား မနေချင်ဘူးဆိုလို့ အလုပ်ပေးထားရပေမယ့် ဖိုးအေးကို ကြည့်ရှုစောင့်ရှောက်ဖို့ ပြောပါကွယ်"

"စိတ်ချ..ဒေါ်လေး၊ ကိုဖိုးအေးကလည်း သူ့ကို ညီအရင်းလိုပဲ ခင်နေပါပြီ၊ ကြက်စာကျွေး..ကြက်ဥကောက်လောက်ပဲ ခိုင်းတာပါ"

"အေး…အေး..လုပ်နိုင်ရဲ့လားကွယ်"

"ပျော်နေပုံပဲတဲ့လေ၊ အံမယ်…သူက စာမေးပွဲဖြေဖို့အတွက် အားနေရင် စာတွေပဲ တကုတ်ကုတ်လုပ်နေတာ ဒေါ်လေးရဲ့"





"ဟင်…စာမေးပွဲ"

"အပြင်ဖြေ ဖြေမယ်တဲ့"

"သြော်…သြော်"

မေမေ ပြောပြတော့ မဒီ တွေကနဲ ဖြစ်သွားရပြီးမှ…

"သြော်…တကယ်ဖြေမယ်ဆိုရင် ကျူရှင် သေချာတက်ပြီး ကျက်ရမှာပေါ့၊ ထိထိရောက်ရောက် လုပ်မှပေါ့၊ ဒီလို ကိုယ့်ဘာသာ ကိုယ် ကြိတ်လုပ်နေလို့ ရမတဲ့လားလို့၊ အလကား လုပ်ပြနေတာဖြစ်မှာပါ မေမေရာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"ကိုဖိုးအေး…ကိုဖိုးအေး"

သချိုတွက်နေသော သူရိယတစ်ယောက် တန်းလျားရှေ့မှ အသံကြောင့် မတ်ကနဲ ဖြစ်သွားရ၏။

ပျိုမဒီ အသံပဲ။

ပြဿနာပါလား။

ဒီအမျိုးသမီးကို သူရိယ တတ်နိုင်သမျှ မျက်နှာချင်း မဆိုင်ချင်။

ဘာ ာကြောင့်မှန်းမသိ၊ ပျိုမဒီ့ကို မြင်ရတာ သူ့ကိုယ်သူ သေးကြုံ့ သိမ်ငယ်သွားသလိုလို၊ ခံစားမှုမျိုးတွေက ရင်မှာ ကျဉ်ကန် ဖြစ်ဖြစ်သွားမိတတ်ပါ၏။





အထူးသဖြင့် မျက်လုံး…။

ပျိုမဒီ့မျက်လုံးတွေက စူးရှ ထက်မြက်တောက်လက်နေတတ်သလို၊ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိထားဟန်ဖြင့် ဘယ်အချိန်ကြည့်ကြည့်၊ ချပ်ရပ်စမတ်ကျစွာ မော့မော့ခါခါလေး ရှိနေတတ်ပါသည်။

ဒါကိုပဲ သူ ကြည့်မရ။

မိန်းကလေးဖြစ်ပြီး မိန်းမဆန်ဆန်လေး မဟုတ်။

ဘယ်သူနဲ့ဖြစ်ဖြစ်၊ ရဲတင်းပွင့်လင်း သွက်လက်အချက်ကျစွာ ပြောဆိုတတ်သော ပျိုမဒီအသွင်က ဘယ်တော့မှ ရှိုးတိုးရှန့်တန့် မရွံ့မရဲ အမူအရာလေးတွေ မရှိဘူးချေ။

ပျိုမဒီ မင်းက ဘယ်လောက်များ တော်နေတတ်နေလို့လဲ။

ဒီ ကြက်ခြံ၊ ပန်းခြံလေးလောက်နဲ့များ မင်းကိုယ်မင်း ဇရာမ လုပ်ငန်းရှင်ကြီး စတိုင်လ်ဖမ်းနေတာလား။

အဟား…အနူတောက လူချောလောက်ကများ ဟန်ပန် တစ်ခွဲသားနဲ့၊ ဘဝင်လေဟပ်နေပုံကိုက အမြင်ကပ်စရာ။

အဆိုးဆုံးက သူ့ကိုကြည့်တတ်သော ပျိုမဒီ့မျက်လုံးတွေကို သူ မကြိုက်ဆုံး။

လှောင်သလိုလို၊ အထင်သေးသလိုလို မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်မကြီးဘူး၊ အထင်သေးတယ်ပေါ့။

အင်းလေ…သူ့မှာလည်း အထင်ကြီးစရာ တစ်ကွက်မှ မရှိဘူးထင်ပါရဲ့။

မိဘတွေ ချမ်းသာတာမို့ အရင်က သူ စတားဖြစ်ကာ ရေပန်းစားခဲ့တာတွေ ပျိုမဒီမှ မသိရှာဘဲ။

ထွန်းသူရိယဆိုတာ ကောင်မလေးတွေ ပါးစပ်ဖျားမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါကွာ။

ဘာမှတ်နေလဲ။

မင်းကျမှ ဒီလိုအချိုးခံရတာ ခံပြင်းလွန်းတယ်။

"တံခါးလည်း ပွင့်နေတယ်၊ လူမရှိဘူးလား၊ ကိုဖိုးအေး… ကိုဖိုးအေး မရှိဘူးလား"

ဒုက္ခ။

မချောအသံက ထပ်ပေါ်လာတာမို့ သူ မနေသာတော့။

ဆတ်ကနဲ ထ၊ တံခါးမကြီး ဟဟလေးဆွဲဖွင့်ကာ ဖြေလိုက်ရ၏။

"ကိုဖိုးအေး ကြက်ခြံမှာ"

"ဟင်"

သူ့အသံကြောင့် ပျိုမဒီ သူ့အခန်းဘက် ဆတ်ကနဲ လှည့်





ကြည့်ကာ မျက်မှောင်လေးကြုံ့၍ သူ့ကို စူးစမ်းအကဲခတ်ဟန် မေးလေးဆတ်ကာ မေးတော့၏။

"ရှင်ကရော ကြက်ခြံမသွားဘဲ ဘာအချောင်ခိုနေတာလဲ၊ သွား…သွား…ကိုဖိုးအေးကို သွားပြောချည်၊ ကြက်ဥတွေ ယူလာပါလို့၊ ဝယ်မယ့်လူတွေ ရောက်နေပြီ၊ ကြက်ဥက မသယ်ရသေးဘူး၊ မြန်မြန် သယ်လာပေး ဟုတ်လား"

"ဟုတ်"

စိမ် ညွှန်ကြား အမိန့်ပေးဟန်၊ လက်တစ်ဖက်က ခါး ထောက်၊ ကျန်လက်တစ်ဖက်က လက်ညှိုးတညွှန်ညွှန်ဖြင့် ပြောဆိုနေသော ပျိုမဒီစတိုင်လ်က တကယ့်ကို အမြင်ကတ်စရာ။

ဒါပေမယ့် ဘယ်တတ်နိုင်မလဲ။

သူ့ဆန်စားရဲ့မှလေ…။

သူက အလုပ်ရှင်၊ ကိုယ်က အလုပ်သမား။

သူ့ညွှန်ကြားချက်အတိုင်းပဲပေါ့။

ချာကနဲ နောက်လှည့်၊ စားပွဲပေါ်က ပွင့်နေသော စာအုပ်များကို ပိတ်တန်ပိတ်။

စီတန်စီ၊ နေရာချသိမ်းနေစဉ်…

"ဟား…ဘာလုပ်နေတုန်း၊ ချက်ချင်း မသွားသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီမှာ အရေးကြီးလို့ ..အရင်လိုလို့ လာပြောနေတာတော့

ဘာလဲ···ဂရုမစိုက်တာလား၊ ဘာသဘောလဲ”

ပျို့မဒီအသံက စွာစွာစူးစူးလေး ပေါ်လာပြန်သဖြင့်

ဒိန်းကနဲ ပျာသွားရစွာ···

ထွက်လာကာမှ ဖိနပ်ချွတ်ဆီအဆင်း၊ ခြေထောက်ပ

ချက် ပျက်သွားရစွာ ခေါက်ကနဲ လဲတော့တာမို့···

ရှက်လည်းရှက်၊

ကိုယ့်အဖြစ်ကို ဒေါသလည်းထွက်။

ရင်ထဲ ဖျင်းကနဲ ထူပူတုန်လှုပ် ရှက်ရွံ့သွားရစွာ မျက်နှာ

တစ်ခုလုံး ရဲကနဲ နီသွားရတော့၏။

ပျို့မဒီက သူ့အဖြစ်ကို ခါးထောက်မပျက် အစအဆုံး ကြည့်

နေပြီးမှ···

သရော်ပြုံးလေး မဲ့မဲ့ပြုံးကာ···

“ဩော်···ဒုက္ခ၊ ခုမှ လမ်းသွားတတ်စ ကလေးလေး

လာတွေ့နေရပြန်ပြီ”

သူ ဘာမှ မပြောတော့။

ပျို့မဒီရှေ့မှ အမြန်ဆုံး ပြေးထွက်လာခဲ့မိတော့၏။

ဖိနပ်ပင် မစီးတော့။





ရင်ထဲမှာ ရှက်ရွံ့ကြေကွဲ သိမ်ငယ်စိတ်တွေ အလိပ်လိပ်

တက်လာရစွာ သူ့မျက်ဝန်းတွေ ရုတ်ချည်း ဝေဝါးသွားရလေသည်။

မျက်ရည် ဝဲပြန်နေပြီ။

ဒီမိန်းမ ရှေ့မှာမှ ခွေခေါက်လဲကျရသော သူ့အဖြစ်ကိုလည်း

သူ ဒေါပွမဆုံး။

ဖိနပ်မပါဘဲ၊ ခြေဖဝါးဗလာဖြင့် ကြက်ခြံဘက်ဆီ ဆင်း

ပြေးသွားသော သူ့ကို ကြည့်ကာ ပျို့မဒီ မျက်စောင်းဝဲကနဲ ထိုးပြီး

အိမ်ဘက်ဆီ လှည့်ပြန်သွား၏။

တန်းလျားနှင့် ကြက်ခြံက မလှမ်းမကမ်းလေးမို့ အပြေးလာ

နေသော သူ့ကို ခြံထဲမှ ကိုဖိုးအေးက လှမ်းမြင်နေလေသည်။

ပုံစံက တစ်မျိုးမို့ ကိုဖိုးအေး အပြင်ထွက်လာကာ ဆီးမေး

တော့၏။

“သူရိယ···ဘာလဲ”

ကိုဖိုးအေး အမေးကို သူ ရုတ်တရက် မဖြေနိုင်။

အမောဆို့ကာ ဟောဟဲရိုက်နေ၏။

မျက်နှာတစ်ခုလုံး နီမြန်းနေကာ မျက်ရည်တွေဝဲနေသော

သူရိယပုံစံက တစ်ခုခု ဖြစ်လာပြီ မဟုတ်ပါလား။

ခြေထောက်မှာလည်း ဖိနပ်မပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သူရိယ၊ ဘာလဲ··ဘာဖြစ်လာတာလဲကွာ၊ ပြောစမ်း···ပြော"

သူ့ပုခုံးကို ကိုဖိုးအေး လှုပ်မေးတော့မှ အမောဖြေဟန် အသက်ကို ဝအောင်ရှူလိုက်ပြီးမှ စီးကျလုလု မျက်ရည်တွေကို လက်ခုံနှစ်ဖက်နှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်ကာ သူ ရှက်ဝဲဝဲ ပြုံးမဲ့မဲ့လေးဖြင့် ပြောလိုက်၏။

"ကြက်ဥတွေ ယူလာပါတဲ့၊ ဝယ်မယ့်သူတွေ ရောက်နေပြီတဲ့"

"ဟာကွာ···ငါ ခုပဲ ယူလာတော့မှာကွ၊ ဘယ်သူကလဲ မမလေးကလား"

သူ ခေါင်းညိတ်တော့ ကိုဖိုးအေးက သူ့ကို မသင်္ကာဟန် တစ်ချက်ကြည့်လိုက်ပြီးမှ···

"နေဦးကွ···မင်းကရော ဘာဖြစ်လာတာလဲ၊ ဖိနပ်လည်း မပါ··မျက်နှာလည်းမကောင်းနဲ့ ဘာဖြစ်လို့လဲ"

သူ ခေါင်းခါပြကာ မချိပြုံးလေးဖြင့်သာ ဖြေလိုက်ပါသည်။

"ဟင့်အင်း···ဘာမှ မဟုတ်ပါဘူးဗျာ၊ ကြက်ဥတွေ သယ်မယ်လေ··ဘယ်မှာလဲ၊ တော်ကြာ···ကြာတယ်ဆိုပြီး ကောနေဦးမယ်ဗျာ"





ကိုဖိုးအေးက သူ့ကိုကြည့်ပြီး သဘောပေါက်ဟန် ခေါင်း တဆတ်ဆတ်ညိတ်ကာ···

"အင်း···မင်းကို မမလေး တစ်ခုခု ပြောလိုက်ပြီပေါ့ ဟုတ်လား"

"ရပါတယ်ဗျာ···သူက အလုပ်ရှင်ပဲ၊ ပြောခွင့် အပြည့်ရှိပြီးသားပဲလေ"

"သူရိယ"

"ဗျာ"

"အေးကွ···မင်းနဲ့ကျမှ မမလေးက မျက်နှာထားတစ်မျိုးနဲ့ ပြောတတ်တာ၊ ငါလည်း သတိထားမိတယ်ကွ၊ တကယ်တော့ မမလေးက သဘောကောင်းပါတယ်ကွာ၊ အပြောလေး နည်းနည်း ဆိုးတာ တစ်ခုပဲ၊ ဒါပေမယ့် အဲဒါကလည်း အများနဲ့ဆိုတော့ သူ့ အရွယ်··သူ့ဂုဏ်လေးနဲ့မို့ ဒီလောက်တော့ ရှိမှာပေါ့ကွာ"

ကြက်ဥတွေကို သယ်ရန် ပြင်ဆင်နေရင်းမှ ကိုဖိုးအေးက သူ့ကို ပြောနေပါသည်။

အသက်သုံးဆယ်ပတ်ဝန်းကျင်ခန့်ရှိသော ကိုဖိုးအေးက လူကြီးဆန်သလောက် သမာသမတ်လည်း ကျကာ၊ ကူညီတတ်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြက်ဥပုံးကို အသာထမ်းရင်း မချိပြုံးလေးဖြင့်…

"သူက ကျွန်တော့်ကို အမြင်ကတ်နေလို့ ဖြစ်မှာပေါ့ဗျာ"

"အမြင်ကတ်တယ်…ဘာဖြစ်လို့လဲ"

"ညှဲ့လို့ဖြစ်မှာပေါ့"

"နေဦး…မင်းတို့ မိဘချင်းက သူငယ်ချင်းတွေဆို"

"ဟုတ်ကဲ့"

"အင်း…အံ့သြစရာပဲကွာ"

"ဘာကိုလဲ ကိုဖိုးအေး"

"မင်းကို အလုပ်သမားအဖြစ် ခိုင်းတာကိုပေါ့၊ ငါတို့က မင်းမိဘတွေဟာ ဒီက ဦးကျော်အောင်တို့ရဲ့ ကျေးဇူးတွေ မကင်းလို့ တမင် ကူညီတဲ့အနေနဲ့ အလုပ်ပေးထားသလားလို့၊ ဒါပေမယ့် ကြည့်ရတာ မင်းက သူဌေးသားစတိုင်လ်၊ မင်းသားစတိုင်လ် ထွက်တယ်ကွ"

"ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော် လုပ်တာပါဗျာ၊ ဘဝ အကြောင်း သိချင်လို့"

"အံမာ…ကိုယ့်လူက အလာကြီးပဲ၊ ဘဝအကြောင်း သိအောင် ကြက်ခြံမှာ အလုပ်ဝင်လုပ်တယ် ဟုတ်စ"

"ဆိုပါတော့ဗျာ"

"သိနေပြီလား"





"အဟင်း…နည်းနည်းတော့ သိလာပြီ"

စကားတပြောပြောနှင့် အိမ်နား ရောက်လာတာမို့…

"ကိုဖိုးအေး"

"အင်း…ပြော"

"ကျွန်တော် အထဲမဝင်တော့ဘူးနော်၊ ဒါကြီးကို အပြင်မှာပဲ ချထားတော့မယ်"

"ဟင်…ဘာလို့လဲ"

"ဟင့်အင်း…မဝင်ချင်လို့၊ ကျန်တာတွေ သွားယူလိုက်ဦးမယ်"

"ဩော်…အင်း…အင်း မင်းမသယ်နဲ့တော့ကွ၊ ဟိုဘက်က တာတီးနဲ့ ချက်စုတို့ သယ်နိုင်း…ဟုတ်လား"

"ရပါတယ်ဗျာ"

အထဲမှာ ပျိုမဒီရှိတာမို့ သူ အထဲမဝင်ချင်။

အပြင်မှာ ကြက်ဥပုံးကို သူ ချပြီး ထွက်သွားတာကို မဒီက လည်း မြင်ဖြစ်အောင် လှမ်းမြင်၏။

ဝင်လာသော ကိုဖိုးအေးကို မဒီက…

"ဟိုတစ်ယောက်က…ဘာလို့ အထဲထိ မပို့တာလဲ ကိုဖိုးအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ကျန်တာတွေ သွားယူနေလို့ပါ၊ ရပါတယ်‥ငါပဲ သယ်လိုက်ပါ့မယ်"

"ဟွန်း…လက်ကြောမတင်းပုံများ အလုပ်ကို ဆုံးအောင် မလုပ်ဘဲ တန်းလန်းတန်းလန်းနဲ့ တစ်ပိုင်းတစ်စ လုပ်သွားတယ်၊ အဲဒါကြောင့်လည်း ဒီလိုဖြစ်နေတာပေါ့"



## အခန်း(၁၁)

ကျန် ကြက်ဥပုံးများသယ်ရန် တာတီးတို့ကို ခေါ်ရန် ကြက်ခြံကို တစ်ပတ်ပတ်လိုက်ရ၏။

တာတီးတို့က သန့်ရှင်းရေးလုပ်သားတွေ ဖြစ်၏။ သူ့ကို မြင်တော့ ချက်စုက…

"အစ်ကိုလေး…ဘာလဲဗျ"

"ကြက်ဥပုံးတွေ သယ်ဖို့ကွာ၊ မင်းတို့ အားရဲ့လား"

"ပြီးပြီ အစ်ကိုလေး‥ပြီးပြီ၊ အခု လာခဲ့မယ်"

"အေး…အေး ကျေးဇူးပဲကွာ"

"အစ်ကိုလေး…အဲဒီဘက်က မသွားနဲ့"

"ဟင်‥အ"



www.burmeseclassic.com

www.burmeseclassic.com



တာတီး စကားပင် မဆုံးလိုက်ရ။

သူ့ခြေထောက်မှ စူးကနဲ နာသွားတာမို့ ငုံ့ကြည့်လိုက်တော့...

"ဟင်"

သံတစ်ချောင်းက သူ မြှောက်ကြွကြည့်လိုက်သော ညာခြေဖဝါးမှာ တန်းလန်းကြီး ပါလာ၏။ သံစူးပြီ။

သူ ဆောင့်ကြောင့်လေးထိုင်ချကာ သံကို ဆတ်ကနဲ ဆွဲနှုတ်တော့ သွေးစို့ကနဲ ထွက်လာ၏။

အလန့်တကြားလေး သူ သွေးစို့နေသော နေရာကို လက်မ ထိပ်လေးနှင့် အသာဖိထားလိုက်၏။

"အစ်ကိုလေး"

ခေါ်သံနှင့်အတူ တာတီးရော၊ ချစ်စူပါ သူ့အနား ရောက်လာကြကာ တာတီးက...

"ဟင်...သံစူးတာလား အစ်ကိုလေး၊ ဟောဗျာ..အစ်ကိုလေးမှာ ဖိနပ်လည်း မပါပါလားဗျ"

သူ ဘာမှမဖြစ်ဟန် ပြုံးပြလိုက်ပြီးမှ...

"ရပါတယ်ကွာ...သွား..သွား မင်းတို့ ကြက်ဥပို့မှာသာ သွားပို့၊ ဟိုမှာ..စောင့်နေတယ်"



BURMESE CLASSIC .com



"အစ်ကိုလေး သံစူးတာဆို အရေးကြီးတယ်ဗျ၊ မမလေးကို သွားပြောလိုက်မယ်"

"ဟာ..ဟော့ကောင် ချစ်စူ၊ ဘာမှ သွားမပြောနဲ့နော်၊ ဘာမှ မဖြစ်ဘူး၊ နည်းနည်းလေးရယ်"

"မေးခိုင်ဝင်တတ်တယ်လေ အစ်ကိုလေးရ"

"အေးပါကွာ...ငါ နားလည်ပါတယ်၊ ပြောနေတာနဲ့တင် နောက်ကျနေပြီ၊ ကြက်ဥတွေပဲ မြန်မြန်ယူသွားကြတော့၊ ငါလည်း သွားတော့မယ်၊ ဘာမှမဖြစ်ဘူး ကြည့်"

တာတီးတို့ရှေ့မှာ သူ မနာဟန်ဆောင်ကာ ခပ်တည်တည် ထွက်လာခဲ့ပေမယ့် သံစူးသည့်နေရာက တကယ် တစစ်စစ် နာနေပါသည်။

သူ့အခန်း ပြန်ရောက်တော့မှ ခြေထောက်ကို ရေစင်စင် ဆေးကာ သံစူးရာကို အသေအချာကြည့်ရ၏။

စူးရာက ခပ်နက်နက်လေးမို့ ခုပင် တစစ်စစ်နှင့် ကိုက်နေလေပြီ။

သူ ဘာလုပ်ရမည်နည်း။

ဆေးခန်းသွားရမည်လား၊ မေးခိုင်ရောဂါ ဝင်တတ်တာကို သိပေမယ့် သူ့စိတ်က ဆေးခန်းသွားရမှာ ဝန်လေးနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ပျိုမဒီ၏ လျောင်တောင်တောင်၊ သရော်တော်တော်အပြုံးကို သူ တွေးမိကာ ဆေးခန်းမသွားချင်တော့။

ဒီမိန်းမသာ သိသွားလျှင်…။

"နမော်နမဲ့နဲ့ ဖြစ်တာတောင် နည်းသေးတယ်"

ဟူ၍ ပြောမှာသေချာ၏။

ဒီတော့ ပျိုမဒီ သိ၍မဖြစ်။

မစောက ပန်းရောင်းရာမှ ပြန်လာပြီး ထမင်းချက်ပြုတ်နေလေသည်။

သူ အိပ်ရာမှ ပက်လက် ဒူးထောင်လေး လှဲကာ ငြိမ်သက်နေမိစဉ်…

"အစ်ကိုလေး…အစ်ကိုလေး"

"ဟင်"

တာတီးအသံကြောင့် သူ ဆတ်ကနဲ ဖြစ်သွားရ၏။

ထကြည့်လိုက်တော့ တာတီးနှင့် ချက်စူ။

နောက်မှာတော့ ပျိုမဒီ။ သူ ထိတ်ကနဲ ဖြစ်သွားရ၏။

ပျိုမဒီက သူ့ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီးမှ မေး၏

"ရှင် သံစူးတယ်ဆို"

"နည်းနည်းပါ"





"အမယ်…ဘာနည်းနည်းပါလဲ၊ နည်းနည်းများများ သံစူးတယ်ဆိုတာ အန္တရာယ်တော့ ရှိတယ်လေ၊ နားမလည်ဘူးလား"

ချက်စူတို့ကို သူ မျက်မှောင်ကုတ်ကြည့်မိတော့၏။

ဒီကောင်တွေ လျှာကိုရှည်တယ်။

မပြောပါနဲ့လို့ မှာထားရက်နဲ့ တာတီးက…

"ကျွန်တော် ပြောလိုက်တာ အစ်ကိုလေး၊ တော်ကြာ… လွန်ကုန်မှာစိုးလို့"

"ကိစ္စမရှိပါဘူးဆိုကွာ"

သူ စိတ်ရှုပ် စိတ်တိုဟန်ပြောတော့ တာတီးက…

"မနှစ်က ကျွန်တော်တို့အိမ်နားက လူတစ်ယောက် ခုလိုပဲ သံစူးတာ အရေးမကြီးဘူးဆိုပြီး ထားလိုက်တာ မေးခိုင်ဝင်ပြီး သေရောဗျ၊ အဲဒါကြောင့် ကျွန်တော် စိတ်ပူတာ အစ်ကိုလေးရ"

သူ ဘာမှ မပြောခင် ပျိုမဒီက မဲ့တဲ့တဲ့လေး ပြုံး၍…

"ကဲ…ရှင် ကြားတယ်နော်၊ သေတတ်တယ်တဲ့၊ အဟွန်း… ရှင်သေမှာက အရေးမကြီးဘူး၊ ကျွန်မတို့ဆီ အလုပ်လုပ်ရင်း နမော်နမဲ့နိုင်လို့ မေးခိုင်ဝင်ပြီး သေသွားရတယ်ဆိုတဲ့ နာမည်ကြီး ကျန်ခဲ့မှာစိုးလို့၊ တာဝန်ရှိတဲ့အတိုင်း လုပ်ပေးရမှာပဲ၊ ရှင့်ဘာသာရှင် သေချင်လို့ ပေတေနေဖို့တော့ စိတ်မကူးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြောရမှန်း မသိတော့။

ဒိုးဒိုးဒေါက်ဒေါက် စွာစွာလန်လန် လာပြောနေသော ပျိုမဒီ မျက်နှာကို ဝဲကနဲသာ ကြည့်မိပြီး ခေါင်းငုံ့ထားလိုက်မိ၏။

ဒီမိန်းမ အတော့်ကို စွာတာပါလား။ ဘယ်သူက သချင်မှာ တဲ့တုန်း။ ပြောပုံကြီးက ခုပဲ သူ့မှာ အသက်ပဲ ထွက်ပြရတော့မလိုလို။

စိတ်ပျက်တယ်၊ အမြင်ကတ်စရာလည်း အတော့်ကို ကောင်းတဲ့မိန်းမ။

နေရာတကာ သူ့အမိန့်၊ သူ့ဩဇာတွေချည်းပဲ။

ထိုစဉ်မှာပင် ကိုဖိုးအေးက ဆိုင်ကယ်တစ်စီးနှင့် ရောက် လာလေသည်။

ပျိုမဒီက သူ့ကိုကြည့်ပြီး…

"ကဲ…အဝတ်အစားလဲ၊ ဆေးခန်းသွားပြီး အေတီတီ ထိုး ရမယ်၊ ဒါမှ စိတ်ချရမှာ"

ဘာမှ မတတ်နိုင်။

အမိန့်အတိုင်း သူ အဝတ်အစားလဲရန် ပြင်ဆင်တော့ ပျိုမဒီ က ကိုဖိုးအေးဆီ ဆင်းသွားပြီးမှာနေလေသည်။

"ကိုဖိုးအေး…ဒေါက်တာ့ကို သချာမေးခဲ့နော်၊ ဘယ်နှစ် ရက် လာရမလဲလို့"





"ကောင်းပြီ…မမလေး"

ပြောပြီး ပျိုမဒီက သူ့ကို ငဲ့၍ပင် မကြည့်တော့ဘဲ ထွက်သွား၏။ ဘာပဲဖြစ်ဖြစ် သူ ကျေးဇူးတင်ပါသည်။

အေတီတီ ထိုးရန် သူလည်း စိတ်ကူးမိပေမယ့် ပျိုမဒီ့မျက်စောင်းကို အန္တရာယ်ဖြစ်၍သာ ကိစ္စမရှိပါဘူးဟု ပြောလိုက်ရတာ။

တကယ့်တကယ်မှာ ကိစ္စအရမ်းရှိတာပေါ့။ မေးခိုင်ဝင်ပြီး သူ မသေချင်ပါ။

ဆိုင်ကယ်နောက်မှာ သူ ခွထိုင်လိုက်သည်နှင့် ကိုဖိုးအေး က ဝူးကနဲ မောင်းထွက်လာခဲ့၏။

ဒီဆိုင်ကယ်က ပျိုမဒီ့ဆိုင်ကယ်ပါ။

ဒီမြို့မှာ ဆိုင်ကယ် အလွန်ပေါတာမှ တစ်အိမ်တစ်စီးကျ လောက်အထိ ရှိပါသည်။

"စိတ်ညစ်နေလားကွ ငါ့ညီ"

ကိုဖိုးအေး မေးလိုက်တော့မှ သူ ခေါင်းခါကာ…

"ဟင့်အင်း…မညစ်ပါဘူးဗျာ၊ ဒီလိုပေါ့"

"မမလေးက စိတ်ရင်း တကယ်မဆိုးပါဘူးကွာ၊ ခုလည်း တာတီးတို့ ပြောလိုက်တာနဲ့ ချက်ချင်း စိစဉ်လိုက်တာလေ"

"အပြင်း…ကျေးဇူးပဲဗျာ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ၊ ငါ့ကိုလား..တာတီးတို့ကိုလား..မမလေးကိုလားကွ"

"အားလုံးပေါ့ဗျာ"

"အားလုံးထဲမှာ မမလေးကို ပိုပြီး ကျေးဇူးတင်ရမှာကွ"

"ဗျာ"

"ဆေးခန်းက နည်းနည်းဝေးတယ်ကွ၊ ဆိုင်ကယ်ရော..ဆေးဖိုးပါ ပေးလိုက်လို့လေ"

"သြော်...ဆေးဖိုး မှတ်ထားပါ့မယ်ဗျာ၊ ကျွန်တော် ပြန်ဆပ်မှာပါ"

"ဟာ...မလုပ်နဲ့ သူရိယ"

"ဟင်...ဗျာ..ဘာလို့လဲ"

"မမလေးတို့က အလုပ်သမားတွေ နေထိုင်မကောင်းဖြစ်ရင် လုံးဝတာဝန်ယူပေးတာကွ၊ ဆေးဝါးအာဟာရပေါ့၊ ဘယ်သူမဆိုပဲ၊ ပြောတာက ဝင်ငွေအပေါ်မှာ စားဝတ်နေရေးအပြင် ကြားဖြတ်ကြော်ငြာဝင်သလို ဖြစ်တတ်တဲ့ နေမကောင်းရင် ဆေးဖိုးဝါးခ ကုန်ကျရတာတွေဟာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေတယ်မဟုတ်လားကွာ၊ သူတို့အတွက် အလှူသဘောမျိုး သက်ရောက်စေတာဖြစ်လို့ နေမကောင်းရင် ဆေးကုပေးတယ်၊ စရိတ်ခံပေးတယ်ပေါ့"





"ဒီလိုလား"

"အင်း...မှန်လည်း မှန်တယ်ကွ၊ ငါတို့မှာ ဒီဝင်ငွေလေးနဲ့ပဲ မှီခိုစားသောက်နေရတာဆိုတော့ ရတာနဲ့ ကုန်တာ ကွက်တိလေး၊ စည်းစနစ်လေးနဲ့ စေ့စေ့စပ်စပ် ချွေတာနိုင်ပါမှ နည်းနည်းပါးပါး စုမိဆောင်းမိရှိတာကွာ၊ ဒီကြားထဲ နေထိုင်မကောင်းများ ဖြစ်လိုက်ရင် ဆေးဖိုးနဲ့ကို သွားရော၊ ဦးကျော်အောင်တို့က အဲဒါတွေ ကြည့်ရှုတော့ အလုပ်သမားတွေ သစ္စာရှိတယ်၊ ကြိုးစားကြတယ်ပေါ့ကွာ၊ တစ်နှစ်တစ်ခါ ဘောက်ဆူးပေးတာတွေလည်း ရှိတယ်ကွ"

"ကိုဖိုးအေး"

"အင်း"

"ခင်ဗျားတို့ဗျာ တခြားမှာ သွားလုပ်စားရင် ဒီ့ထက် ရနိုင်သားနဲ့"

"တခြားမှာ"

"ဟုတ်တယ်...ဥပမာ ဟိုဘက်နိုင်ငံဗျာ၊ မြက်မြက်ကလေးရတယ်ဆို"

"မင်း ဘယ်သူပြောလဲကွ"

"ဒီလိုပေါ့...ကျွန်တော်တောင် စဉ်းစားနေသေးတယ်"

"မလုပ်နဲ့ ငါ့ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဲဒီပြောတဲ့ကောင်တွေ အလကား..အာရိက်တာ"

"ဗျာ"

"မင်းစဉ်းစားကြည့်၊ ဟိုမှာသာ တကယ်ကောင်းနေရင် လူတွေအားလုံး ဟိုဘက်ရောက်ကုန်ပြီပေါ့ကွာ၊ ဒီဘက် ဘာလို့ ပြန်လာနေသေးလဲ၊ အဟင်း...ကိုယ် အမြီးပြတ်သလို သူများ ပြတ် စေချင်တဲ့ကောင်တွေ၊ လူတစ်ယောက်ရဲ့အသက်ဆိုတာ ပုရွက်ဆိတ် တစ်ကောင်လောက်တောင်မှ တန်ဖိုးမရှိ..မလုံခြုံတဲ့နေရာကွ သိလား"

"ဘာလို့လဲ"

"ဟ..ကိုယ့်ကာကွယ်ပေးတဲ့ မိဘ၊ ဆွေမျိုး၊ ဥပဒေမှ မရှိတာကွာ၊ လျှင်သူစားစတမ်းလေ၊ ဖျံကျနိုင်ကာမှ တော်ကာကျတဲ့ နေရာမျိုး၊ ငါတို့လို ရိုးသားကြိုးစားတဲ့ လူတွေနဲ့ မကိုက်ပါဘူးကွာ"

"ဒါဖြင့် ကိုဖိုးအေးက တစ်သက်လုံး ဒီအလုပ်နဲ့ပဲ နေသွား တော့မယ့်သဘောလား"

"ဟာ...ဘယ်နေမလဲ ငါ့ညီရာ၊ လူတိုင်းမှာ သူ့အနာဂတ် ရည်မှန်းချက်နဲ့သူ မဟုတ်လား၊ ငါနဲ့ မစောအတွက် မိဘတွေ ပေး ထားတဲ့ အမွေခြံလေးတစ်ကွက် ရှိတယ်ကွ"





"ဟုတ်လား"

"အင်း...အရင်းအနှီးလေးရရင် အဲဒီခြံထဲမှာ ခုလိုပဲ စိုက် မလား..မွေးမလား..တစ်ခုခုတော့ လုပ်မှာကွ၊ လောလောဆယ်မှာ တော့ ပညာသင်သဘော လေ့လာနေတယ်ဆိုပါတော့ကွာ"

"ဩော်...ဒီလိုလား"

"နေပါဦးကွ၊ မင်းက ငါ့ချည်း မေးနေတာ မင်းကရော"

"ဗျာ"

"အနာဂတ် ရည်မှန်းချက်လေ"

"အဟင်း...ဘာရယ် မဟုတ်သေးပါဘူးဗျာ"

"ဟ..ငါ့ညီရ၊ အဓိပ္ပာယ်မရှိတာ ပြောနေပြန်ပြီ"

"ဗျာ"

"ရည်မှန်းချက် မရှိဘဲနဲ့ မင်း ကြက်ခြံမှာ အလုပ်လုပ်တာ ဘာသဘောလဲ"

"ခင်ဗျားပြောသလို စားဝတ်နေရေးကြောင့်ပေါ့ဗျာ"

"အင်း..ထားတော့၊ စာတွေကျက်နေတာကရော"

"အဟင်း...အောင်ချင်လို့ပေါ့ဗျာ"

"အောင်ရင် ဘာလုပ်မလဲ"

"အောင်မှ စဉ်းစားမှာပေါ့ ကိုဖိုးအေးရာ၊ လောလောဆယ် မအောင်သေးလို့ စိတ်ညစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမိဘတွေက စီးပွားရေး အဆင်မပြေဘူးလား"

"ဟင်..ဗျာ"

"သူများကြက်ခြံမှာ အလုပ်တစ်ဖက်နဲ့ စာကျက်ရတ
မင်း ပင်ပန်းတာပေါ့၊ သူဌေးသားတွေဆို ဝိုင်းကျူရှင်..ဟုမ်းကျူရှ
တွေနဲ့ မဟုတ်လား"

"အင်း"

သူ မလုံမလဲလေး ရှိသွားရတော့၏။ ဪ...သူပေါ့ခဲ့လ
လွန်ခဲ့တဲ့အချိန်တွေ အလကား ဖြစ်ခဲ့ရလေပြီ။

"မမလေးဆို အရမ်းကြိုးစားတာကွ သိလား"

"ဟင်...ဘာရယ်"

"ဪ...မမလေးပြောတာ၊ ငါတို့ရှေ့မှာပဲ ဆယ်တန်
အောင်..ဘွဲ့ရ ဖြစ်သွားတာ ဘာကြာသေးလို့လဲ၊ အခု..မင်းနေတဲ့
အခန်းလေးက မမလေး ဆယ်တန်းတုန်းက နေခဲ့တဲ့အခန်းကွ"

"ဗျာ...ဘယ်လို"

"အေးအေးဆေးဆေး စာကျက်လို့ကောင်းတယ်လေ၊ အိမ်
အောက်မှာက လူ့အဝင်အထွက်နဲ့ ရှုပ်သလို အပေါ်ထပ်မှာလည်
နွေဆိုပူတော့ အခု အခန်းလေးက သစ်ပင်ရိပ်နဲ့ နေလို့ကောင်းတာကို
လဘ်ကောင်းတဲ့အခန်းကွ၊ မင်းလည်း အောင်အောင် ကြိုတ်ပေတော့"





"ဟုတ်ကဲ့"

ဘာကြောင့်မှန်း မသိ။

ရင်ထဲ လှိုက်ကနဲ ခါသွားရ၏။

ဪ...ပျိုမဒီ အငွေ့အသက်လွှမ်းသော အခန်းမှာ သူ
နေနေရတာပါလား။



www.burmeseclassic.com

www.burmeseclassic.com

## ❀❀ အခန်း(၁၂) ❀❀

"သံစူးလို့တဲ့လေ"

"ဟင်"

မဒီစကားကြောင့် ဖေဖေရော၊ မေမေပါ ဆတ်ကနဲ ဖြစ်သွားရပြီးမှ ဖေဖေက…

"ဘယ်မှာစူးတာလဲ"

"ကြက်ခြံနောက်က အမှိုက်တွေပစ်ထားတဲ့ နေရာတဲ့"

မဒီ ဖြေတော့ မေမေက…

"ဟင်…သူက အဲဒီကို ဘာသွားလုပ်တာလဲကွယ်၊ ဖြစ်ရလေ…များလား သမီး"





"ကိုဖိုးအေး ပြောတာတော့ မများပါဘူးတဲ့၊ သန့်ရှင်းရေးလုပ်နေတဲ့ တာတီးတို့ကို ကြက်ဥသယ်ပေးဖို့ သွားခေါ်တာတဲ့လေ၊ ဟွန်း…အဖြစ်မရှိပုံများ သံစူးရတယ်လို့"

မဒီ့နှာခေါင်းရှုံ့အပြောကြောင့် မေမေက…

"ခြော်ကွယ်…ဘယ်သူကများ အစူးခံချင်ပါ့မလဲ သမီးရယ်၊ တစ်ဖက်သားကို ဒီလို မပြောရဘူးလေ၊ မတော်တဆဆိုတာ ဖြစ်တတ်တာပဲကွယ်"

"ဆေးထိုးဖြစ်ရဲ့လား"

"ဟုတ်ကဲ့ ဖေဖေ၊ ကိုဖိုးအေးကို ဆေးခန်းသွားပို့ခိုင်းပြီးပါပြီ"

"ဖြစ်ရလေ…သူ့မိဘတွေသိရင် စိတ်မကောင်း ဖြစ်တော့မှာပဲ"

မေမေက အားနာဟန်နှင့် ခပ်ညည်းညည်းပြောတော့ ဖေဖေက ခေါင်းတဆတ်ဆတ် ညိတ်၍…

"အင်း…လုပ်နေကျ၊ နေနေကျ ပတ်ဝန်းကျင်မှ မဟုတ်တာကွာ၊ ဒီကောင် ဘယ်အထာကျနိုင်ပါ့မလဲ၊ သူ ဒီမှာ နေနိုင်တာကို ငါက အံ့ဩနေတာ"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သူ့မိဘတွေက သူ့ကို ဒဏ်ပေးထားတဲ့သဘောနဲ့ ဒီမှာ လာထားတာလား"

"အဲဒီလိုတော့ မဟုတ်ဘူး သမီး၊ အပြောင်းအလဲလေး ဖြစ်အောင် စိတ်ပြေလက်ပျောက် အလည်လွှတ်လိုက်တာပါကွာ"

"ဟင်…စိတ်ပြေလက်ပျောက်ဆိုလည်း သူ အလုပ်လုပ် စရာလိုလားလို့၊ တစ်ပတ်ဆယ်ရက် နေပြီး ပြန်သွားလည်း ဖြစ်တာကို"

"ဟုတ်တယ်…သူ့မိဘတွေကကို အံ့သြနေကြတာ"

"ဘာကိုလဲ"

"အလုပ် လုပ်တာကိုလေ"

"အလကား…ကြက်စာကျွေး၊ ကြက်ဥကောက်တာများ အလုပ်လား"

"သမီးရယ်…အဲဒါလည်း လုပ်အားခ ပေးရတယ်လေ၊ သူ့လုပ်အားနဲ့သူ နေချင်စိတ်ရှိတဲ့ဟာကို မကောင်းမြင်နေပြန်ပြီ"

"မကောင်းမြင်တာ မဟုတ်ဘူး မေမေ"

"ဟင်"

"သူ လုပ်နေပုံတွေက အခိပ္ပာယ်မှ မရှိတာ"





"ဟင်…ဘာလို့တုန်း"

"သူ့မိဘတွေက ချမ်းသာလား"

"အို…အများကြီး ချမ်းသာတာပေါ့၊ ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံ ချမ်းသာတဲ့လူတွေလေ"

"ဒါဖြင့် အဲဒီမျိုးဆက်က ဒီခြံမှာ နှစ်ပဲခြောက်ပြားဝင်ငွေ လေးနဲ့ ဘာဒုက္ခလာခံနေစရာလိုလဲ"

"အဲဒါတော့ ဖေဖေ သိတယ်"

"ဟင်…ဘာလဲ ဖေ့ဖေ"

"ခင်ဇော်ထွန်းက ပြောတယ်လေ၊ အိမ်မှာ ဒီကောင်က အငယ်ဆုံးဆိုတော့ အားလုံးက ချစ်ကြ··အလိုလိုက်ကြတာ၊ အကြီး ကောင်တွေက ထွန်းပေါက်သလောက် သူက သိုးမည်းလေးဖြစ်နေ တော့ အခု ဆယ်တန်း တဘုံးဘုံးကျနေတာနဲ့ပဲ အရှက်ကွဲစရာ·· သိက္ခာကျစရာ ဖြစ်နေပြီ မဟုတ်လား"

"အံ့ပါရဲ့…အတော့်ကို ညံ့ချက်ပြင်းတဲ့ စဖျင်းဖြစ်လိမ့် မယ်၊ မိဘ တတ်နိုင်ရက်နဲ့ ဆယ်တန်းလေးတောင် အောင်အောင် မဖြေနိုင်တာ၊ ဒီတော့လည်း သူ့ဘဝ သူ နားလည်သွားလို့ပဲ သူ့ အရည်အချင်းနဲ့ တန်ရာတန်ရာ လာလုပ်နေတာ ဖြစ်မှာပေါ့"

"သမီးကလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက အားနာဟန် ပြောတာကို ဖေဖေက…

"အေးလေ…ဘာပဲဖြစ်ဖြစ် ကိုယ့်ဆီရောက်ခိုက် ကိုယ့်ဘက်က အတတ်နိုင်ဆုံး ကူညီဖို့ ဝတ္တရားရှိတယ်ကွ၊ သူ့မိဘတွေက သူ အလုပ်လုပ်နေတာကို အံ့လည်းသြပုံ၊ စိတ်မကောင်းလည်း ဖြစ်ပုံရပေမယ့် လွတ်ထားပေးပုံထောက်တော့ ဘဝသင်ခန်းစာ ရစေချင်လို့ ဖြစ်လိမ့်မယ်၊ ဆယ်တန်းစာမေးပွဲ ပြန်ဖြေမယ်ဆိုတာတောင် ငါ ပြောမှသိကြပြီး အံ့သြနေကြတာ၊ တကယ်ဆို အိမ်မှာ ဆရာခေါ်ပြီး ရှယ်သင်နိုင်တဲ့လူတွေပဲ့ကွာ၊ သူ့အမေကတော့ အိမ်ပြန်လာပြီး အကောင်းဆုံး ဘော်ဒါမှာဖြစ်ဖြစ်၊ အကောင်းဆုံးဆရာတွေ အိမ်ခေါ်ပြီးဖြစ်ဖြစ် သင်ခိုင်းစေချင်တဲ့ဆန္ဒ ရှိပုံရတယ်"

"အင်းလေ…ဟုတ်သားပဲ၊ သူက ဘာစတန့်ထွင်ရတာလဲလို့၊ အလကား…လုံးဝ အဓိပ္ပာယ်မရှိတာ"

မဒီ မဲ့တဲ့တဲ့လေးပြောတော့ မေမေက…

"အင်းလေ…သူလည်း သူ့စိတ်ကူးနဲ့သူ ရှိမှာပေါ့ကွယ်"

"တစ်မျိုးတော့ တစ်မျိုးပဲကွ"

"ဟင်…ဘာများလဲ"

"သတိထားမိလား၊ ဒီကောင် အပြင်တွေဘာတွေ သိပ်မထွက်ဘူး"





"ဟုတ်တယ်…မစောပြောတော့ အားရင် စာကျက်နေတာတဲ့လေ"

"အေးပေါ့ကွာ…ဒီလို အပိုးကျိုးကျိုး လိမ်လိမ်မာမာနေတော့လည်း ကိုယ့်ဘက်က နိုင်သလောက် အားပေးကူညီရမှာပေါ့၊ ဖိုးအေးကိုလည်း ငါ သေချာမှာထားပါတယ်၊ ဂရုစိုက်ပါလို့ မရှိဆင်းရဲလို့ လာနေတာမဟုတ်ဘူးလို့"

"ကျွန်မလည်း မစောကို ပြောထားပါတယ်ရှင်၊ အစားအသောက် အဆင်ပြေသလို ချက်ကျွေးပါလို့၊ ဒီကပို့ပေးတာလည်း အားနာတယ်ဆိုပြီး မစားတော့ မစောကိုပဲ ဟင်းစားလေးပေးပြီး အူစိုအောင် ချက်ခိုင်းနေရတယ်၊ မဟုတ်ရင် မစော ချွေတာတာနဲ့ အူခြောက်သွားလိမ့်မယ်"

"အစကတော့ ဒီကောင် အိမ်ပေါ်မှာ မနေဘဲ တန်းလျားမှာ နေချင်တာ၊ လွတ်လွတ်လပ်လပ် ရှိအောင်လားလို့၊ လက်စသတ်တော့ စာကျက်ချင်လို့ကိုး၊ အေးလေ…ဘာပဲဖြစ်ဖြစ် ဂရုစိုက်ရမှာပေါ့ကွာ၊ ကိုယ့်ဆီနေခိုက် ဝတ္တရား မပျက်စေနဲ့"

ဖေဖေရော…မေမေပါ အဲဒီတစ်ယောက်အတွက် အလေးထား ပြောဆိုနေတာတွေကို နားထောင်ရင်း မဒီ့စိတ်ထဲ ချဉ်တင်တင်လေး ဖြစ်လာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကို လက်စသတ် စားလိုက်ပြီးမှ ရေတစ်ခွက်ငှဲ့သောက်ရင်း ပြောလိုက်၏။

"သမီးတော့ သူ့ကို မရိုးသားဘူးလို့ပဲ ထင်တယ်"

"ဟင်...ဘာလို့လဲ သမီး"

ဖေဖေရော...မေမေပါ မဒီ့ကို အံ့သြဟန် ကြည့်တော့...

"ဟုတ်တယ်...ကြည့်ရတာ ကုတ်ကမြင်းဆိုးတလေး ဖြစ်မှာ၊ ဒါကြောင့် မအောင်နိုင်ဘဲ ဖြစ်နေတာပေါ့၊ သူ့မှာ အကြောင်းတစ်ခုခုရှိလို့ ဒီနေရာမှာ ကိုယ်ရောင်ဖျောက် ဇာတ်မြှုပ်လာနေနေတာ ဖြစ်လိမ့်မယ်"

"ဟင်"

ဖေဖေရော၊ မေမေပါ မဒီ့စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကွက်ကနဲ ကြည့်မိကြပြီးမှ ဖေဖေက ပြုံး၍ ပြောတော့၏။

"အင်း...သမီးထင်တာလည်း ထင်စရာပဲကွ၊ ဒါပေမယ့် ဖေဖေ ခင်ဇော်ထွန်းကို သေချာ မေးထားပြီးသားကွ"

"ဟုတ်လား...နောက်ကြောင်း ရှင်းတယ်တဲ့လား"

"ဟုတ်တယ်...ဘာပြဿနာမှ မရှိဘူး၊ သူငယ်ချင်းတွေနဲ့ သွားလာလည်ပတ်တာလောက်ပဲတဲ့၊ မဟုတ်တာ ဘာမှမလုပ်တတ်





ပါဘူးတဲ့၊ ဖေဖေက ရှင်းအောင် တစ်ခါတည်း မေးထားတာ၊ တချို့လူငယ်တွေမှာ ရှိတတ်တယ် မဟုတ်လား၊ ရန်ညှိုးရန်စလေးရှိကြပြီး ပြဿနာတက်တတ်တဲ့ဟာမျိုးဆို ကိုယ်က ကြိုသိထားမှ၊ ဖြစ်လာရင် ရင်ဆိုင်ဖို့ ပြင်ဆင်ထားရမယ်လေ"

"ဟွန်း...ဘုန်းကြီးအမူ ရှာလာပတ်မယ်တော့ မကြံနဲ့၊ မဒီ့ပါးစပ်နဲ့ တွေ့သွားမယ် မှတ်"

"သမီးရယ်...ကိုယ်က အိမ်ရှင်နော်၊ မျက်နှာပူစရာတော့ မဖြစ်ပါစေနဲ့ကွယ်"

မေမေက စိုးရိမ်ဟန် သတိပေးတော့ ဖေဖေက သဘောကျစွာ ရယ်၍...

"အဟား...သမီးက သူ့ရိယကို တော်တော်လေး ကြည့်မရ ဖြစ်နေပုံပါလားကွာ"

"ကြည့်ရစရာလား ဖေဖေရ၊ ယောကျ်ားလေးဖြစ်ပြီး ဆယ်တန်းလေးတောင် အဖြစ်ရှိရှိ အောင်အောင် မဖြေနိုင်ဘဲနဲ့ အထင်သေးစရာ ကောင်းလိုက်တာ"

"သမီးကလဲကွယ်...လူတစ်ယောက်ကို အကဲ့ရဲ့လည်း မစောနဲ့၊ ချီးမွမ်းလည်း မစောနဲ့တဲ့၊ အခု..သူလည်း ကြိုးစားနေတယ် မဟုတ်လား၊ ကြိုးစားရမယ်လို့သိတဲ့ အသိတရားလေးကို ချီးကျူးရမှာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကို မဒီ ခပ်လှောင်လှောင်လေး ပြုံးကာ...

"အဟွန်း...မေမေ့ရယ်၊ မချီးကျူးနိုင်ပါဘူးနော်၊ မိဘ ပိုက်ဆံတွေကို သူ အလဟဿ ဖြုန်းပစ်ခဲ့တဲ့နှစ်တွေ တွက်လိုက်ရင် ငွေလည်းကုန်၊ သူလည်း နှစ်နှစ်ကျဆိုတဲ့ အီးပေါ်လောကြီး ဖြစ်ရော မဟုတ်လား"

"ဟဲ့...ဘယ်လို ပြောလိုက်တာတုန်း"

"အီးပေါ်လောလေ...အဟင်း..သံစူးတာတောင် နည်း သေးတယ်၊ ဦးနှောက်တစ်စက်မှ မရှိတဲ့လူ"

"သမီး...တော်တော့၊ တစ်ဖက်သားကို သိပ်အထင်သေးဖို့ မကောင်းဘူးကွယ်"

"မေမေကလည်း သမီး အထင်သေးတာ နည်းပေါင် နည်းသေးတယ် သိလား"

"ဟင်...ဘာရယ်"

"ဘာလို့ သံစူးလဲ သိလား"

"ဟင်...ဘာလို့လဲ"

"ဖိနပ် မပါလို့လေ"

မဒီ့စကားကြောင့် ဖေဖေရော၊ မေမေပါ ဆတ်ကနဲ ဖြစ်သွား ကြတော့၏။





"ဘယ်လို...ဘာရယ် ဖိနပ်မပါလို့၊ ဒါ ဘာစကားလဲ သမီး"

"ဟုတ်တယ်...အဲဒီပုဂ္ဂိုလ်က ဖိနပ်မပါဘဲ ခြေဗလာနဲ့ တာတီးတို့ကို သွားခေါ်လို့ သံစူးတာ၊ ကဲ..သမီးပြောတာ လွန်လား"

မဒီ တစ်ကွက်မြှုပ်ထားလိုက်၏။

ဘာကြောင့် ဖိနပ်မပါ သည့်အကြောင်းရင်းကို မဒီပဲ သိတာလေ။

တခြား ဘယ်သူမှမသိ။

တုံး...အီးပေါ်လော...ကြောင်။

ဖိနပ်မစီးဘဲ သူမို့ ပြေးထွက်သွားတာပဲ။

သံကြီးက ခြေဖဝါးကို ဖောက်ပြီး ခြေဖမိုးဘက် ထွက် မလာတာဘဲ ကံကောင်း။

ကိုဖိုးအေးပြောတော့ သံက သူ့ခြေဖဝါးထဲ လက်တစ်ဆစ် နီးပါးလောက် နစ်ဝင်သွားတာတဲ့။

"ဖိနပ် မရှိလို့လားကွယ်..ဒုက္ခပါပဲ၊ မဖြစ်ပါဘူး..သွား ကြည့်ရအောင်၊ ကိုကျော်အောင်ရယ် တော်ကြာ လျှစ်လျူရှုထားတယ် လို့ ဖြစ်နေဦးမယ်"

"အမယ်လေး...လျစ်လျူမရှုပါဘူးနော်၊ ခါတိုင်း အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားတွေ သံစူးရင် သမီးက ဆေးခန်းပို့၊ ဆေးဖိုးရှင်း လုပ်ပေးနေ
ကျပဲဟာ၊ ခုလည်း…ကိုဖိုးအေးနဲ့ သွားပြီးပါပြီ မေမေရယ်''

''အေးလေ…ဘာပဲဖြစ်ဖြစ်၊ သွားကြည့်ရမှာပေါ့၊ မတော်
နေထိုင်မကောင်းမှုဖြင့်''

မဒီ ဘာမှမပြောတော့။ ထမင်းစားခန်းမှ ထွက်ကာ အလုပ်
ခန်းမှာ သွားထိုင်နေလိုက်၏။



## အခန်း (၁၃)

''မမလေး…ဒီမှာ ဧည့်သည်တွေ''

တာတီးအသံကြောင့် စာရင်းစာအုပ်တွေနှင့် အလုပ်များ
နေသော မဒီ ခေါင်း ဆတ်ကနဲ မော့ကာ ကြည့်လိုက်မိ၏။

လူနှစ်ယောက်၊ အသက် နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်နှစ်
ယောက်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် တစ်ယောက်က ဂျင်း
ဘောင်းဘီ အပြာနုနှင့် တီရှပ်အဖြူ။

အသားမဖြူမညိုနှင့် တစ်ယောက်က မြင်းချေးရောင် သရီး
ကွာတားဘောင်းဘီ အိတ်များများနှင့် ဆင်စွယ်ရောင်တီရှပ်။

ကြည့်လိုက်တာနှင့် အတွေ့အကြုံအရ မဒီ ဒက်ကနဲ
သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥဝယ်မည့်သူ၊ ပန်းဝယ်မည့်သူ မဟုတ်။ ပုံစံတွေက အပျံစား အသန့်စားဆိုပေမယ့် တည်ငြိမ် ရည်မွန်မှု မရှိ။

အကြည့်တွေက ကျီးကန်းတောင်းမှောက်လို ဂဏှာမငြိမ် ကြွေမြေမရ ဖြစ်နေတာမို့ ဗေဒင်မေးစရာ မလိုအောင် တွက်ဆလိုက်၏။ ဟိုပုဂ္ဂိုလ်ရဲ့ အပေါင်းအသင်းတွေပဲ ဖြစ်ရမည်ဟူ၍···၊

မဒီအတွေးမဆုံးမီပင် တာတီးက···

"ခြံဝမှာ တွေ့ရလို့ ကျွန်တော် မေးကြည့်တာ အစ်ကိုလေ သူငယ်ချင်းတွေတဲ့၊ အစ်ကိုလေးကို လာတွေ့တာတဲ့"

"ဟုတ်တယ်···ကိုယ်တို့က သူရိုယ အပေါင်းအသင်းတွေ ပါ၊ မ···ဟို"

တီရှပ်အဖြူနှင့် ပုဂ္ဂိုလ်က တာတီးစကားအဆုံးမှာ စကား ရော ဖော်ရော လုပ်ပြီး မဒီကို အကဲခတ်ဟန် မျက်နှာချိုသွေး ပြော လိုက်တာကို မဒီ လုံးဝ အမှုမထားဟန်ဖြင့်···

"တာတီး···နင်တို့ကို ငါ ဘယ်နှစ်ခါ ပြောရမှာလဲ"

"ဗျာ···မမလေး"

အခြောက်တိုက်ကြီးမို့ တာတီးလည်း ကြောင်နေလို့ နှစ်ယောက်ကလည်း တစ်ယောက်ကိုတစ်ယောက် မသိမသာ မေးလေးဆတ်ကာ ခေါင်းအသာရမ်းမိကြတော့၏။





မဒီမျက်နှာတစ်ခုလုံး တည်တင်းသုန်မှုန်နေရကာ ဟို နှစ်ယောက်ကို လုံးဝ ဂရုမစိုက်ဘဲ တာတီးကို ပြောလိုက်၏။

"အဲဒီတစ်ယောက်ကို ဘယ်သူက အစ်ကိုလေးလို့ခေါ်ခိုင်း လို့တုန်း၊ သူ့မှာ နာမည်ရှိတယ်၊ သူ့နာမည် ခေါ်ပါလို့ ဘယ်နှစ်ခါ ထပ်ပြောနေရဦးမှာလဲ တာတီး"

"သြော်···ဟို"

တာတီး ခုမှ သဘောပေါက်သွားရသလို ကျန်နှစ်ယောက် ကလည်း ပြုံးစိစိ ဖြစ်သွားကြတာကို မဒီက မြင်ဖြစ်အောင်မြင်တော့ ရာ ဆတ်ကနဲ ကြည့်ပြီး ပြောလိုက်တော့၏။

"ဘာပြုံးစိစိ ဖြစ်နေတာလဲ၊ ဒီနေရာကို ဘာမှတ်နေလဲ ဟွန်း···"

စွာတာတာလေး ပြောလိုက်သော မဒီကို မြင်းချေးရောင်နှင့် တစ်ယောက်က···

"အာ···မဟုတ်ပါဘူး၊ ခင်ဗျားကို ပြုံးတာ မဟုတ်ပါဘူး၊ ဒါနဲ့ ခင်ဗျားက···"

"အလုပ်ရှင်"

"ဟင်···အလုပ်ရှင်"

"ဟုတ်တယ်···ရှင်တို့ အပေါင်းအသင်းက ကျွန်မ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမား၊ ကဲ..တာတီး ခေါ်သွား၊ ဟိုတစ်ယောက်နေတဲ့ တန်းလျားမှ
စောင့်ခိုင်းထားလိုက်"

"ဟုတ်ကဲ့...မမလေး"

"ကြက်ခြံဘက် လုံးဝ မသွားခိုင်းနဲ့နော်"

"ဟုတ်ကဲ့ပါ"

"သွားတော့"

စကားအဆုံး မဒီ စာအုပ်ကြီးဖွင့်ကာ အလုပ်ဆက်လုပ်နေ
လိုက်၏။ လုံးဝ ဂရုမစိုက်တော့။

ဝေလရော...ပုဏ္ဏကပါ မဒီ့အချိုးကြောင့် တာတီးနောက်
အီလည်လည်လေး ပါလာရင်းမှ ဝေလက...

"ဟော့..ဟော့ကောင် ညီလေး မင်းတို့ အလုပ်ရှင်ကလည်း
တင်းလှချည်လားကွ၊ မျက်နှာများ မှော့ခါနေတာပဲ၊ တစ်လောကလုံး
သူ့လုပ်စာ ထိုင်စားနေကြတယ်ဆိုတဲ့ မျက်နှာပေးကြီးနဲ့ပါလားကွ"

တာတီးက ရယ်၍...

"ဟုတ်တယ်...အစ်ကို၊ မမလေးက ဒီလိုပဲဗျ၊ ဒါပေမယ့်
စိတ်တော့ အရမ်းကောင်းပါတယ်"

"ဘာ ... စိတ်ကောင်းတယ်"

"ဟုတ်ကဲ့"





"ရုပ်...ဘာစိတ်ကောင်းလဲကွာ၊ အင်မတန်ကို စိတ်ပုပ်ပြီး
အပေါက်ဆိုးတဲ့ဟာကိုများ၊ ရုပ်နဲ့တောင် မလိုက်ဘူးကွာ၊ နေဦး...
သူက အလုပ်ရှင်လို့ဆိုရအောင် ဒီခြံက သူပိုင်တဲ့ခြံလားကွ"

"ဟုတ်တယ်လေ...သူ့မိဘပိုင်ခြံပေမယ့် မမလေးက
တစ်ဦးတည်းသောသမီးဆိုတော့ တစ်နေ့ သူပဲရမှာ မဟုတ်လားဗျာ"

"ဟာ...အတော်မလွယ်တဲ့ဟာမလေးပါလား၊ သူရိယက
ဒီမှာ ဘယ်လိုလုပ်ပြီး နေနိုင်တယ်ဆိုတာ စဉ်းစားလို့ကို မရဘူးကွ"

"အစ်ကိုလေးက နေသားကျနေပြီဗျ"

"ဘာ..နေသားကျနေပြီ"

"ဟုတ်တယ်"

"ဟား...ဘာတွေလဲကွာ၊ သူရိယတစ်ယောက် ဂေါက်
သွားပြီလား"

"အစ်ကိုတို့ ခဏနေဦးနော်၊ ကျွန်တော် အစ်ကိုလေးကို
သွားပြောလိုက်မယ်"

"ဘယ်သွားပြောမှာလဲကွ၊ ငါတို့လည်း တစ်ခါတည်း
လိုက်မှာပေါ့"

"ဟာ...မဖြစ်ဘူးဗျ၊ ကြားတယ်မဟုတ်လား..မမလေး
က ကြက်ခြံဘက် လုံးဝ မခေါ်သွားရဘူးတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်…အဲဒီဟာမက ကြီးကျယ်လွန်းတယ်ကွာ၊ သွားတော့ရော၊ သူ့ကြက်တွေ ကြက်ငှက်တုတ်ကွေးဖြစ်မှာ ကျနေတာပဲ"

"မမလေးအဖေက သိပ်စည်းကမ်းကြီးတာဗျ၊ လူစိမ်း အနီးမခံဘူး၊ ရောဂါပိုးတွေ ဝင်လာမယ်တဲ့၊ ဒါ..အစ်ကိုလေးနေတဲ့ အခန်းပဲ၊ ခဏစောင့်နော်…မကြာဘူး၊ အခု သွားပြောပေးမယ်"

" အးပါကွာ…အေးပါ..လုပ်..လုပ်"

ဘကြ စိတ်ပျက်ဟန် ဆလံပေးကာ ပြောတော့ တာတီးကြက်ခြံဘက် အပြေးလေး ထွက်သွား၏။ ဝေလက သူရိယနေသော အခန်းရှေ့ ခွေးကတက်လေးမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီးမှ…

"ဟား…အံ့ရောကွာ၊ ဒီကောင် ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒီမှာ ဒီပုံစံနဲ့ နေတယ်လို့ကွာ၊ သူ့အမေသာမြင်ရင်လား ခေါက်ကနဲကို ခွေလဲသွားမယ့်အဖြစ်၊ ကြည့်စမ်းကွာ…အလုပ်သမားတန်းလျားမှာ သူဌေးသားက နေတယ်တဲ့ ကျွတ်"

"အေးကွ..ငါလည်း အံ့သြလွန်းလို့ အိပ်မက်လား ထင်နေတာကွ၊ ဒီကောင် ဘာကြောင့်တာလဲ၊ အခန်းပျက်နေလားကွာ၊ ဟုတ်ကို မဟုတ်တော့ဘူး"

"ပုဏ္ဏက…"





"အင်း"

"ဒီလိုပုံစံနဲ့ ငါတို့ကို ကြိုဆိုလိုက်တဲ့ ဟိုအမျိုးသမီးရဲ့စတိုင်က ရင့်တယ်နော်၊ ဒီတစ်ခါတော့ ရေလည်ခံလိုက်ရတာပဲကွာ"

"ခံရတာထက် ငါတော့ကွာ သူရိယဆိုတဲ့ကောင်ကိုပဲ နှုတ်နှုတ်စင်းပစ်ချင်တော့တယ် သိလား၊ သူ့ကြောင့် ငါတို့ကိုပါ အဲဒီမိန်းမ ကြည့်ပုံရှုပုံတွေက မတူမတန် အထင်သေးတဲ့ မျက်လုံးတွေနဲ့၊ အဟား…ကောင်မလေးတွေ ပါးစပ်ဖျားမှာ စတားဖြစ်ခဲ့သမျှ ခုမှ တကယ့်ကို ခွေးကျ ဝက်ကျပဲကွာ"

"ဟော…လာပြီ..လာပြီ"

ဝေလ မေးငေါ့ရာဆီ ပုဏ္ဏက လှမ်းကြည့်တော့မှ ပို၍ မျက်မှောင်ကြုတ်သွားရ၏။

ရှပ်လက်တို အနွမ်းနှင့် ပက်ပစီဘောင်းဘီတိုလေးနှင့် လာနေသော သူရိယပုံစံက တကယ့်ကို အလုပ်သမားစတိုင်။

သူတို့ကို မျက်မှောင်ကြုတ်ကာ အနားမရောက်ခင် လှမ်းပြောလိုက်ပုံက…

"မင်းတို့ ဘာလာလုပ်တာလဲ၊ ဘယ်သူခေါ်လို့လဲ၊ ပြဿနာပဲကွာ၊ ဘာကိစ္စ ရောက်လာတာလဲ"

မေးခွန်းတွေမေးရင်း အနားရောက်လာသော သူရိယကို



www.burmeseclassic.com

www.burmeseclassic.com



ဝေလရော၊ ပုဏ္ဏကပါ ပါးစပ်အဟောင်းသား မင်သက်အံ့ဩ ပြူး ကြောင်ကြောင်လေး ကြည့်မိကြပါတော့၏။

သူရိယက စိတ်ရှုပ်ဟန် ခေါင်းကုတ်၍…

"ဟော့ကောင်တွေ…ဖြေလေ၊ ငါ မေးတာ ဖြေစမ်းပါ"

ဝေလက မျက်လုံး ပေကလပ် ပေကလပ် လုပ်ကာ…

"ဟော့ကောင် မင်း သူရိယပဲနော်၊ ဘာလဲကွာ..အရှင်လတ်လတ်ကြီး ဘဝကူးလိုက်သလို ဖြစ်နေတာက ဘာအချိုးလဲ၊ ဘာပုံစံလဲ၊ နားမလည်ဘူးကွာ၊ လုံးဝ နားမလည်ဘူး"

ဝေလစကားကို သူ မချိပြုံးလေးနှင့်…

"အေး…နားမလည်တာဘဲ ကောင်းတယ်၊ မင်းတို့တွေ နောက်ထပ် ဒီကို မလာပါနဲ့တော့ကွာ၊ မြင်တဲ့အတိုင်းပဲ ဘာမှ ညှိခံစရာ မရှိဘူး"

"နေဦးကွ…မင်း ဒါ ဘာသဘောလဲ၊ ငါတို့ နားလည်အောင် ရှင်းပြဦးလေ"

ပုဏ္ဏက အမေးကို သူ ခေါင်းအသာခါကာ…

"ဟင့်အင်း…ဘာမှ ရှင်းပြစရာ မရှိဘူးကွာ"

"ဟ..မင်းမရှိပေမယ့် ငါတို့မှာ သိချင်တာတွေ အများကြီး၊ ကဲ..ငါမေးမယ်၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းအမေပြော





တော့ စိတ်ပြေလက်ပျောက် အလည်သွားနေတာတဲ့၊ အခု ငါတို့မြင်ရတာက…"

"ဟုတ်တယ်ကွာ…ငါ အလကားမနေချင်လို့ အလုပ်ဝင်လုပ်တာလေ၊ ငါ့ဆန္ဒနဲ့ ငါပါ"

"ဟာ…မဟုတ်သေးဘူး၊ မင်း ဒီလောက်အထိ အောက်ကျနောက်ကျ အလုပ်လုပ်စရာ လိုလားကွာ၊ ပြီးတော့ ဒီမှာနေတာတဲ့၊ ကြည့်စမ်း…ဒါတွေ မင်းမိဘတွေ သိလား ဟော့ကောင်"

"ဖေဖေ သိတယ်"

"မင်းအမေ မသိဘူးပေါ့၊ သိရင်လား မူးလဲသွားနိုင်တယ်"

"သွားမပြောနဲ့နော်…မေမေသိလို့ မဖြစ်ဘူး"

"ဘာလဲကွာ…ဘာတွေလဲ၊ မင်း ဘာတွေလျှောက်လုပ်နေတာလဲ သူရိယ၊ အဝင်ဝက မမကလည်း မျက်နှာထားဆိုးသလား မမေးနဲ့၊ မင်းအလုပ်ရှင်လေ..အဟား…ဒီနေရာက မင်းအဖေ သူငယ်ချင်းဆို၊ အဲဒီပုဂ္ဂိုလ်ကလည်း မင်း ဒီလိုနေတာကို လက်ခံတယ်လား"

"ငါ တောင်းဆိုတာပါဆို၊ ငါ့အပေါ် ကောင်းကြပါတယ်ကွာ၊ ငါ အဆင်ပြေပါတယ်"

"ကျွတ်..ဘာအဆင်ပြေလဲ၊ မြင်ရတာနဲ့တင် မသက်သာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပုံများ ပြန်ရအောင်ကွာ လိုက်ခဲ့၊ မင်းအိမ်မှာ မနေချင် ငါတို့အိမ် လိုက်ခဲ့၊ ရှယ်ပိုင်းနဲ့ ဒီနှစ် အပြတ်ကြိုးစားပစ်တော့မယ်၊ အဲဒါ အချိန်မီလာခေါ်တာ၊ တကယ်ပြောတာဟေ့ကောင်၊ အချိန်မရှိတော့ ဘူးကွ လုပ်ကြရအောင်၊ ကဲ…အဝတ်အစားတွေ သိမ်းတော့၊ တံခါး ဖွင့်"

တန်းလျားရှေ့မှာ ပြောဆိုနေကြတာမို့ ဝေလ အပြောကို သူ့ ခေါင်းအသာရမ်းကာ…

"ငါ မလိုက်နိုင်ဘူးကွာ၊ ဒီမှာပဲ နေတော့မယ်"

"ဟာ…ဘာ…ဟေ့ကောင် သူရိယ၊ မင်း ဘာပြောတယ်"

"မလိုက်တော့ဘူးကွာ၊ မင်းတို့ ပြန်နှင့်ကြပါ ဟုတ်လား"

"သူရိယ…မင်း ဆက်မဖြေတော့ဘူးလား ဟေ့ကောင်"

"အင်း…မဖြေတော့ဘူး"

"ဟာ…ဟေ့ကောင်"

"ငါ မဖြေချင်တော့ဘူး"

"ကျွတ်…မင်းအမေတော့ ရူးလိမ့်မယ်၊ ငါတို့ကို သေချာ မှာလိုက်တာ၊ နေရေးထိုင်ရေး အဆင်ပြေရဲ့လား၊ စာမေးပွဲ ပြန်ဖြေဖြစ် အောင် ပြောဆိုစည်းရုံးပေးပါဦးဆိုလို့၊ မင်းကွာ…မင်း ရူးနေပြီလား"

"အဟင်း…ငါ့အတွက် ဘာမှ မစဉ်းစားပေးကြပါနဲ့ကွာ၊





ဖေဖေနဲ့ မေမေကိုလည်း ငါညှဲတာ အဖြစ်မရှိတာတွေနဲ့ စိတ်ဒုက္ခ ပေးနေရတာ ကိုယ့်ကိုယ်ကို ရှက်လာလို့ ဒီနေရာမှာ ဇာတ်မြှုပ်ပြီးနေ ချင်တာပဲ ရှိတယ်"

"မဟုတ်တာကွာ…မင်းလို ပိဘ အရှိန်အဝါ အဆင့် အတန်းနဲ့ ဒီလိုနေစရာလား၊ ကြည့်ရတာ ရှေ့ကဟာမကလည်း အတော့်ကို ခွဲခြားမောက်မာတဲ့ပုံစံပဲ၊ မင်းတို့ကွာ…အဓိပ္ပာယ် မရှိ တာ လုပ်နေတယ်၊ မင်းကိုယ်မင်း ပြန်ငုံ့ကြည့်စမ်း သူရိယ၊ ဒီလို နေစရာလား၊ ဒီလောက် သိမ်ငယ်ချို့တဲ့စရာလိုလားကွာ၊ မင်းတို့ အိမ်က ဒရိုင်ဘာတောင် မင်းထက် ရှိုးကောင်းသေးတယ်၊ စိတ်ဓာတ် မကျပါနဲ့ကွာ၊ ကြိုးစားရင် ဖြစ်နိုင်တာချည်းပဲ၊ ငါတို့ မကြိုးစားခဲ့လို့ သာ မျက်နှာပန်းမလှ ဖြစ်နေရတာလေ၊ အခု ကြိုးစားရအောင် လိုက်ခဲ့ပါကွာ နော်"

"ငါ ဆုံးဖြတ်ပြီးပြီကွာ"

"ဟင်"

"ဒီလိုနေရတာ ငါ့အတွက် ပိုပြီး သင့်တော်သလိုပဲကွာ"

"ဟာ…ဟေ့ကောင် ဘာသင့်တော်လဲ၊ လုံးဝကို မဟုတ် တာ၊ ဘာလဲ မင်း မဟုတ်မှလွဲရော ဟိုဟာမကို ကျနေလို့လား"

"ဟင်…ဘယ်ဟာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟာမရှိရမလဲ၊ အဝင်ဝက မျက်နှာထားဆိုးဆိုးနဲ့ မမလေ၊ ရှပ်ကလေး လှတာပတာ ရှိချင်ရက်နဲ့ ဘဝင်လေ ငယ်ထိပ် တက်ကပ်နေတဲ့စတိုင်နဲ့၊ ဘာလဲ…အဲဒါကြောင့် မင်း မပြန်ချင်…"

"ဟာ…ရှူး…ဟော့ကောင် ဘာတွေလျှောက်ပြောနေတာလဲ ကွာ၊ အဲဒါ ဘွဲ့ရပြီးပြီကွ…အရမ်းထက်တာ၊ မင်းတို့ကို ဘာပြောလွှတ် လိုက်သေးလဲ"

"ပြောတာလား…ဟား…ရေလည်မောက်တယ်ကွ၊ ငါ တို့က မင်းမျက်နှာနဲ့ အဆင်ပြေမလားဆိုပြီး နည်းနည်းရောကြည့်တာ"

"ဘယ်လိုရောလဲ"

"သူရိယအပေါင်းအသင်းတွေပါလို့ ပြောလိုက်တာလေ"

"ဒီတော့…"

"ဟာကွာ…ငါတို့ကို အဖက်မတန်တဲ့မျက်နှာနဲ့ သူ့ကို ဟိုချာတိတ်က မမလေးလို့ခေါ်ပြီး၊ မင်းကို အစ်ကိုလေးလို့ခေါ်နေ တာကို ဆတ်ဆတ်ခါနေပုံနဲ့ ပွဲကြမ်းပစ်နေတာကွ"

"အေးကွာ…တာတီးတို့ကလည်း ငါ့ကို အဲဒီလိုမခေါ်နဲ့လို့ ပြောထားတာ မရဘူး…ပြဿနာပဲ"

"အဟက်…ဟက်…ဟုတ်တာပေါ့ကွ၊ အစ်ကိုလေးနဲ့ မမ လေးဆိုတာ တစ်တွဲတည်းဖြစ်…"





"ဒီမယ့်…"

တန်းလျားဘေးမှ အမှတ်မထင်ဘဲ ဘွားကနဲ ပေါ်လာသော မဒီ၏အသံနှင့်အတူ သူတို့သုံးယောက်ကို ခပ်စူးစူးလေး ခါးထောက် ကြည့်လိုက်ပြီးမှ သရော်ပြုံးလေးနှင့် ပြောလိုက်၏။

"ပါးစပ်တွေ အတော်အားနေကြတာပဲ၊ တန်ရာတန်ရာ ပြောရတယ်ရှင့်၊ သူများခြံထဲအထိ တကူးတက လာပြီး အရူးချီးပန်း စကားတွေနဲ့ ပါးစပ် အရသာခံနေတာတွေ၊ ယောကျ်ားလေးတန်မဲ့ အရှက်နဲ့သိက္ခာဆိုတာ နားလည်ရင် မြန်မြန်လေးကြွပေတော့၊ နောက် ဘယ်တော့မှ မလာပါနဲ့၊ ဟိုတစ်ယောက်လည်း သေချာ မှတ်ထားဦး၊ ပေါက်ကရပြောချင်တဲ့ ပါးစပ်တွေကို မချုပ်နိုင်ရင် တစ်ခါတည်းသာ လိုက်သွား၊ ဒီခြံထဲမှာ နှုတ်သရမ်းတာ အရွံဆုံးပဲ၊ ကျန်တဲ့နှစ်ယောက် မျက်နှာသေချာကြည့်ထား၊ ပျိုမဒီတဲ့…ပျိုမဒီနဲ့ တစ်တွဲတည်းဖြစ်ရ မယ့် ပုဂ္ဂိုလ်က ပျိုမဒီနဲ့ အနိမ့်ဆုံး တန်းတူလောက် အရည်အချင်းလေး ရှိမှ၊ ဆယ်တန်းလေးတောင် ဖြစ်မြောက်မှု မရှိဘဲနဲ့များ မတန်မရာ ပြောရတယ်လို့ ရယ်စရာကောင်းလိုက်တာ"

စကားအဆုံး ချာကနဲ မော့မော့ခါခါ မတ်မတ်လေး ထွက် သွားသော ပျိုမဒီကို ကြည့်ပြီး ဝေလရော၊ ပုဏ္ဏကပါ ကိုယ့်ပါးစပ် ကိုယ် ယောင်၍ ပိတ်လိုက်မိကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၄]

"သမီး…နေ့ခင်းက ဘာဖြစ်တာလဲ"

ထမင်းဝိုင်းမှာ ဖေဖေ ရုတ်တရက်မေးတော့ မဒီ ရုတ်တရက် ကြောင်သွား၏။

"ဘာကိုလဲ…ဖေဖေ"

"သူရိယ သူငယ်ချင်းတွေ လာသွားတယ်ဆို"

"သြော်"

မဒီ ရုတ်ချည်း မျက်နှာလေး မှုန်သွားရကာ…

"ဟုတ်တယ်…ဖေဖေ၊ သမီး ပြောလွှတ်လိုက်တယ် နောက် မလာနဲ့လို့"





မေမေက ဘာမှမသိ။ အားနာသွားဟန် မျက်ဝန်းများဖြင့်…

"သမီးရယ်…ဘာလို့ အဲဒီလို သွားပြောရတာလဲကွယ်၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို"

"မေမေ သိလို့၊ သိပ်ရိုင်းတာ သိလား"

"ဟင်..ဘယ်လို"

"ယောကျ်ားတွေဖြစ်ပြီး အာချောင်တယ်လေ၊ အဲဒါကြောင့် ပြောပစ်လိုက်တာ"

"ဟင်..ဘာပြောကြလို့လဲ သမီးရယ်၊ သမီးကို စ,လို့လား"

"အိုး…စ,စရာလား မေမေရဲ့၊ သမီးက သူတို့ စ,ချင်ရလောက်အောင် အထာပေးနေတာမှ မဟုတ်တာ"

"ဒါဖြင့်…"

"နေဦး..နေဦး မအေးမြရ၊ ငါ မေးပါရစေဦး ဟုတ်လား"

ဖေဖေ စ,လိုက်သောကိစ္စကို မေမေနှင့်မဒီ နှစ်ယောက်သား အပြန်အလှန် ပြောဆိုနေကြသဖြင့် ဖေဖေက ဝင်ဖြတ်လိုက်ပြီးမှ..

"သူတို့က သမီးကို ဘာလုပ်လို့လဲ"

"ဟင့်အင်း…မလုပ်ပါဘူး၊ သူတို့အချင်းချင်း ပြောတဲ့ စကားကြောင့် သမီး စိတ်တိုသွားတာပါ ဖေဖေရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ"

"အလကား…ပေါက်တက်ကရတွေပါ ဖေဖေ၊ ထုံးစံ
အတိုင်း ဟေးလားဝါးလား ပါးစပ်သရမ်းကြတာပေါ့"

"ဘယ်လိုသရမ်းတုန်း"

"အဟွန်း…တာတီးက ဒီက ပုဂ္ဂိုလ်ကို အစ်ကိုလေး
အစ်ကိုလေးနဲ့ ခေါ်တာ သမီးက ကြိုက်မှမကြိုက်တာ၊ မခေါ်နဲ့လို့
ပြောထားရက်နဲ့ အဲဒီ ဧည့်သည်တွေရှေ့မှာ ထပ်ခေါ်တော့ ဟိုက
နောက်စရာ ဖြစ်သွားတာပေါ့၊ သူတို့အချင်းချင်း တွေ့ကြတော့ ဒါကို
ပဲ ထပ်ဟားနေတာလေ၊ အစ်ကိုလေးနဲ့ မမလေးဆိုတာ တစ်တွဲတည်း
ဆိုနေတော့ အရမ်းစိတ်တိုပြီး သမီး ပြောလွှတ်လိုက်တာပေါ့၊ ဖေဖေ
ကို ဟိုပုဂ္ဂိုလ် တိုင်လိုက်တာလား ဟွန်း"

"မတိုင်ပါဘူး၊ သူ့ရိုယ်က ဘာမှမပြောပါဘူး၊ ဖေဖေ ကိုယ့်
ဘာသာ ကြားတာ၊ အပြင်က ပြန်လာတော့ ခြံဝမှာ အဲဒီကောင်လေး
နှစ်ယောက် ပြောနေတာ ကြားလို့"

"ဟင်…ဘာပြောနေလဲ"

"ပျိုမဒီတဲ့ကွာ…ဒါလောက်စွာတာ ဒီကောင်နေနိုင်တာ
အံ့ရော တဲ့လေ"

"ဟွန်း…မနေနိုင် ဘာအရေးလဲ၊ ဒီလောက်ပါးစပ်သရမ်း





တဲ့ဟာတွေ နောက်မလာရဲအောင် တစ်ခါတည်း ပြောလွှတ်လိုက်တာ၊
သူပါမကျေနပ်ရင် လိုက်သွားပေါ့"

"သမီး"

ပြောရင်းနှင့်ပင် စိတ်တိုလာသော မဒီကို ဖေဖေ ပြုံးကြည့်
ခေါ်လိုက်ပြီးမှ…

"သူ့ရိုယ်ကို သမီး ကြည့်မရတာ ဖေဖေတို့ သိပါတယ်ကွာ"

"ဟုတ်တယ် ဖေဖေ၊ စိတ်အနှောင့်အယှက် ဖြစ်ရလို့ပါနော်"

"သူက သမီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာတွေ
လုပ်နေလို့လဲကွာ"

"မလုပ်ပါဘူး၊ လုပ်လို့လည်း မရတာ၊ ဒါပေမယ့် သူ့ရှိနေ
တာ သမီးအတွက် ကသိကအောက်ဖြစ်တာ အမှန်ပဲ ဖေဖေ"

"ဟင်"

"လူတွေက သူနဲ့သမီးကို အမြင်တစ်မျိုးနဲ့ ကြည့်တတ်တာ
ကို သမီး မုန်းတယ် ဖေဖေ"

"အဟား…ဟား…ဟား"

ဖေဖေ ရယ်ပါတော့၏။

ရယ်တာမှ အကျယ်ကြီးမို့ မေမေက…

"ရှင်ကလည်း တိုးတိုးရယ်စမ်းပါရှင်၊ သမီးကလည်း
ကလေးမဆန်နဲ့လေ၊ ကိုယ့်ဖာကိုယ် မှန်တန်းနေတာ ဘာဖြစ်စရာရှိ



www.burmeseclassic.com

www.burmeseclassic.com



လဲကွယ်၊ ပြီးတော့ သူရိယက ဒီမှာ အမြဲတမ်းလာနေတာလည်း မဟုတ်တာ၊ ခဏတဖြုတ်နေတာကို သမီး ဒီလို ကဲကဲဆတ်ဖြစ်နေတာ အားနာစရာ ဖြစ်နေပါဦးမယ်ကွယ်"

"အို…မေမေကလဲ၊ ကဲကဲဆတ်ဖြစ်ထားမှ တော်ကာကျတာ၊ သမီးတော့ ရှင်းရှင်းပဲ၊ ဒီလိုလူနဲ့ အထင်ခံရမှာကို မကြိုက်တာ၊ လုံးဝပဲ…အကယ်စိတ်တိုရတယ် သိလား မေမေ"

"ဒုက္ခပါပဲကွယ်"

"ဖေဖေ ပြောမယ် သမီး"

"ဟုတ်"

"ဖေဖေလည်း အံ့ဩနေတာ"

"ရှင်"

"ဒီကောင်လေး ဘာကြောင့် ဒီလို လာနေရတာလဲဆိုတာ ပေါ့ကွာ"

"ဟုတ်တယ် ဖေဖေ၊ ရိုးရိုးပဲ တွေးကြည့်၊ သူကမှ ဒီလို နေစရာအကြောင်းကို မရှိဘူး၊ သူဌေးသားဆို ဘာလို့ ဒီမှာ ဆင်းဆင်းရဲရဲ လာနေနေရတာလဲ၊ မရိုးသားတဲ့ သဘောပဲ မဟုတ်လားလို့"

"အဲဒီသဘောတော့ မဟုတ်လောက်ဘူးကွ၊ ခင်ဇော်ထွန်း ပြောတာက သူ့သားက နှစ်နှစ်ကျဆိုတဲ့ သိမ်ငယ်မှုကို ကုစားဖို့





အတွက် အဝေးမှာ ခြေရာဖျောက်နေချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးရုံ သက်သက်လို့တော့ ပြောတာပဲ"

"ခြေရာဖျောက်တဲ့လူက ခုပဲ အပေါင်းအသင်းတွေ အနံ့ခံလိုက်လာကြပြီလေ၊ ရှေ့ဆက် ဟေးလားဝါးလားတွေ မလိုချင်လို့ ပိတ်ပြောထားလိုက်တာ"

"သမီးပြောတာ ကောင်းပါတယ်"

"အို…ကိုကျော်အောင်"

"တကယ်ပြောတာကွ၊ အပေါင်းအသင်းနဲ့တွေ့ရင် စိတ်လေပြီး စာဘက် အာရုံနည်းသွားမှာစိုးလို့ပါကွာ"

"ဖေဖေရာ…တကယ်ဖြစ်အောင် ကြိုးစားချင်စိတ်ရှိရင် ဒီမှာနေမှ မဟုတ်ပါဘူး၊ ကိုယ့်အိမ်မှာနေပြီး သက်တောင့်သက်သာလေး နေပါလားလို့"

"မရလို့ ဖြစ်မှာပေါ့ သမီးရာ"

"ဟင်"

"ခင်ဇော်ထွန်းက ပြောတယ်လေ၊ သူ့သားကို အစစ အရာရာ ကူညီပါတဲ့"

"ဟင်…ကူညီချင်တာက ခုလို အခလုပ်သမားအဖြစ်နဲ့ဆိုတော့ ကျွန်မဖြင့် စိတ်ထဲ မသက်သာလိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကို ဖေဖေက…

"အဲဒါကလဲ ဒီကောင်လေးဆန္ဒအတိုင်း လိုက်လျောပြီး ကူညီတဲ့သဘောပဲလေ"

"သူ့မိဘတွေက သူ ဒီလိုလုပ်နေရတာကိုရော သိကြလား ဖေဖေ"

"ခင်ဖော်ထွန်းတော့ သိတယ်၊ သူ့မိန်းမ မသိဘူး"

"ဟင်…ဘယ်လို"

"အမေဆိုတော့ ကိုယ့်သား အလုပ်လုပ်နေတာသိရင် ဘယ် စိတ်ချမ်းသာနိုင်မှာလဲကွာ၊ လုပ်ရတဲ့အလုပ်ကလည်း အလုပ်ကြမ်း၊ အောက်ခြေသိမ်းအလုပ်ဆိုတော့ မသိနိုင်ဘူးပေါ့"

"ဟင်…ဒါဖြင့် ဘယ်လိုသိထားတာတုန်း"

"ဒီခြံမှာပဲ စိတ်ပြေလက်ပျောက်နေနေတယ်လို့ပေါ့"

"စာမေးပွဲ ဖြေဖို့ကိစ္စကိုရော သူ့မိဘတွေ သိနေလား ဖေဖေ"

"မသိဘူး…သူရိုယက ဖေဖေ့ကို ပိတ်ထားတယ်"

"ဟင်…ဘာကလို့လဲ"

"သူ ပြန်ဖြေမယ်ဆိုတာ ဖေဖေတို့ကလွဲရင် ဘယ်သူမှ မသိစေချင်လို့တဲ့လေ"





"ဘာကြောင့်တဲ့လဲ ဟင်"

"ရှက်လို့ပေါ့…မအောင်ရင် ဖြေမှန်းမသိကြလို့ နည်းနည်း တော်မလားလို့ပေါ့ကွာ"

"သူက အောင်ဦးမှာတဲ့လား"

"သမီးကလဲကွယ်…ဒီလို မပြောရဘူးလေ"

"မဟုတ်ဘူး မေမေရဲ့၊ သူ့ဘာသာသူ ကြိတ်လုပ်တာ မှန် ရင် တော်သေးတယ်၊ မှားနေရင် သွားပြန်ရော တစ်နှစ်"

"အဲဒါ…ဖေဖေ ဆွေးနွေးကြည့်ပြီးပြီ"

"ဟင်"

"သူ ရအောင်ကြိုးစားပါ့မယ်တဲ့လေ၊ လိုအပ်တဲ့ စာအုပ် တွေကို ဖေဖေပဲ ဝယ်ပေးထားတာပေါ့၊ သူ့မိဘတွေအမြင်မှာ သူဟာ ကျောင်းစာကို လုံးဝ စိတ်မပါတော့လို့ ဖေဖေတို့ဆီမှာ နေပြီး စီးပွား ရေးအမြင်လေးဘာလေး ဗဟုသုတ ရအောင်လို့ကတစ်ဖက်၊ ပြီးတော့ အငယ်ဆုံးသားဆိုတော့ အိမ်မှာနေပြီး စိတ်လေလေနဲ့ အပေါင်း အသင်းတွေနဲ့ အချိန်ဖြုန်းနေတာထက်စာရင် ဒီမှာက ပိုကောင်းမယ် ထင်လို့တဲ့ကွာ"

"ရည်ရွယ်ချက်တွေကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သူတို့သား တန်းလျားမှာနေပြီး အလုပ်သမားတွေနဲ့အတူတူ စားနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို သိရင်တော့ ပက်လက်ကိုလန်သွားမလားဘဲ အဟင်း"

မဒီစကားကို ဖေဖေက ခေါင်းညိတ်လိုက်ပြီးမှ…

"သူရိယက သူ့မိဘတွေနဲ့ အပေးအယူလုပ်ထားတယ်လေ"

"ဟင်…ဘာကိုလဲ ဖေဖေ"

"သူ့ကို တစ်နှစ်လောက်ပဲ ဒီမှာ နေခွင့်ပြုတဲ့အချိန်မှာ သူ့ဆီ အဝင်အထွက် လုံးဝ မလုပ်ပါနဲ့တဲ့"

"ဩော်…သူ့အဖြစ်ကို သိသွားမှာစိုးလို့ပေါ့၊ သမီးပြောသလို သူတို့သား ဒီလိုနေတာ၊ စားတာ၊ လုပ်နေတာတွေ သိသွားရင် ကျွန်မတို့အပေါ် စိတ်ဖြစ်နေမလားပဲ ရှင်"

"ဒါ ကာယကံရှင်ကိုယ်တိုင်ရဲ့ ဆန္ဒအတိုင်း ကူညီပေးနေတာလေကွာ၊ စိတ်ဖြစ်ရင်လည်း သူတို့သားနဲ့ သူတို့ရှင်းပေါ့၊ ခင်ဖော်ထွန်းကတော့ သဘောတောင်ကျနေတာ"

"ရှင်"

"ဩော်…အလုပ် လုပ်ချင်စိတ် ရှိသွားတဲ့ သူ့သားကိုလေ"

"ဟုတ်လား"



# အခန်း (၁၅)

"သူရိယ"

ကိုဖိုးအေး ခေါ်သံကြောင့် စာကျက်နေရာမှ သူ တံခါးထဖွင့်ပေးလိုက်တော့ ကိုဖိုးအေးလက်ထဲမှာ အဖုံးလေးအုပ်ထားသော ကြွေရည်သုတ် ဇလုံငယ်လေးတစ်လုံးမို့…

"ဘာလဲ ကိုဖိုးအေး"

"ငှက်ပျောသီးပေါင်းကွ၊ ရော့…အဆာပြေ စားလိုက်ဦး၊ ပူနွေးနွေးလေး"

"ငှက်ပျောသီးပေါင်း"

သူ စူးစမ်းဟန် ဝေ့ကနဲ ကြည့်လိုက်ပြီးမှ စိတ်မဝင်စားဟန် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ဗျာ၊ မစားတော့ပါဘူး"

"ဘာလို့လဲကွ"

"ကျွန်တော် မကြိုက်လို့ပါ"

"အံမာ…ပော့်ကောင် အပြောမကြီးနဲ့ဦး၊ မုန့်ကို အရင်ကြည့်လိုက်ဦးကွ"

ကိုဖိုးအေးက ပြောလည်းပြော၊ သူ့မျက်နှာရှေ့မှာ ဇလုံးဖုံးလေး အသာဖွင့်ပြလိုက်တာမို့ အားနာနာနှင့် ကြည့်လိုက်ရချိန်မှာ မွှေးအီသင်းပျံ့သော ငှက်ပျောသီးပေါင်းအနံ့လေးက သူ့နှာဝဆီ ကလူသလို၊ မြူသလိုလေး ရှိသွားရတာမို့ မျက်ဝန်းတွေပင် လက်ကနဲ ဖြစ်သွားရတော့၏။

စားကောင်းမည့်ပုံပါလား။

အနံ့လေးက မွှေးပြီး စားချင်စရာ။

ကိုဖိုးအေးကို သူ ပြုံးစိစိလေး ကြည့်တော့…

"မြည်းကြည့်ကွ၊ တစ်ဇွန်းလေးပဲ မြည်းကြည့်၊ မကောင်းရင် ငါ ပြန်ယူသွားမယ်"

ဇွန်းလေးတစ်ချောင်း တပ်ရက်မို့ သူ ကိုဖိုးအေးလက်ထဲမှ ငှက်ပျောသီးပေါင်းခွက်လေးကို အသာယူကာ တစ်ဇွန်း ခပ်စားလိုက်၏။





ချိုမြမြ၊ ဆိမ့်တိမ့်တိမ့် အရသာလေးက သူ့လျှာပေါ်မှာ စွဲသွားရလေသည်။

"ကောင်းရဲ့လား"

"အင်း"

ကိုဖိုးအေးကို ပြုံးစိစလေး ခေါင်းညိတ်ပြလိုက်ရင်း ငှက်ပျောသီးပေါင်းခွက်လေး အသာမြှောက်ပြကာ…

"စားမယ်ဗျာ…ကျွန်တော်က စားမကောင်းဘူးထင်လို့ ငြင်းလိုက်တာ"

"ကောင်းလား"

"အင်း…ကောင်းတယ်၊ မွှေးမွှေးချိုချိုလေး၊ ကျေးဇူးပဲဗျာ၊ အစ်မစောလက်ရာက တကယ်ကောင်းတာပဲ"

ပါးတစ်ရ ခပ်စားရင်းမှ သူပြောလိုက်တော့ ကိုဖိုးအေး ရယ်ပါတော့၏။

"ဟင်"

သူ အံ့သြသွားရလေသည်။

သူ့စကားထဲမှာ ရယ်စရာ မပါဘဲနှင့် ကိုဖိုးအေး ဘာ့ကြောင့် ရယ်ပါသနည်း။

နားမလည်စွာ မုန့်စားရပ်ကာ သူ မေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖိုးအေး…ဘာရယ်တာလဲဗျ"

သူ့အမေးကြောင့် ကိုဖိုးအေး ပြုံး၍…

"မင့်စကားကို ရယ်ချင်လို့ပေါ့ကွာ"

"ဟင်…ကျွန်တော်ပြောတာ ရယ်စရာ ဘာများပါလို့လဲ ကိုဖိုးအေးရာ"

"မပါပေမယ့် ငါ့အတွက် ရယ်စရာဖြစ်နေလို့ကွ"

"ဗျာ"

"မင်းက မစောကို အထင်ကြီးနေတာကိုးကွ"

"ဗျာ"

"ဒီမုန့်ကို မစောလုပ်တာလို့ ထင်နေလား"

"ဟင်…မဟုတ်ဘူးလား"

"ဘယ်ကလာ‥မစောလား လုပ်တတ်မှာ၊ ငါ့မိန်းမက ထမင်းတောင် ဟင်းမပါဘဲ မရလို့ ချက်ရတာကွ၊ ဆားဖြူးစားလို့သာရရင် ဆားနဲ့ကို စားခိုင်းမှာ၊ အင်မတန် စေ့စပ် ကပ်စေးနဲတဲ့ မိန်းမကွ၊ အင်းလေ…ငွေဆိုတာလည်း စေ့စပ်နိုင်မှ စုမိတာကိုးကွာ၊ ဒီလို သွားရည်စာ မုန့်တွေဘာတွေ လုပ်စားနေရင် ဘတ်ဂျက် ထိခိုက်တော့မှာပေါ့ကွာ၊ မင်းရောက်လာလို့သာ ကံကောင်းလွန်းလို့ အသားဟင်းလေးဘာလေး စားရတာကွ၊ ဒေါ်အေးမြ ကျေးဇူးကြောင့်‥"





ကိုဖိုးအေးက ပြောရင်းဆိုရင်း စကား တိကနဲရပ်သွားတော့ ရာ နားထောင်နေသော သူ့မှာလည်း ဆတ်ကနဲ ဖြစ်သွားရပါတော့၏။

"ဟင်…ဒေါ်အေးမြ ဟုတ်လား"

သူ နားမလည်စွာ မေးတော့ ကိုဖိုးအေးက သူ့ပါးစပ်သူ ပွတ်လိုက်ပြီးမှ ရယ်၍…

"အဟင်း…ငါ စကားလောသွားလို့ကွာ၊ အခုမုန့်က ဒေါ်အေးမြ လုပ်တာလေ၊ ဒေါ်အေးမြက မုန့် ခဏခဏ လုပ်စားတတ်တယ်ကွ"

"ဟုတ်လား"

"အင်း…လုပ်ရင်လည်း အများကြီးလုပ်ပြီး အလုပ်သမားတွေ အားလုံးကို ကျွေးတာ"

"ဪ"

"အဲဒါကြောင့် စားလို့ကောင်းတာပေါ့ကွာ"

သူ ခေါင်းညိတ်ကာ မုန့်ကို ဆက်စားလိုက်၏။

ကိုဖိုးအေးက သူ့ကို ခေါင်းတညိတ်ညိတ် ကြည့်လိုက်ပြီးမှ ခေါ်လိုက်၏။

"သူရိယ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"ဟင်…ဘာဖြစ်လို့လဲ"

"သိချင်လို့ပေါ့ကွာ"

"လေးယောက်"

"မင်းက အကြီးဆုံးလား"

"မဟုတ်ပါဘူး…အငယ်ဆုံး"

"အကြီးတွေက ဘာလုပ်ကြလဲ၊ မင်းလိုပဲ ဆယ်တန်း မအောင်ကြသေးဘူးလား"

"ဟင်"

ကိုဖိုးအေး အမေးက သူ့ရင်ကို အောင့်သွားစေတော့၏။

သြော်…သူ့ကိုကြည့်ပြီး ကိုဖိုးအေး ဘယ်လိုတွေး၍ မေးလိုက်သည် မသိပါ။

ကိုယ် မဖြစ်သော်လည်း ကိုယ့်အစ်ကိုတွေကို အထင်အမြင် သေးတာကိုတော့ မခံနိုင်။

စိတ်ထဲ ထောင်းကနဲ ဖြစ်သွားရစွာ ပြောလိုက်တော့၏။

"ကျွန်တော့်အစ်ကိုတွေက ကျွန်တော့်လို မဟုတ်ဘူးဗျ၊ အရမ်းတော်ကြတာ"





"ဟုတ်လား"

"ကိုကြီးက အင်ဂျင်နီယာ"

"သြော်…ဟုတ်လား"

"ကိုလတ်က ဒေါက်တာဗျ၊ ဆရာဝန်…ဆရာဝန်"

"ဟား…တော်လိုက်တာကွာ"

"ကိုငယ်က တက္ကသိုလ်မှာ ကထိကဗျ၊ သူလည်း ဒေါက်တာဘွဲ့ရပေါ့"

"အားပါးပါး…တကယ့်ကို ရှာမတွေ့ချည်းပါလား ကွာ"

"ဟုတ်တယ်…ကျွန်တော်သာ ဘာမှမဖြစ်တဲ့ အညံ့ဆုံး လေ အဟင်း"

မချိုပြုံးလေးနှင့် သူ ပြောတော့ ကိုဖိုးအေးက သူ့မျက်နှာကို သေချာကြည့်ပြီးမှ…

"မင်းကို ကြည့်ရတာ ထူတူတူ အတာတပုံလည်း မဟုတ် ပါဘူးကွာ၊ အစ်ကိုတွေကျ ထူးချွန်ကြပြီး မင်းကျမှ ခုလို ဖြစ်နေရ တာဟာ အကြောင်းတော့ ရှိရမှာပေါ့ကွာ"

"အကြောင်း…"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးဗျာ၊ ညွှံ့လို့ပေါ့..အဟင်း"

သူ ပြီးစလွယ်လေး ပြောဟန်ကို ကိုဖိုးအေးက လက်မခံနိုင်ဟန် ခေါင်းအသာရမ်းလိုက်ပြီးမှ...

"မဖြစ်နိုင်ဘူးကွာ၊ မင်းညွှံ့တယ်ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး"

"ဗျာ...ဘာဖြစ်လို့"

"မင်းအစ်ကိုတွေအားလုံးက တော်နေပြီး မင်းကျမှ ဒီလိုဖြစ်နေတာ မင်း ပျင်းနေသေးလို့၊ ဒါမှမဟုတ် အောင်မှဖြစ်တော့မယ်ဆိုတဲ့ မခံချင်စိတ် မဖြစ်သေးလို့"

သူ့စိတ်ထဲမှာ ကိုဖိုးအေးကို ပြောနေမိတာက...

*"ဟုတ်တယ်ဗျာ...ခုတော့ ကျွန်တော် အရမ်းအောင်ချင်နေပြီ၊ အရှုံးဆိုတာ ကျွန်တော့်အတွက် သိမ်ငယ်မှုကို ပေးတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားပြီဗျာ"*

သူ မချိုပြုံးလေးဖြင့်သာ ငြိမ်နေတော့...

"သူရိယ"

"ဗျာ"

"ရည်းစားတွေများလို့လား"

"ဟာဗျာ...တစ်ယောက်မှ မရှိပါဘူး ကိုဖိုးအေးရာ"





"မသိဘူးလေ၊ ကောင်မလေးတွေနဲ့ တွဲနေရလို့ စာမလုပ်နိုင်တာလားလို့၊ ရည်းစားမရှိဘူးဆိုတော့ မင်း ကျောင်းစာမလုပ်ဘဲ ဘာတွေလုပ်နေတုန်းကွာ"

"ဒီလိုပါပဲဗျာ..သူငယ်ချင်းတွေနဲ့ ဘာရယ်မဟုတ်ပါဘူး"

"သြော်...သိပြီ၊ ဟေးလားဝါးလား ပျော်ပျော်နေတာပေါ့၊ ဆေးတွေဘာတွေရော ချလား"

"ဟာ...မဟုတ်တာ မလုပ်ပါဘူး၊ အဲဒါတော့ လုံးဝပဲဗျာ"

"ဒါဖြင့် သူငယ်ချင်းတွေနဲ့ ဘာတွေလုပ်တာလဲကွာ"

"လည်ပတ် စားသောက်..ဂစ်တာခေါက်..ဂိမ်းဆော့..ရေကူး..ဘောလုံးပွဲကြည့်..ကစားကွင်းတွေသွား အစုံပေါ့ အဟင်း"

သူ့အဖြေကြောင့် ကိုဖိုးအေး မျက်လုံးကြီးပြူးကာ...

"ဟင်...မင်း အဲဒီလို လုပ်နေတာ မင်းမိဘနဲ့ အစ်ကိုတွေက မသိကြဘူးလားကွ"

"မသိပါဘူး...ကျွန်တော်တို့ မိသားစုက အရမ်းလွတ်လပ်တာဗျ၊ မဟုတ်တာတွေလည်း မလုပ်ဘူးဆိုတာ သိနေလို့ ချုပ်ချယ်တားမြစ်တာတွေလည်း မရှိဘူး၊ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်ပေါ့၊ ပြီးတော့ အိမ်မှာက ဖေဖေ၊ မေမေနဲ့ ကျွန်တော်ပဲရှိတာ၊ အစ်ကိုတွေက အားလုံး သူ့အိမ်နဲ့ သူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဩော် ဒီလိုလား၊ မင်းကွာ…နှစ်ခါဆက်တိုက် ကြီးကျတော့ မင်းမိဘတွေ စိတ်မကောင်းဖြစ်မှာပေါ့၊ အင်းလေ… အငယ်ဆုံးသားလေးဆိုတော့ မဆူရက် မဖိရက်တာနေမှာ၊ မင်း ဒီလို ဖြစ်နေတာ သူတို့လည်း သိက္ခာကျတာပေါ့ကွာ"

"ဟင်"

ကိုဖိုးအေးကို သူ ဆတ်ကနဲ အံ့သြစွာ ကြည့်မိရ၏။ ကြည့်စမ်း…ကိုဖိုးအေး တွေးသလို သူ တစ်ခါမှ မတွေးဘူးခဲ့ပါလား။

မိဘနှင့် အစ်ကိုတွေ သူ့ကြောင့် စိတ်မချမ်းမသာဖြစ်ရတာ၊ ရှက်စရာ သိက္ခာကျစရာတွေဖြစ်နေတာ ဘာလို့များ သူ ထည့် မစဉ်းစားခဲ့မိပါလိမ့်။

သူ့ကျ ဖျိုမဒီနဲ့တွေ့မှ ကျွတ်တန်းဝင်ကာ စာကို ကြိုးစားချင် စိတ်တွေ တဖွာဖွား ရှိသွားတာ၊ ဘယ်သူမှ မသိ။

"သူရိယ"

"ဟင်…ဗျာ"

ကိုဖိုးအေး ခေါ်လိုက်မှ သူ ဆတ်ကနဲဖြစ်ကာ ကိုဖိုးအေးကို ကြည့်လိုက်တော့ သူ့ကို အားပေးကြင်နာပြုံးဖြင့်…

"မင်းကို ခင်လို့ ပြောတာပါကွာ၊ ငါတို့ဆို မိဘဆင်းရဲလို့ လေးတန်းအောင်အထိပဲ ကျောင်းနေခဲ့ရတာကွာ၊ အလယ်တန်း…





အထက်တန်းဆင့်ထိ အရမ်းနေခဲ့ချင်ပေမယ့် ကိုယ့်ဘဝအကျိုးပေးက မတတ်နိုင်တော့ ကျောင်းနဲ့ဝေးခဲ့ရတယ်လေ၊ မိဘများ တတ်နိုင်လို့ တော့လားကွာ ငါ မင်းအစ်ကိုတွေလို ပညာတွေ အများကြီးတတ်တဲ့ အရာရှိကြီးဖြစ်အောင် ကြိုးစားမှာသိလား"

ကိုဖိုးအေးစကားကို သူ ပြုံးတော့…

"တကယ်ပြောတာကွ…မပြုံးနဲ့၊ မင်းတို့က ချမ်းသာပုံရ တယ်နော်၊ စားဖို့…နေဖို့ ဘာမှ ပူစရာမလိုဘဲနဲ့တောင် ပညာကို မကြိုးစားချင်တာ အားမလိုအားမရ ဖြစ်မိတယ်ကွာ၊ ငါတို့ရွာမှာလေ အရမ်းဆင်းရဲတဲ့ မိဘကမွေးတဲ့ မောင်ထူးဆိုတဲ့ကောင်လေး ဆယ်တန်းကို ဘယ်လိုဖြေခဲ့တယ် မှတ်သလဲ"

သူ စိတ်ဝင်စားဟန် နားထောင်နေမှန်းသိတော့ ကိုဖိုးအေး က…

"သူ့မိဘတွေက သူများလယ်မှာ စာရင်းငှားကွ၊ သူ့အမေ က ချဉ်ပေါင်…ရုံးပတီ…ကြက်ဟင်းခါးပင်တွေ စိုက်တယ်၊ အဲဒီ အပင်တွေကို ရေလောင်းရင်းနဲ့ မြောင်းဘောင်တွေပေါ် စာအုပ်လေး ဖွင့်ပြီး စာကျက်ရတာကွ"

"ဟင်"

"ကျောင်းမသွားခင်နဲ့ ကျောင်းကအပြန် ရေထမ်းထမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လောင်းရတာလေ၊ ဒီအခင်းက ထွက်တဲ့စရိတ်နဲ့ သူ့မှာ ကျောင်းစရိ
လေး ဖွဲ့လုပ်ရတာကွာ၊ စာတော်တယ်..ကြိုးစားတယ် ကျ
မတတ်နိုင်ဘူး၊ ကျောင်းနဲ့ သူနေတဲ့ခြံက နှစ်မိုင်လောက်ဝေးတ
ခြေကျင် ကျောင်းတက်ရတယ်"

"အခု...အဲဒီလူ"

သူ သိချင်နေပါပြီ။

ကိုဖိုးအေးက လက်ကာပြကာ ပြုံး၍...

"ပြောမယ်လေ...မင်း အရမ်းသိချင်နေပြီ မဟုတ်လား"

"အောင်သွားပြီပေါ့"

"ဟား...အောင်တာမှ ဂုဏ်ထူးလေးခုကွ"

"ဟင်...ဟုတ်လား"

"အေး...ကံကောင်းချင်တော့ ရွာဦးကျောင်းက ဆရာ
တော်ကြီး တာဝန်ယူပြီး ပညာသင်စရိတ်တွေ ထောက်ပံ့ပေးတ
အခုဆို မောင်ထူး ဆရာဝန်ကျောင်း တက်နေပြီကွ"

"ဩော်...တော်သေးတာပေါ့ဗျာ"

"သူရိယ"

"ဟင်"

"မင်းကို ငါ နားမလည်ဘူးကွ"





"ဗျာ"

"ခု သိရသလောက် မင်းအိမ်မှာ ဘာပြဿနာမှ မရှိဘဲနဲ့ ဆယ်တန်းမအောင်နိုင်ဖြစ်နေရတာက တစ်ချက်၊ ပြီးတော့ ဒီမှာ လာပြီး အပင်ပန်း အဆင်းရဲခံနေတာက တစ်ချက်၊ ဘာပဲဖြစ်ဖြစ်ပေါ့ ကွာ...မင်းအကြောင်းနဲ့မင်း ရှိမှာပေါ့၊ ဒါပေမယ့် အောင်အောင်လုပ် ကွာ၊ မမလေးကိုကြည့်..ဘယ်လောက်စမတ်ကျလဲ၊ ခုခေတ်က ပညာခေတ်ဆို၊ လူငယ်တွေ အများစု ပညာတတ်ဖြစ်နေချိန်မှာ ကိုယ် က ခေါင်းအလယ်က ကျီးဖြစ်နေရင် မနိပ်ဘူး၊ ကြိုးစားကွာ ဟုတ်လား"

"ကိုဖိုးအေး"

"အင်း...ပြော"

"ကျေးဇူးပဲဗျာ"

"ဟင်..ဘာကိုတုန်း"

"ကျွန်တော့်အပေါ် စေတနာထားပြီး ပြောလို့ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"အစ်ကိုလေး"

"ဟင်...ဘာလဲ တာတီး"

"ကျွန်တော့်ကို ကူညီပါဦး"

"အင်း...ပြော၊ ဘာကူညီရမလဲ"

"ဒီနေ့ ကျွန်တော် ကြီးကြီးဒေါ်အေးမြနဲ့ ဈေးဝယ်လိုက်ပေး ရမယ်ဗျ"

"အင်း...ဒီတော့"

"မနေ့ညနေက မှုစ်ချဉ်ဟင်းစားတာ များသွားလားမသိ ဘူး၊ ဝမ်းပျက်နေတယ် အစ်ကိုလေးရာ၊ ဗိုက်ထဲ ရစ်ရစ် ရစ်ရစ် နာလိုက်..ဝမ်းတပျစ်ပျစ် သွားလိုက်နဲ့"





"အေးပါ...အေးပါကွာ၊ ငါ နားလည်ပြီ၊ မင်းကိုယ်စား ငါ ဒေါ်အေးမြနဲ့ ဈေးဝယ်လိုက်ပေးရမှာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့...အစ်ကိုလေး၊ အားလည်းနာတယ်ဗျာ၊ ချက်စု ကိုပြောတာ ဒီကောင် သူ့အဲမေမှာလို့ အိမ်ခဏ ပြန်ချင်တယ်ဆိုတော့ လည်း ကိုယ်ချင်းစာလို့"

"ရပါတယ်ကွာ..ဈေးဝယ်တာ သိပ်မကြာဘူးဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေး၊ အသွားအပြန် အလွန်ဆုံးကြာလှ နှစ်နာရီလောက်ပါဗျာ..ဖြစ်ရဲ့လား၊ အစ်ကိုလေး စာကျက်ပျက်နေ့ လား မသိဘူး"

တာတီးက အားနာပါန် ပြောတာကို သူ လက်ကာပြရင်း..

"ဖြစ်တယ်ကွာ၊ ငါလည်း ဦးနှောက်ဆေးတဲ့သဘော ဖြစ် သွားတာပေါ့ကွာ၊ ကဲ...ပြောပါဦး၊ ဈေးဝယ်လိုက်ရင် ငါ ဘာတွေ လုပ်ပေးရလဲ၊ ပစ္စည်းတွေ သယ်ပေးရမှာပေါ့ ဟုတ်လား"

"ဟုတ်တယ်..ကြီးကြီးက တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝယ်၊ ကျွန်တော်က ဆွဲခြင်းကြီးဆွဲပြီး နောက်ကလိုက်ပေါ့၊ ဖြစ်ရဲ့ လား အစ်ကိုလေး"

"ရပါတယ်ကွာ"

"တစ်ပတ်စာ အခြောက်အခြမ်းရော..အစိုရော ဝယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စိတ်ရှည်လက်ရှည် လိုက်ရတာပေါ့ဗျာ၊ ဒါပေမယ့် ကြီးကြီးက အရမ်းသဘောကောင်းတာဗျ''

''ဟုတ်လား…ဘာလို့လဲ''

''ဈေးဝယ်ပြီးတာနဲ့ စားချင်တာ တစ်ခုခု အမြဲဝယ်ကျွေးတာလေ၊ ကျွန်တော်နဲ့ ချက်စူက တစ်လှည့်စီဆိုတော့ ဒီအပတ်က ကျွန်တော့်အလှည့်''

''သြော်…ဟုတ်လား''

တာတီးက သူ့ရိယကို လာပြောနေချိန်မှာ ဒေါ်အေးမြက လည်း…

''သမီးရေ…ဒီတစ်ပတ်တော့ သမီးပဲ သွားဝယ်ပေးပါတော့ကွယ်၊ မေမေ့ဒူးက နာနေပြန်ပြီ၊ လမ်းလျှောက်လို့ အဆင်ပြေမှာ မဟုတ်တော့ဘူး''

''မဒီ့မှာ စာရင်းတွေ လုပ်စရာနဲ့ မေမေရဲ့၊ နောက်နေ့မှ ဝယ်လို့ မဖြစ်ဘူးလား''

''မဖြစ်ဘူး သမီး၊ ဆီရော..သကြားပါ ကုန်နေပြီ''

''အင်းလေ…ဝယ်ရမယ့်စာရင်းသာ သေချာရေးပေးလိုက်မေမေ၊ ဒီတစ်ပတ်က ဘယ်သူ့အလှည့်လဲဟင်''

''တာတီးလေ''





''အင်း…အင်း၊ တာတီးက အားပိုကောင်းတယ်၊ ဆန်တွေပါသေးလား မေမေ''

''ဆန်မပါဘူး၊ နောက်တစ်ပတ်မှ ဝယ်မယ် သမီး''

''သြော်…မေမေ ကားဆီလည်း ထုတ်ရမယ်လေ''

''ဟုတ်လား…တစ်ခါတည်း သွားထုတ်လိုက်ပေါ့ သမီးရယ်''

''အင်း…ဈေးလည်းဝယ်ရမယ်၊ ကားဆီထုတ်လည်း သွားရဦးမယ်ဆိုတော့ ဒီတစ်ပတ် သူငယ်ချင်းတွေဆီ ရောက်ဖြစ်တော့မှာ မဟုတ်ပါဘူး''

ခါတိုင်းဆိုလျှင် မေမေနဲ့ တာတီးဖြစ်စေ၊ ချက်စူဖြစ်စေ နှစ်ယောက်ကို ဈေးမှာချပေးပြီးလျှင် မဒီက ပါပလေကာဖြူလေး တစ်စီးနှင့် သူငယ်ချင်းတွေဆီ လည်နေကျဖြစ်၏။

အလှပြင်ဆိုင်ဖွင့်ထားသူ၊ အပ်ချုပ်ဆိုင်ဖွင့်ထားသူ၊ စတိုးဆိုင် ဖွင့်ထားသူ သူငယ်ချင်းတွေက မဒီ့ကို အလွန်ခင်မင်ကြပါသည်။

တစ်ယောက်စီမှာ မဒီ ဆယ့်ငါးမိနစ်..မိနစ်နှစ်ဆယ်လောက် စကားစမြည်ပြောဆိုပြီး ဈေးဘက် ပြန်လှည့်လာချိန်ဆို တစ်နာရီခန့်ရှိပြီမို့ မေမေတို့လည်း ဝယ်ခြမ်းပြီးသလောက် ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါက အပတ်စဉ် စနေနေ့တိုင်း မဒီက မေမေ့ဈေးဝယ်ရာမှာ ဒရိုင်ဘာလုပ်နေကျ။

တစ်ခါတလေ မေမေ မအားမလပ်ဖြစ်နေပါလျှင် မေမေ ရေးပေးလိုက်သော စာရင်းအတိုင်း ဝယ်နေကျဆိုင်တွေမှာ မဒီ ဝယ်ပေးနေကျ။

မဒီ့အတွက် အခက်အခဲတော့ မရှိပါ။

မေမေမပါလျှင်တော့ မဒီ သူငယ်ချင်းတွေဆီ မရောက်ဖြစ်တော့တာပဲ ရှိ၏။

မေမေက မဒီ ခပ်ညည်းညည်းလေး ပြောတာကို သဘောကျစွာ ပြုံးကာ...

"သမီးရယ်..ကိုယ့်ကားလေးနဲ့ ကိုယ်ပဲကွယ်၊ သူငယ်ချင်းတွေဆီ နက်ဖြန်သပ်သပ် သွားလည်းရတာပဲ၊ တစ်ပတ်မှတစ်ခါ ဆုံကြရတာ၊ သမီးမှာလည်း ခြံထဲက ထွက်ရတယ်လို့ မရှိတော့ပါဘူးကွယ်"

မေမေ့စကားကို မဒီ ခေါင်းလေးခါ၊ လက်ကာပြကာ...

"အမယ်လေး..မေမေရယ်၊ အဲဒီလို တကူးတကကြီးတော့ အားအားယားယား မသွားနိုင်ပါဘူးနော်၊ မဒီ့ ပန်းခင်းကြီးက အမြဲတမ်း အလုပ်များနေတာ၊ ပိုးစစ်ဦး..ဆေးဖြန်းဦး..ဖြတ်ဦး..စည်းဦးနဲ့





အလုပ်သမားတွေနဲ့ ဂျင်ဂျင်လည်နေတာ သိသားနဲ့၊ ကဲ...သွားမယ်နော် မေမေ"

"အေး...အေး"

မေမေပေးသော စာရင်းနှင့် ဆွဲခြင်းဆွဲကာ ပိုက်ဆံအိတ်ချိုင်းကြားညှပ် ထွက်လာသော မဒီတစ်ယောက် အိမ်ရှေ့ပါပလေကာပေါ် ထိုင်နေသော သူရိယကို ဖြန်းကနဲ မြင်လိုက်သည်နှင့် တန့်ကနဲရပ်၊ မျက်မှောင်လည်း ကြုတ်သွားရစွာ မေးလိုက်တော့၏။

"ဟင်..ရှင်က ဘယ့်လိုလိုက်မှာတုန်း၊ တာတီးရော..တာတီး ဒီကောင်လေး ဘယ်ရောက်နေလဲ"

မဒီ့အသံက စီစီညံသွားတာမို့ သူရိယမှာ ကားပေါ်မှ ကမန်းကတမ်း ဆင်းလာရကာ မဒီ့ကို ပြောလိုက်ရ၏။

"တာတီး ဝမ်းမကောင်းဘူးဖြစ်နေလို့ သူ့ကိုယ်စား ကျွန်တော့်ကို လိုက်ပေးပါလို့ အကူအညီတောင်းထားလို့ပါ"

သူ့စကားကြောင့် မဒီ့မျက်နှာတစ်ခုလုံး ရုတ်ချည်း သုန်မှုန်သွားရစွာ...

"ဟာ...ပြဿနာပဲ၊ ဒါဆို ကျွန်မက ရှင်နဲ့ သွားရမှာပေါ့ ဟုတ်လား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မဒီ့စကားကို သူလည်း ရုတ်တရက် သဘောမပေါက်၊ တာတီးလာပြောတာက ဒေါ်အေးမြနဲ့ သူ ဈေးဝယ်လိုက်ပေးရမည်ဟု သာ သိထားတာမို့ . . .

"ဟို . . ဈေးဝယ်သွားမှာက ဒေါ်ဒေါ် မဟုတ်ဘူးလား"

"မေမေ ဒူးနာနေလို့၊ ဒုက္ခပါပဲနော်"

"သမီး ဘာဖြစ်တာလဲကွယ်"

မဒီ့အသံစွာတာတာကြောင့် မေမေ ကြားကာ အိမ်ရှေ့ထွက် လာတော့ သူရိယကို မြင်သည်နှင့် . .

"ဟင် . . . မင်းက . ."

"တာတီး ဝမ်းပျက်နေလို့တဲ့၊ ချက်စူရှိသားပဲ၊ ချစ်စူကို ရှင်ပဲ ခဏ သွားခေါ်ပေးစမ်းပါ"

"ချက်စူက သူ့အမေမှာလို့ အိမ်ခဏ ပြန်သွားပြီတဲ့"

"အိုး . . . ရှုပ်လိုက်တာ၊ မေမေ့ပစ္စည်းတွေက ဒီနေ့ဝယ်မှ ဖြစ်မယ့်ဟာတွေပါနေတော့ ကဲ . . ကဲ မထူးတော့ပါဘူး၊ သွားမယ်"

စိတ်ရှုပ်ဟန် စိတ်မြန်လက်မြန်ပြောကာ မဒီ ကားထဲ ဝင်ထိုင်တော့ သူရိယလည်း ကားနောက်ခန်းဆီ အသာတက်လိုက်ရ ၏။

ကားစက်ကို နှိုးရန် သော့အိမ်ကို ကိုင်လိုက်ပြီးမှ မဒီ တစ်စုံ





တစ်ခုကို သတိရသွားဟန်ဖြင့် နောက်ဘက် လည်လေးလိမ်ကာ လှည့်မေးလိုက်လေသည်။

"ရှင် ကားမောင်းတတ်လား"

"ဗျာ . . ဟုတ်ကဲ့"

ကားတံခါးဆွဲဖွင့်ကာ မဒီ ဆင်းလာပြီး ပြောလိုက်၏။

"ရှင် လာမောင်း"

"ဟင် . . ဗျာ"

"ရှင့်ကို မောင်းခိုင်းနေတာ၊ ကျွန်မ မောင်းပြီး ရှင် အခန့် သားစီးနေရင် ကျွန်မက ဒရိုင်ဘာ ဖြစ်သွားရောပေါ့၊ မလိုချင်ဘူး ဆင်း . . . လာမောင်း"

"ဗျာ . . . ဟုတ်ကဲ့"

သူ ကားထဲမှ ဆင်းလာတော့ ဒေါ်အေးမြက . . .

"သမီးရယ် . . . ဖြစ်ပါ့မလား၊ သူရိယက မောင်းနေကျလမ်း မဟုတ်ဘူးဆိုတော့ အဆင်ပြေပါ့မလား"

မေမေ့စကားကြောင့် မဒီ တွေကနဲ ဖြစ်သွားရကာ . . .

"အင်း . . . ဟုတ်တယ်၊ တစ်ခုခုဆိုရင် အလကား ပြဿနာ တက်နေရဦးမယ်၊ ကဲ . . ပြန်တက် ကျွန်မပဲ မောင်းမယ်"

မဒီ့အမိန့်အတိုင်း သူ စိတ်လည်းရှုပ်၊ ရယ်လည်းရယ်ချင်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး နီကာ ကားပေါ်ပြန်တက်လိုက်သည်နှင့် ကားလေးက ဝူးကနဲ မောင်းထွက်သွားတော့ရာ သူ့မှာ ထိုင်ခုံပေါ် ခြေကားယား လက်ကားယားလေး ပစ်ထိုင်ကျသွားရပါတော့၏။

"ဟဲ့..ဟဲ့ သမီးရယ်"

ဒေါ်အေးမြက ရင်ဘတ်လေးဖိကာ ကျန်ခဲ့သလို၊ နောက်ကြည့်မှန်ထဲမှ မဒီကလည်း သူ့ရိုယအဖြစ်ကို ကြည့်ပြီး နှုတ်ခမ်းလေးကွေးရုံမျှ ပြုံးလိုက်မိပါတော့၏။

မှတ်ကရော…။



# အခန်း (၁၇)

ဈေးရောက်တော့ ကားပေါ်မှ မဒီက ကျော့ကျော့မော့မော့လေး ဆင်းသွားတော့ရာ သူ့မှာ မဒီနောက်မှ ခြင်းကြီးတဆွဲဆွဲနှင့် ကိုးယို့ကားယားလေး ပါသွားရ၏။

တော်ပါသေးရဲ့။

ရပ်ကွက်ဈေးလေးမို့ မြို့နဲ့လည်း အလှမ်းဝေးသဖြင့် ကိုယ့်သိသူ တစ်ယောက်မှ မရှိ။

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ဒီလို မလုပ်ဘူးခဲ့တာမို့ ကြောင်တက်တက်နိုင်လှပေမယ့် မျက်နှာပြောင်ပြောင်နှင့် မဒီ ဝယ်သမျှ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သိသူ မျက်မှန်းတန်းမိသူတွေဆိုလို့ တစ်ယောက်တလေ
မတွေ့တာကပင် သူ့မှာ အတော်ကံကောင်းလှပါသည်။

သို့သော် သိပ်ပင် မကြာလိုက်ပါ။

"ဟဲ့..ဟဲ့ မဒီ၊ ဒါက ဘယ်လိုဖြစ်တာတုန်း"

တရင်းတနှီး နှုတ်ဆက်သံကြောင့် သူ ကြည့်လိုက်တော့
မဒီ့သူငယ်ချင်းဖြစ်ဟန်တူသော အမျိုးသမီးတစ်ယောက် သူ့ကို အံ
ခတ်သလို ခြေဆုံးခေါင်းဆုံးကြည့်နေပါ၏။

မဒီခမျာ ပက်ပင်းကြီးတိုးလာသော သူငယ်ချင်း မေသော်
ကို ဟန်မပျက်ပင် ပြောလိုက်၏။

"ဈေးလာဝယ်တာလေ၊ ဒီတစ်ပတ်တော့ ငါ နင့်ဆီရော
နှစ်ယောက်ဆီပါ မရောက်ဖြစ်တော့ဘူးဟာ၊ ဆီသွားထုတ်ရဦးမယ်"

"အင်းပါ...အကြောင်းပြချက်က ခိုင်လုံပါတယ်၊ ဟဲ့..
မိတ်ဆက်မပေးတော့ဘူးလား၊ ဘယ်သူတုန်း"

လေသံပေမယ့် သူ့နားက ပီပီသသပင် ကြားပါသည်။
မဒီက မေသော့်ကို မျက်စောင်းဒိုင်းကနဲ ထိုးကာ...

"ငါတို့ခြံက အလုပ်သမားလေ၊ တာတီးအစား ခေါ်လာရ
တာ၊ ဘာမိတ်ဆက်ပေးစရာလိုလဲ၊ မေသော်နော်...ကျွန်မရလိုက်
တာ"





"ဟင်..အလုပ်သမား၊ အမယ်လေး...အသန့်စားပါလား
မဒီရယ်၊ တကယ် သန့်တယ်ဟဲ့၊ လူသစ်လား"

"အင်း...သွားမယ်ဟာ၊ ဝယ်စရာရှိသေးတယ်"

"အင်း...အင်း၊ ငါက နင်လာရင် စားရအောင်ဆိုပြီး
လက်ဖက်တွေ..ဂျင်းတွေ ဝယ်ထားတာ မဒီရဲ့"

"နောက်မှပေါ့ဟာ၊ သွားမယ်"

"အင်း...အင်း"

မေသော်ဆိုသော အမျိုးသမီးက သူ့ကို မပြုံးတပြုံးလေး
ဝဲကြည့်တာကိုပင် မသိဟန်ဆောင်ကာ ရှေ့မှ ဘောက်ဆတ်ဆတ်
သွားနေသော မဒီနောက် မီအောင် အသော့လိုက်ခဲ့တာကိုပင် မဒီ
က မျက်စောင်း ဒိုင်းကနဲလှည့်ထိုးကာ...

"ရှင်က ကျွန်မနောက် ကပ်ပြီး မလိုက်လာနဲ့လေ၊ သူများ
တွေ ဘယ်လိုထင်မလဲ၊ ခွာပြီးလိုက်"

"ဟုတ်ကဲ့"

စိတ်ထဲ ခုတုတုလေး ဖြစ်ချင်သွားရပေမယ့် မဖြစ်ရဲ။
သူမက အလုပ်ရှင်လေ။
ကိုယ်က အလုပ်သမားဆိုတော့ ခိုင်းသလိုလုပ်ရုံပေါ့။
ဩော်...ပျို့မဒီ..ပျို့မဒီ။



www.burmeseclassic.com

www.burmeseclassic.com



မင်း အတော့်ကို မာနကြီးပါလား။

ကိုယ့်အပေါ်မှာ တကယ့်ကို မာမာတင်းတင်းလေး ဆက်ဆံ သလောက် သူများတွေနဲ့ဆို ရယ်မောရွှင်ပြနေတတ်တာ တကယ့်ကို တခြားစီပါလားကွာ။

ကိုယ့်ကို မင်း ဘာကြောင့်ကြည့်မရဖြစ်နေသလဲဆိုတာ မသိပေမယ့် မင်းကိုတော့ ကိုယ် စိတ်ဝင်စားနေမိပါပြီကွာ။

သေချာတယ်၊ တကယ် စိတ်ဝင်စားနေမိတာ အမှန်ပါ။ ဒါပေမယ့် အဲဒါကို ကိုယ့်ရင်ထဲက နက်ရှိုင်းတဲ့ တစ်နေရာမှာ ဘယ်သူမှ မရိပ်မိအောင်ကို ကိုယ် သိုဝှက်သိမ်းဆည်းထားပါတယ် ကွာ”

အထူးသဖြင့် မင်းသိလို့ မဖြစ်ဘူး။

ခုတောင်မှ မင်းမျက်စောင်းတွေက ကိုယ့်အပေါ် အကြောင်း အသုံးပါးမရွေး အမြဲ တရှုံ့ရှုံ့ ကျနေရတာ။

ကိုယ့်ရင်ထဲက ပြဿနာကိုသာ မင်းသိသွားရင် ကိုယ် လုံးဝ မတွေးရဲဘူးကွာ။

ရှိစေတော့။

ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲလေ။

သူများတွေ တစ်ခုခု ထင်သွားမှာကို ဆတ်ဆတ်ခါ ဖြစ်နေ





တဲ့ မင်းရဲ့ပုံစံလေးက ကိုယ့်အတွက် ပိုပြီးကို ဆွဲဆောင်မှုရှိစေသလို ပဲလေ။ ခုလည်း ကပ်မလိုက်လာနဲ့ဆိုတော့ စိတ်တိုင်းကျ ခပ်ခွာခွာ လေးမှ တကယ့်ကို လှမ်းလှမ်းလေးဖြစ်အောင် လိုက်ကာမှ . . .

ဆိုင်တစ်ဆိုင်ရှေ့ရပ်ပြီး စိတ်တိုနေတဲ့ မျက်နှာလေးနဲ့ မဒီ စောင့်နေတာ မြင်ရတော့ ထိတ်ကနဲ ဖြစ်သွားရပြန်၏။

အနားရောက်လာသော သူ့ကို မဒီက . . .

“ရှင် တမင် ညစ်နေတာလား”

“ဟင် . . ဗျာ”

“ဘာ အူတူတူလုပ်နေတာလဲ၊ ဒီမှာ ဝယ်ဖို့ ရှင့်အလာကို ကျွန်မက စောင့်နေရဦးမှာလား၊ တကတည်း ညစ်ပြီးကို တမင် ဟိုးနောက်ကနေ အိပဲ့အိပဲ့ လျှောက်နေတာ စိတ်တိုစရာ”

“ဟောဗျာ . . . မဒီပဲ ကပ်မလိုက်နဲ့ဆို”

“ရှင် ကျွန်မကို နာမည်မခေါ်ပါနဲ့၊ တာတီးတို့ ခေါ်သလို ခေါ်ပါ”

“ကောင်းပါပြီ . . . မမလေး”

“ဟွန်း”

မဒီ မျက်စောင်းဝဲကာ ဆိုင်ထဲမှ ကော်ဖီမစ်ထုပ်နှင့် မုန့်တချို့ ဝယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ခြင်းထဲ လာထည့်ကာ မဒီက…

"ကဲ…ပြီးပြီ သွားတော့၊ ကားဆီ တစ်ခါတည်း သယ်သွားလိုက်"

"ဟုတ်"

ခြင်းက အလေးသားမို့ ဆွဲတာထက် ပုခုံးပေါ်ထမ်းတာက မှ တော်သေးတာမို့ သူ ဆွဲခြင်းကြီးထမ်းကာ ကားရပ်ထားရာဆီသို့ ထွက်လာခဲ့၏။

မဒီ နောက်မှာကျန်ခဲ့တာသိပေမယ့် မစောင့်တော့။

ခပ်သုတ်သုတ်လေး ထွက်လာစဉ် သူ့ရှေ့တူရူမှ မိန်းကလေးတစ်ယောက်ကို မြန်းကနဲ လှမ်းမြင်လိုက်ရသဖြင့် ဆတ်ကနဲ တုန်သွားရစွာ ဆောင်းထားသော ကက်ဦးထုပ်လေးကို ဖျတ်ကနဲ ဆွဲချကာ ခပ်ငိုက်ငိုက်လေး မျက်နှာကိုပါ ငုံ့ထားလိုက်မိ၏။

ဒုက္ခပါပဲ။ ကျောင်းတုန်းက ပယင်းဖြူနှင့် တတွဲတွဲရှိနေတတ်သော ဥမ္မာဝေဆိုသော မိန်းကလေးပင်တည်း။

ဥမ္မာဝေက သူ့ကို ရုတ်တရက် မျက်နှာချင်းဆိုင် တွေ့ရချိန်မှာ ဆွဲခြင်းကြီးထမ်းကာ တစ်ခြမ်းစောင်း ငိုက်ငိုက်လေးသွားနေသော သူ့ကို ဟုတ်ပါ့မလား မျက်ဝန်းများဖြင့် စူးစမ်းစပ်စုစွာ ကြည့်သွားပါတော့၏။





အင်းလေ…ဘယ်ထင်မှတ်ထားပါ့မလဲ။

သူရိယတို့က ဒီလိုစတိုင်လ်မျိုးနဲ့ ရှီးထုတ်မယ့်ကောင်စားမှ မဟုတ်တာ။

လူတူမရှားဘဲ ဖြစ်မှာပါလေဟူသော စိတ်ကူးလေးဖြင့်သာ ဥမ္မာဝေ အတွေးပေါက်ပေလိမ့်မည်။

မသင်္ကာစရာ ဖြစ်မည်စိုး၍ ဥမ္မာဝေကို သူ လုံးဝ လှည့်မကြည့်ရဲ။

ခုမှ သူ စဉ်းစားမိရတော့၏။ ဟုတ်သားပဲ…ဥမ္မာဝေ့မိဘတို့က ဒီမှာ နေတာမဟုတ်ပါလား။

ဆယ်တန်းတုန်းက အဖိုးအဖွားအိမ်မှာ လာနေပြီး ကျောင်းတက်တာမို့ ပယင်းဖြူနှင့် သူငယ်ချင်းဖြစ်ကာ ခင်မင်ရင်းနှီးကြတာ ဖြစ်၏။

ကားဆီရောက်တော့ ထမ်းလာသော ဆွဲခြင်းကြီး အသာချကာ နဖူးမှာ စို့နေသော ချွေးများကို သူ သုတ်လိုက်၏။

ဆွဲခြင်းကြီး လေးတာရော၊ ဥမ္မာဝေကို ရုတ်တရက် မြင်လိုက်ရသဖြင့် ဖောချွေးတွေ ချက်ချင်း ပျံလာရတာမို့ သူ့ပုံစံက ခုမှ အသက်ဝဝ ရှုရဟန် လေးကို အားပါးတရ ရှုရှိုက်လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်လာသော မဒီက သူ့ကို ခပ်တည်တည် မေ
လိုက်၏။

"ရှင် တစ်ခုခု စားမလား"

"ရပါတယ်"

"ရပါတယ် မဟုတ်ဘူး၊ ထုံးစံရှိလို့"

"ဗျာ"

"မေမေက သူ ဈေးလာဝယ်ရင် ပါလာတဲ့ တာတီးတို့ကို
အမြဲ တစ်ခုခု ဝယ်ကျွေးနေကျ၊ အဲဒါကြောင့် ရှင့်ကိုလည်း ထုံးစံ
အတိုင်း မေးနေရတာ"

တကယ်တော့ ခြင်းကြီးကြောင့် သူ ဝမ်းဟာကာ ဆာနေပါ
သည်။

တစ်ခုခု စားချင်နေတာမို့...

"မမလေးရော...ဘာစားမှာလဲ"

သူ့အမေးကြောင့် မဒီမျက်နှာလေး တင်းကနဲ မှုန်သွား
ကာ...

"အို...ဘာဆိုင်လို့ စားရမှာလဲ၊ ရှင်နဲ့ ဝမ်းချင်းဆက်နေတာ
မှ မဟုတ်တာ"

"ဟင်..ကျွန်တော်စားရင် မမလေးက စောင့်နေရမှာပေါ့"





"ရတယ်...ကားထဲ ထိုင်နေမယ်"

"ရပါပြီ...မစားတော့ပါဘူး"

"သဘောပဲ"

"ဟင်...အမယ်လေးနော် သူရိယရယ်၊ ကြည့်စမ်း..ကြည့်
စမ်း ဥမ္မာက လူတူလားလို့ ဇဝေဇဝါဖြစ်နေတာ၊ သချာအောင်ကို
တမင် လှည့်လာပြီးရှာတာ၊ အစစ်ပါလား...ပြောစမ်း ကြီးပွားနေ
တယ်ပေါ့လေ"

အသံနှင့်အတူ ရောက်လာသူက ဥမ္မာဝေပင်တည်း။

"ဟာကွာ"

သူ စိတ်ရှုပ်သွားရစွာ ခေါင်းကုတ်လိုက်မိကာ ဘာပြောရ
မှန်း မသိတော့။ ဥမ္မာဝေက သူ့ထုံးစံအတိုင်း မဒီကို စပ်စပ်စုစုလေး
ပြုံး ကြည့်ကာ ဘယ်လိုအတွေးပေါက်သွားသည် မသိ။

မဒီကလည်း ကားရှေ့ခန်းထဲ ဝင်ထိုင်ကာ မျက်နှာလေး
မှုန်တင်းတင်းဖြစ်နေသည် မဟုတ်ပါလား။

ဥမ္မာဝေက မဒီမသိအောင် သူ့ကို မေးလေးငေါ့ပြကာ
လေသံနှိမ့်၍...

"ဟဲ့...ဘာလဲ နင့်ပစ္စည်းကလည်း တင်းလှချည်လား၊
မကြည်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဦးမှာဝေရာ၊ မဟုတ်ပါဘူးကွာ"

သူ မျက်စိပျက် မျက်နှာပျက် ဖြေရှင်းရန် လက်ကာလိုက်ရုံ ရှိသေး၏။

ကားထဲမှ မဒီ ဆတ်ကနဲ ထွက်လာကာ ဦးမှာဝေကို ခပ်တည်တည်လေး ကြည့်လိုက်ပြီးမှ…

"ဒီမယ်…ခုနက ဘာ ပြောတာလဲ"

"ဟင်…ဘာ…ဘာလဲ"

ဦးမှာဝေက မဒီ့မျက်နှာ မြင်လိုက်ကတည်းက တစ်ခုခု အကြီးအကျယ် လွဲနေပြီဆိုတာ ဒက်ကနဲ ရိပ်မိစွာ မျက်နှာပါ မသိမသာ ပျက်သွားရသလို၊ အသံပါ တုန်သွားပါတော့၏။ မဒီက…

"ဘာ နှင့်ပစ္စည်းလဲ၊ ဟွန်း…မသိဘဲနဲ့ ရမ်းသမ်း စွတ်ပြောတတ်တဲ့ အကျင့်က ဓလေ့ဖြစ်နေလို့လား၊ ရှင်းသွားအောင် တစ်ခါတည်း ပြောလိုက်မယ်၊ သေချာ မှတ်ထားစမ်းပါ၊ တို့နာမည် ပျိုမဒီ၊ ယင်ဖိုတောင် မသမ်းတဲ့ အပျိုစစ်စစ်၊ ဒါ တို့အလုပ်သမား ရှင်းပြီလား"

"ဟောတော်"

ဦးမှာဝေ မျက်လုံးလေးဝိုင်းကာ မဒီနှင့် သူ့ကို ပြူးကြောင်ကြောင်လေး ကြည့်နေ၏။





သူ ပချိုးပြုံးလေးပြုံး၍ ဦးမှာဝေကို ပြောလိုက်လေသည်။

"ဟုတ်တယ်…ဦးမှာဝေ၊ ဒါ ငါ့အလုပ်ရှင်ပါဟာ၊ နင်ဖဟုတ်တာ လျှောက်ထင်လို့ မမလေးအတွက် သိက္ခာတွေ အများကြီး ကျသွားပြီကွာ၊ ကျွန်တော် တောင်းပန်ပါတယ် မမလေးရာ၊ သွားကြရအောင်ဗျာ၊ သွားမယ် ဦးမှာဝေ"

စကားဆုံး သူ ကားပေါ် အသာခုန်တက်လိုက်တော့ မဒီလည်း ရှေ့မှထိုင်ကာ ကားကို ဝူးကနဲ မောင်းထွက်လာပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"ဒီမယ်"

ကားပေါ်မှ ဆင်းဆင်းချင်း သူ ဆွဲခြင်းသယ်ရန် ပြင်နေစဉ် မဒီ လှမ်းခေါ်လိုက်သဖြင့် သူ ရပ်ကာ မဒီ ဘာပြောမလဲဆိုတာ နားထောင်နေမိ၏။

အနီးကပ်မြင်ရသော မဒီ့ ကြည်စင်ဝင်းပစွာ လှနေမှုတွေက သူ့ရင်ကို ခုန်စေလေပင်တည်း။

မဒီက...

"ရှင့်ကို မေးစရာ ရှိလို့"

"ဗျာ..ဘာလဲ မမလေး"





"ရှင် ဒီမှာ ဘယ်အချိန်ထိ နေနေဦးမှာလဲ"

"ဗျာ"

"ရှင့်အကြောင်းနဲ့ရှင် နေတာဆိုပေမယ့် ကျွန်မအတွက် ထိခိုက်နေလို့ ပြောရတာလေ"

"ဟင်"

"အပွန်း...ရှင် မသိချင်ယောင်ဆောင်နေတာလား"

"ဗျာ..ဘာကိုလဲ မမလေး၊ ကျွန်တော် တကယ် နားမလည် ပါဘူးဗျာ"

"ကောင်းပြီ...ဒါဖြင့်လည်း နားလည်အောင် ပြောရသေး တာပေါ့"

"ဟုတ်ကဲ့...ပြောပါ"

"ရှင်နဲ့ ကျွန်မကို လူတွေ ယုန်ထင်ကြောင်ထင် ဖြစ်နေတဲ့ ကိစ္စလေ"

"ဟို အဲဒီအတွက် ကျွန်တော်လည်း အားနာပါတယ်၊ ဘယ်လို လုပ်ရမှန်း မသိလို့"

"အို...ဘယ်လိုလုပ်ရမှန်း မသိလို့နဲ့ ပြီးမလား ရှင့်"

"ဗျာ"

"ရှင့်ကြောင့် မိန်းကလေးတစ်ယောက် စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယုက် ဖြစ်နေရပြီဆိုတာကို နားလည်ရင် ကိုယ်ချင်းစာစိတ်နဲ့ ရှင်ကူညီဖို့ စဉ်းစားရမှာပေါ့"

"ဗျာ…ဘယ်လိုကူညီရမလဲ မမလေး"

"ဒီက ထွက်သွားလေ"

"ဗျာ"

"ဘာလဲ…အံ့သြနေလား၊ ကျွန်မကတော့ ရှင်းရှင်းပဲ၊ ဘာအစွမ်းအစ အရည်အချင်းမှ မရှိတဲ့ ရှင့်လိုလူနဲ့ အထင်ခံရတာ စိတ်ညစ်လို့ သေတောင်သေပစ်လိုက်ချင်တယ် သိလား"

"ဟင်"

"ရှင်ကတော့ အထင်ခံရနည်းလားဆိုတဲ့ စိတ်နဲ့ ရှိချင်ရှိမှာပေါ့"

"ဟာ…မဟုတ်တာ မမလေးရာ"

"မဟုတ်ရင် ထွက်သွားလေ၊ ရှင့်မှာလည်း အခြေမဲ့အနေမဲ့မှ မဟုတ်တာ၊ မိဘ ချမ်းသာတာပဲ၊ ဘာအကြောင်းနဲ့မှ ဒီမှာလာနေပြီး ဒီလိုအလုပ်တွေ လုပ်စရာအကြောင်းကို မရှိဘူး၊ ကျွန်မ သေချာစဉ်းစားပြီးပြီ၊ ရှင် ရှိနေသမျှ ကျွန်မ သိက္ခာကျရတယ်၊ စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ရှင့်မှာ အစ်မတွေ နှမတွေမှ မရှိတာ၊ ဘယ်နှမချင်းစာနာတတ်မှာလဲလေ"





"မမလေး"

သူ နားမထောင်ချင်တော့ပါ။

ရင်ထဲမှာ တစ်ခါမှ မဖြစ်ဘူးသော ကြေကွဲရှက်ရွံ့မှုတွေက သူ့တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာသည်အထိ ခံစားလိုက်ရတာမို့ တုန့်ရင်စွာ ခေါ်လိုက်ပြီးမှ ပြောလိုက်၏။

"ကျွန်တော် နားလည်ပြီဗျာ၊ စိတ်ချ‥မမလေး စိတ်ချမ်းသာအောင် ထွက်သွားပါ့မယ်"

"တစ်ခုတော့ ရှိတယ်"

"ဟင်"

"ဒီကိစ္စ ကျွန်မကြောင့် ရှင် ထွက်သွားတယ်ဆိုတာ ဖေဖေတို့ မသိပါစေနဲ့"

"ကောင်းပါပြီ"

"ဘာလို့လဲဆိုတော့ ဖေဖေတို့က ရှင့်မိဘတွေနဲ့ ရင်းနှီးတော့ မျက်နှာပူစရာဖြစ်မှာလေ၊ ဒီတော့ ကိုယ့်ပြဿနာ ကိုယ်ရှင်းပေါ့"

"စိတ်ချပါ၊ ပြဿနာ မပေါ်စေရပါဘူးဗျာ"

"နောက်တစ်ခု…"

"ဟင်"

"ကျွန်မက ဘွင်းဘွင်းသမား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ရှင် ကျွန်မကို စိတ်ဝင်စားနေလား"

"ဟာ…ဗျာ"

သူ မျက်နှာမထားတတ်တော့။

ရုတ်တရက် မျက်နှာ မသိမသာ နီလာရှာ မဒီ့ကို မကြည့်ရဲတော့။ ဟိုလိုလိုဒီလိုလို ဖြစ်နေသော သူ့ကို မဒီက လှောင်ပြုံးလေးနှင့်…

"ရှင် ညာလည်း အပိုပဲ၊ ရှင့်မျက်လုံးထဲမှာ ကျွန်မကို စိတ်ဝင်စားနေတယ်ဆိုတဲ့ လက္ခဏာ အရိပ်အယောင် တွေ့နေရတယ်၊ ဒါပေမယ့် ဆောရီးပဲ၊ လုံးဝ ဆောရီးပါပဲနော်၊ ကျွန်မ ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ထားတဲ့ သူရဲကောင်းအဆင့် မဆိုထားနဲ့ဦး၊ ရှင့်အရည်အချင်းတွေက ကျွန်မ ခန့်ထားတဲ့ အလုပ်သမားတွေထဲမှာတောင် အညံ့ဆုံးအဆင့်ဆိုတော့ အဟွန်း…ကိုယ့်နေရာ ကိုယ်သိတော့ပေါ့"

သူ့ရင်ထဲ ကျဉ်ကနဲ နာကျင်ခံစားသွားရရှာ မဒီ့ရှေ့မှ ချာကနဲ လှည့်ထွက်လာခဲ့ပါတော့၏။

သြော်…သူ့အဖြစ်က မိန်းမတစ်ယောက်၏ ရှုံ့ချ အထင်သေးမှုအောက်မှာ တစ်ပြားမှမတန်အောင် ကျရှုံးခဲ့ရပါကလား။





တန်းလျားဆီ အပြေးလေးလာရင်း သူ့မျက်ဝန်းတွေ ဝေဝါးမှုန်ရီလာရ၏။

မျက်ရည်တွေပဲ၊ ကျစမ်း…ကျချင်သလောက် ကျစမ်းကွာ။

မင်းလောက် အသုံးမကျတဲ့ကောင် လောကကြီးမှာ ရှိပါဦးမလား သူရိယ။

မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ ရှိသမျှ သိက္ခာတွေ ကုန်ပြီပဲ။

မျက်ရည်ကျရင်း အသံတိတ်ငိုကာ သူ့ပစ္စည်းတွေကို အမြန်ဆုံး သိမ်း၏။

တော်ပြီ…

သူ သွားတော့မည်။

ကျောပိုးအိတ်လေးလွယ်ကာ စာအုပ်များကို ကျွတ်ကျွတ်အိတ်ကြီးထဲ ထည့်ဆွဲဝင်လာသော သူ့ကို ဦးကျော်အောင်ရော၊ ဒေါ်အေးမြပါ အံ့အားသင့်စွာ ကြည့်နေကြပါတော့၏။

"ဦးလေးနဲ့ ဒေါ်ဒေါ်ကို ကျွန်တော် လာနှုတ်ဆက်တာပါ၊ ပြန်တော့မယ် ခင်ဗျ"

"ဟေ…ရုတ်တရက်ကြီး ဘာဖြစ်လို့လဲကွာ"

"ဟုတ်ပါရဲ့ကွယ်…မင်း တစ်ခုခု ဖြစ်တာများလား မောင်သူရိယရယ်၊ ပြဿနာ ဖြစ်လို့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်အောင်ရော၊ ဒေါ်အေးမြပါ စိုးရိမ်ဟန်မေးတော့ သူ တည်ငြိမ်စွာပင် ဖြေလိုက်၏။

"ဘာမှ မဖြစ်ပါဘူးခင်ဗျ၊ ကျွန်တော် အိမ်ပြန်ချင်စိတ် ရှိလာလို့ပါ၊ မေမေ့ကို အရမ်းသတိရလာလို့ပါ"

"ဪကွယ်…ဒါဆိုလည်း ခဏတဖြုတ် ပြန်လည်း ရသားပဲကွယ်၊ အပြီးပြန်မှ ဖြစ်မှာလား"

"ဟုတ်ကဲ့…အပြီးပဲ ပြန်ချင်လို့ပါ"

ဒေါ်အေးမြနဲ့ သူ ပြောဆိုနေတာကို ဦးကျော်အောင်က အကဲခတ်နေပြီးမှ ခေါင်းညိတ်ကာ…

"အေးပေါ့ကွာ…မင်းသဘောပဲ သူရိယ၊ မင်းအဖေက ပျော်သလောက် နေပါစေလို့ ပြောထားလို့ ငါလည်း မင်းဆန္ဒအတိုင်း လိုက်လျောပေးရုံမဲ့ရှိတာ၊ အိမ်ကိုတော့ တကယ်ပြန်မှာ မဟုတ်လား"

"ဟုတ်ကဲ့"

သူ ဘာမှ ရှည်ရှည်ဝေးဝေး မပြောချင်တော့။ စိတ်ထဲမှာ ပြောနေမိတာက…

*"ဦးလေးရဲ့သမီးက ကျွန်တော့်ကို အရမ်းအထင်သေးနေသလို ဦးလေးကလည်း ကျွန်တော် အိမ်မပြန်ဘဲ လေလွင့်နေမယ်ထင်လို့ မေးတာမဟုတ်လား၊ ဒီနေ့ကစပြီး ထွန်းသူရိယ ဘဝတစ်ဆစ်ချိုးပြီ ဦးလေးရာ"*





သူ ပြုံးပြုံးပေါ် ထိုင်ချပြီး လူကြီးနှစ်ယောက်ကို လက်အုပ်ချီကန်တော့ရင်း ပြောလိုက်လေသည်။

"ကျွန်တော့်အပေါ် ကူညီစောင့်ရှောက်ခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ်ခင်ဗျ၊ အမှားရှိရင်လည်း ခွင့်လွှတ်ပါ ခင်ဗျ"

ဒေါ်အေးမြ မျက်ရည် အိကနဲဝဲ၏။ ဦးကျော်အောင်က…

"အေးကွာ…မင်းမှားတာ ဘာမှမရှိပါဘူး သူရိယ၊ လိမ္မာပါတယ်ကွာ၊ ရှေ့ဆက် မင်းဘဝ အောင်မြင်မှုတွေ ရှိပါစေကွာ"

ဒေါ်အေးမြကလည်း မျက်ရည်သုတ်၍…

"နေဦး…မင်းကို မုန့်ဖိုးလေး ပေးလိုက်မယ်နော်"

"နေပါစေ…ဒေါ်ဒေါ်၊ ကျွန်တော့်မှာ ရှိပါတယ်"

"မဟုတ်တာ…လမ်းမှာ မုန့်ဝယ်စား"

"ကျွန်တော့်လုပ်အားခကလွဲရင် လက်မခံနိုင်လို့ပါ ခင်ဗျ"

"ဪကွယ်"

"မအေးမြ ဖိုးအေး ရှိတယ်ဟုတ်လား၊ သူရိယကို ကားဂိတ် လိုက်ပို့ခိုင်းရအောင်"

သူ ဆတ်ကနဲ ဖြစ်သွားရ၏။

ပင့်ဆိုင်ကယ်နှင့် သူ့ကို ကိုဖိုးအေး ပို့မည်ဆိုတာမို့ ဆတ်ကနဲ ဖြစ်ရကာ သူ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ဦးလေး၊ ကိုဖိုးအေး အလုပ်များနေတယ်၊ ဒီအချိန်ဆို သုံးဘီးဆိုင်ကယ်နဲ့ လိုင်းဆွဲကားတွေ မပြတ်ပါဘူး၊ အဆင်ပြေပါတယ် ခင်ဗျ၊ သွားလိုက်ပါဦးမယ်"

စကားအဆုံး ချာကနဲ သူ လှည့်ထွက်လာခဲ့၏။ ခြေလှမ်းကျဲတွေဖြင့် သူ ထွက်လာခဲ့သောလမ်းမှာ တစ်ဖက်ခန်းမှ အလုပ်စားပွဲမှာ ရှိနေသော ပျိုမဒီ မြင်နေပေလိမ့်မည်။

နာကျည်းစွာ ပြုံးကာ သူ အံကြိတ်ရင်း လုံးဝ ငဲ့စောင်း၍ပင် မကြည့်တော့။

နေရစ်ခဲ့ပေတော့ ဟာနရှင် ပျိုမဒီရာ။



## အခန်း (၁၉)

သူ့ကိုမြင်တော့ မေမေ့မျက်နှာတစ်ခုလုံး ဝင်းကနဲ ကြည်သွားရှာ...

"ဟင်...သားငယ်၊ အမယ်လေး...သားရယ် ကြည့်စမ်း အသားတွေလည်း မည်းသွားပါလား၊ နေကောင်းရဲ့လား၊ အရမ်းပင်ပန်းလား သား၊ အခု သား အပြီးပြန်လာတာ မဟုတ်လားဟင် သား"

ဒလစပ် တတွတ်တွတ် မေးနေသော မေမေ့ကို ကြည့်ပြီး သူ့ရင်ထဲ လှိုက်ကနဲ ဝမ်းနည်းချင်လာရ၏။

သြော်...မိခင်...မိခင်။



www.burmeseclassic.com

www.burmeseclassic.com



အမေဆိုတာ သားသမီးတွေအပေါ် ဘယ်အချိန်ဖြစ်ဖြစ် မေတ္တာအပြည့်နှင့် ချစ်တတ်လွန်းကြပါလား။

ခုပင်ကြည့်လေ…မြင်တာနှင့် သူ့အသားညိုသွားတာကို အကြောင်းပြုပြီး မေးခွန်း တသီတတန်းကြီးတွေနှင့် သူ့ကို မေမေ စိုးရိမ်စွာ အကဲခတ်နေပေပြီ။

မေမေ့ကို မချိပြုံးလေးနှင့် သူ ပြောလိုက်ရလေသည်။

"သား နေကောင်းပါတယ် မေမေ၊ တစ်ခုခုတော့ စားချင်တယ်၊ မိုက်ဆာလို့၊ ဘာရှိလဲဟင် မေမေ"

သူ့စကားကြောင့် မေမေ ပျာပျာသလဲ ဖြစ်သွားရကာ…

"အို…ရှိတာပေါ့၊ သားဖေဖေက ဒီနေ့ အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့လေ၊ မေမေ ချက်ထားတာ များနေလို့၊ သားကို တောင် သတိရနေမိတာ၊ ခုတော့ အတော်ပဲပေါ့ လာ‥သား"

ထမင်းစားခန်းထဲ မေမေ့နောက် သူ ဝင်လိုက်လာခဲ့၏။

အိမ်တစ်ဆောင်လုံး ဘာမှ အပြောင်းအလဲ မရှိ။

ပကတိ ပုံမှန်အတိုင်း သူ့နေရာနှင့်သူ ရှင်းသန့် တောက်ပြောင်နေလေသည်။

ဩော်…သူသာလျှင် သိသိသာသာလေးကို ပြောင်းလဲသွားရပြီ မဟုတ်ပါလား။





မေမေ ပြင်ပေးသော အုန်းနို့ခေါက်ဆွဲကို ဗိုက်ဆာဆာနှင့် ခေါင်းမဖော်တမ်း သူ စားပါတော့သည်။

လမ်းမှာ ဝယ်စားလျှင်ရသော်လည်း သူ မစားချင်။ ရေသန့်တစ်ဗူး ဝယ်ကာ ရေပဲ သောက်ခဲ့၏။ မေမေက သူ အားပါးတရ စားနေတာကို ကြည့်ပြီး ဘယ်လို သဘောပေါက်လိုက်သည် မသိပါ။

"သား…ဟိုမှာ အစားအသောက် အဆင်ပြေရဲ့လား ဟင်"

"ပြေပါတယ် မေမေ၊ ဦးလေးကျော်အောင်တို့က ကျွန်တော့်ကို ဂရုစိုက်ကြပါတယ်"

"ဟုတ်လား…မေမေဖြင့် အဲဒီကို သားရှိနေတုန်း တစ်ခေါက်လောက် သွားလည့်ချင်တယ်လို့ ပြောတာကို သားဖေဖေက မသွားပါနဲ့ကွာ၊ သားငယ်က ဟိုမှာ နေသားကျကာမှ မိဘတွေ မြင်ရင် ပြန်လိုက်ချင် ဖြစ်နေဦးမယ်တဲ့၊ သား ဟိုမှာ ဘာတွေလုပ်ရလဲဟင် ပင်ပန်းလား သား"

သူ ခပ်တည်တည်ပင် ဟန်မပျက် ဖြေလိုက်ရ၏။

"ဘာမှ မလုပ်ရပါဘူး မေမေရာ၊ နည်းနည်းပါးပါး လက်တိုလက်တောင်း ကူညီပေးရုံလောက်ပါပဲလေ၊ သူ့အလုပ်သမားနဲ့သူ ရှိနေတာကို၊ ကျွန်တော်က ချေ့သည်ပဲဗျာ၊ သက်တောင့်သက်သာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…အင်း တော်သေးတာပေါ့ကွယ်၊ မေမေဖြင့် နေ့တိုင်း စိတ်ရောက်နေတာကွယ့်၊ သားကြိုက်တတ်တဲ့ဟင်းတွေ ချက်ရင် စိတ်တောင် မကောင်းတော့ဘူး"

"မေမေ"

"ဟင်…ဘာလဲ သား"

"ကျွန်တော် ပြန်ရောက်နေတဲ့အကြောင်းကို ဝေလတို့ မသိ ပါစေနဲ့နော်"

"ဟင်"

"ကျွန်တော် စားမေးပွဲအတွက် စာကျက်ချင်လို့ပါ"

"ဟင်…အင်း..အင်းပါ သားရယ်"

"အဲဒီကောင်တွေသိရင် တစ်ချိန်လုံး လာနေတော့မှာလေ ဒါဆို စာကျက်ပျက်တော့မယ်"

"သားငယ် တကယ် ပြောတာလားဟင်"

မေမေ့လေသံရော၊ အမူအရာပါ သူ့စကားအတွက် ယုံတ ဝက် မယုံတစ်ဝက် ဖြစ်နေဟန်…။

သူ မေမေ့ကို ယဲ့ယဲ့လေးပြုံးကာ…

"တကယ်ပါ မေမေ၊ ကျွန်တော် အောင်မှ ဖြစ်တော့မယ် တာ နားလည်သွားပြီ"





"ဟင်"

အံ့သြ ဝမ်းသာ မေမေ့အဖြစ်ကိုကြည့်ပြီး သူ မချိုပြုံးလေးဖြင့် ပြောလိုက်ပြန်၏။

"လူတွေဟာ ဆယ်တန်းမအောင်တာကိုပဲ အထင်သေးစရာ အပြစ်တစ်ခုလို့ သတ်မှတ်နေကြတယ်နော် မေမေ"

"သြော်…သားရယ်၊ ခေတ်ကိုက ပညာတတ်တွေ လူရာဝင်တဲ့ခေတ် မဟုတ်လား၊ လူငယ်တစ်ယောက်အဖို့ လိုလို မလိုလို သာမန်ဘွဲ့လေးတစ်လုံးတော့ အနိမ့်ဆုံး ရထားမှ၊ မျက်နှာမငယ်တော့မှာပေါ့ကွယ်"

"ဟုတ်တယ် မေမေ၊ ဒါကြောင့် ကျွန်တော် အောင်မှဖြစ်တော့မယ်"

"သားရယ်…မေမေ ဝမ်းသာလိုက်တာ"

ထိုင်နေသာ သူ့ပုခုံးကို မေမေ အသာဆုပ်ကိုင်ကာ ဝမ်းသာတုန်ရီစွာပြောတော့ မေမေ့လက်ကို သူ အသာအုပ်ကိုင်လိုက်ပြီးမှ…

"မေမေ့ဆီက ကတိတစ်ခုပဲ တောင်းချင်တယ်ဗျာ"

"ဟင်…ဘာကတိလဲ သား၊ ပြောလေ မေမေ ပေးမှာပေါ့"

"သား ခုလို စာမေးပွဲပြန်ဖြေမယ်ဆိုတာကို မေမေ သိနေတယ်ပေါ့၊ သားက ဖေဖေပဲ သိတယ်ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…သားရယ်၊ ဘာဖြစ်လဲ မေမေသိရော ဘာကဖြစ်မှာလဲ၊ သားဖေဖေက မပြောပါဘူးကွယ်၊ ခု သားပြန်လာတာ သားလက်ထဲက စာအုပ်တွေ မြင်တော့မှ မေမေ သိတာလေ"

"ဘယ်သူ့မှ မသိပါစေနဲ့တော့ နော် မေမေ"

"အင်းပါ…သားရယ်၊ ဒါပေမယ့်…သား…"

"ဗျာ…ဘာလဲ မေမေ"

"တစ်ယောက်တည်း ကြိတ်လုပ်လို့ ဖြစ်ပါ့မလားကွယ်၊ အချိန်လည်း နီးလာပြီမဟုတ်လား၊ အိမ်ကို သီးသန့် ဆရာခေါ်ပြီး သင်ပါလား၊ ဘယ်သူမှ မသိအောင် လျှို့ဝှက် ကြိတ်သင်ပါလား သားရယ်၊ ပိုပြီး စိတ်ချရအောင်လေ"

သူ တွေကနဲ ဖြစ်သွားရ၏။

မေမေပြောတာ မမှား။

သူ့ဘာသာသူ ကျက်တာထက် တတ်ကျွမ်းနားလည်သော ဝါရင့်ဆရာသမျှားများနှင့်သာ သင်ရပါလျှင် သူ ပို၍ ထိရောက်နိုင်မည်။

သူ့ကိုယ်သူ သိ၏။

ညံ့၍ မအောင်တာ မဟုတ်။

ဝီရိယ အားနည်းကာ ပျင်း၍ ဖျင်းနေခြင်း မဟုတ်ပါလား။





ခုတော့ သူ့အတွက် ပျိုမဒီက ဘဝသင်ခန်းစာ ကောင်းကောင်းကြီး ပေးလိုက်ပါပြီ။

"ဟာင်…သားငယ် မေမေပြောတာ မကောင်းဘူးလား၊ သေချာအောင်လေ၊ ခြေချော်လက်ချော် မဖြစ်အောင်ပေါ့"

သူ ဆတ်ကနဲ ခေါင်းညိတ်ပြလိုက်၏။

"သင်မယ် မေမေ…သင်မယ်"

"အို…ဝမ်းသာလိုက်တာ သားရယ်၊ ကောင်းပြီ…မေမေ အားလုံး စီစဉ်ပေးမယ် ဟုတ်လား"

"ဘယ်သူမှ မသိစေနဲ့နော် မေမေ"

"အင်းပါကွယ်…စိတ်ချ"

ကတိအတိုင်း မေမေ အမြန်ဆုံး အကောင်အထည်ဖော်တော့၏။ နာမည်ကြီး ဝါရင့်ဆရာများကို ခေါ်ကာ ကျကျနန သင်ပါတော့သည်။

သူလည်း လိုလားနာခံစွာ သင်ယူလေ့လာပါ၏။

ဖေဖေနှင့် မေမေမှလွဲ၍ ဘယ်သူမှ မသိ။

ဟိုတုန်းက အချိန်တွေကို အလကား ဖြုန်းတီးလာခဲ့သမျှ ခုမှ သူ နောင်တကြီးစွာ ရမိ၏။

စာကိုသာ အပတ်တကုတ် ကြိုးစားသင်ယူ လေ့လာကျ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တာမှ သူ့မှာ နေ့မနေ၊ ညဥ့်မနားဆိုသလို ဖြစ်နေသဖြင့် မေမေက...

"သားငယ်...နည်းနည်းပါးပါး နားဦးလေ၊ တော်ကြာ နေထိုင်မကောင်းဖြစ်မှကွယ်"

မေမေ့ခမျာ သူ့ကို အရိပ်တကြည့်ကြည့်နှင့် အလွန် ဂရုစိုက်တာမှ လူနာတစ်ယောက်လိုပင် ရှိနေရ၏။

ထမင်းဟင်းမှစ၍ အပူအအေးများကို သူ့အချိန်နှင့်သူ မေမေ ကွက်တိ စီစဉ်ပေးပါသည်။ သူကလည်း သူပင်။

ရေချိုးချိန်၊ ထမင်းစားချိန်တွေမှာတောင် နှုတ်က စာတွေ တတွတ်တွတ် ရွတ်နေတတ်လေသည်။ ရေမချိုးခင် နာရီဝက်က ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ဖြစ်အောင် မေမေ ကြပ်မတ်ပေး၏။

"တစ်ချိန်လုံးလုံး စာကြည့်စားပွဲထဲ ထိုင်နေရတာ အညောင်းမိတာပေါ့၊ အားကစား လုပ်ရမယ်နော် သားငယ်"

"ဟုတ်ကဲ့...မေမေ"

ဖေဖေက သူ့ကို ကျေနပ်အားရစွာ ခေါင်းတညိတ်ညိတ်နှင့် ကြည့်ရုံမှတပါး ဘာစကားမှ ရှည်ရှည်ဝေးဝေး မပြောပါ။

သူ့ပြောင်းလဲသွားမှုကို ဖေဖေရော၊ မေမေပါ သိချင်နေပုံရ၏။





သို့သော် သူ့မှာ အချိန်ဇယားတွေက စကားစမြည် အပိုတွေ ပြောချိန် မရှိလောက်အောင်ပင် ကွက်တိပြီးနေတာမို့ အားချိန်မရှိ။

ဒါပေမယ့် မှန်ရာကို ဝန်ခံရမည်ဆိုလျှင် သူ့စိတ်ထဲမှာ ပျိုမဒီကို မကြာခဏ သတိရမိတာ အမှန်ပါ။

ပျိုမဒီ့ကို သတိရစိတ်လေး လှစ်ကနဲ ဖြစ်လိုက်သည်နှင့် ရင်ထဲမှာ စူးစူးကျဉ်ကျဉ်လေးကို ခံခက်နာကျည်းမှုတွေ တလိပ်လိပ် ဖုံးသွားပါတော့၏။

သွား...ဘာလို့ သတိရနေရမှာလဲ။

ငါ့ကို အရမ်းအထင်သေးတဲ့ မိန်းမတစ်ယောက်အပေါ် ငါ သတိရနေတာ အပိုပဲ၊ ဟားစရာပဲ။

ပျိုမဒီ။ မင်းကို ငါ ဘယ်တော့မှ မကျေဘူး၊ မမေ့ဘူးကွာ။ ငါ့ရင်ထဲ မှာ အခိုင်အမာ ဆုံးဖြတ်ထားပြီးပြီ။ မင်းထက် အများကြီး တော် အောင် ငါ ကြိုးစားမယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းနဲ့ငါ တစ်ကွေ့ မဟုတ် တစ်ကွေ့မှာတော့ တွေ့ကို တွေ့ရလိမ့်မယ်။

အဲဒီအချိန်ကျမှ ငါ...

"သားငယ်"

မေမေ့ခေါ်သံကြောင့် သူ အတွေးလွန်နေတာကို ဆတ်ကနဲ သတိထားမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဗျာ ဘာလဲ မေမေ"

"သား ဘာတွေ တွေးနေတာလဲ ဟင်"

သူ့မျက်နှာကို အကဲခတ်ကာ မေမေ မေးလေပြီ။

ခက်ပြီ။

မေမေ့အကြောင်း သူ သိ၏။

သူ့မျက်နှာကို မေမေက မှန်လေးတစ်ချပ်လိုပင် အမြဲ ဂရုတစိုက် ရှိနေတတ်သည် မဟုတ်ပါလား။ မညာချင်ပေမယ့် သူ ဖွတ်မိုတ်ညာလိုက်၏။

"ဟင့်အင်း‥မေမေ၊ သား စာတစ်ပုဒ်ကို တွေးနေတာပါ"

"ဟုတ်လား"

မေမေ့မျက်ဝန်းထဲမှာ အကြင်နာများစွာကို သူ မြင်ရပါသည်။ သူ့ကို ဝမ်းနဲ့လွယ်မွေးခဲ့သော မေမေ့ရင်ထဲမှာ သူ ညာနေတာ သိပေမယ့် စည်းစောင့်ကာ သူ မပြောချင်တာကို အတင်းအကြပ် မမေးပေမယ့် မေမေ ရိပ်မိပုံပင်တည်း။

စိတ်ထဲကပင် မေမေ့ကို ပြောနေမိ၏။ နောက်မှ ပြောပြမယ် မေမေရာ၊ ခုပြောရင် သား စာကျက်ချိန် ဆုံးသွားမှာမို့ပါဗျာ။



## အခန်း (၂၀)

ခုတလော မဒီ့စိတ်တွေ ရှုပ်ထွေးကာ အလုပ်လုပ်ရတာ အဆင်မပြေ။

စိတ်တွေက လူတစ်ယောက်အပေါ် မကြာခဏ ရောက် ရောက်ကာ တွေးနေမိရ၏။

ဘယ်သူရှိရဦးမှာလဲ။

ထွန်းသူရိယဆိုတဲ့ ပုဂ္ဂိုလ်ပေါ့။

သေချာ စဉ်းစားကြည့်တော့မှ မဒီ့ဘက်က အတော်လေး လွန်နေတာကို သတိထားမိရ၏။

မဒီ ဘာကြောင့်များ အဲဒီလူကို အမြင်မကြည်နိုင်ဖြစ်နေရ သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပင် မဒီ နားမလည်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မဒီနှင့် ဘာမှမဆိုင်။

သူ့ဘာသာသူ အရည်အချင်းမရှိတာကို မဒီ အမြင်ကတ်နေတာက မှားနေပြီ မဟုတ်ပါလား။

သူ့ဟာသူ ဘာပဲဖြစ်ဖြစ်ပေါ့၊ တော်တော်…ညံ့ညံ့ ဘာဆိုင်လို့တုန်း။

ခုတော့ လူ့ပေါ်ကြောတစ်ယောက်အဖြစ် အမြင်ကတ်ကတ်နှင့် မဒီ အများကြီး ချိုးနှိမ် ပြောဆိုခဲ့တာတွေအတွက် သူ မရှိတော့မှ တရေးရေး တွေးဖြစ်ရ၏။

မဒီ လွန်ခဲ့ပါပြီ။

အတော်လေးကို ဆိုးဝါးစွာ လွန်ခဲ့တာပါပဲလေ။

နှင့်သီး ချိုးနှိမ်စွာ မဒီ ပြောဆို ဆက်ဆံခဲ့မိသမျှ ခုမှ မှားနေမှန်း နားလည်ပေမယ့် ကိစ္စတွေက အားလုံး ပြီးဆုံးသွားခဲ့ပြီ မဟုတ်ပါလား။

မဒီ့ကို ဘယ်လို ယူဆသွားမလဲဆိုတာ စဉ်းစားစရာ မလိုတော့။

အလွန်မာနကြီးသော၊ မောက်မာထောင်လွှားသူအဖြစ်သာ ကောက်ချက်ချသွားမှာပေါ့။

တကယ်တော့ မဒီက မာနလည်း မကြီးပါ။





မောက်မာမှုလည်း မရှိပါဆိုတာ ကိုယ့်ကိုယ်ကို အသိဆုံး။

ဒါပေမယ့် သူရိယအတွက် မဒီဆိုတာ အလွန်ဆိုးသော မိန်းမတစ်ယောက် ဖြစ်စေခဲ့လေပြီ။

ဘာကြောင့်လဲ။

ဘာလို့ ဒီလိုဖြစ်သွားရတာလဲ။

မဒီ သေသေချာချာ စဉ်းစားကြည့်တော့ အဖြေတစ်ခု လက်ကနဲ ထွက်လာရလေသည်။

အဲဒါက သူရိယကို တော့်စေချင်၍ဟူပင်တည်း။ ဘာကြောင့် တော်စေချင်ရသလဲဆိုပါလျှင် သူရိယက ဖေဖေ့မိတ်ဆွေ၏ သားတစ်ယောက် ဖြစ်နေ၏။

သူ့အစ်ကိုတွေ အားလုံးက တော်နေပြီး၊ သူ့ကျမှ ညံ့နေရတာကို တမင်မခံချင်စိတ်လေး ရှိသွားအောင် မဒီ ပြောဆိုခဲ့ခြင်းပါ။

မခံချင်စိတ်ဖြင့် ကြိုးစားစေချင်၍ပါ။

လူငယ်တစ်ယောက် ဟိုမရောက်ဒီမရောက် ဝေလေလေ ဖြစ်နေတာကို အဆုံးသတ်စေချင်၍ပါ။

အချိန်ကို တန်ဖိုးရှိစွာ အသုံးချချင်စိတ်ရှိလာပြီး ဘဝအတွက် အောင်မြင်ချင်သူတစ်ယောက်အဖြစ် ဆန္ဒတွေ တဖွားဖွား ပေါ်ပေါက်လာစေချင်၍ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အားလုံး ပြီးသွားလေပြီ။

ထွက်သွားသော သူရိယ ရင်ထဲမှာ မဒီအပေါ် အတော့်ကို နာကျည်းအခဲမကျေမှုတွေသာ ပါသွားပေတော့မည်။

သူရိယ မရှိတော့မှ သူရိယ၏ သွားလာလှုပ်ရှားဟန်လေးတွေကို မဒီ တရေးရေး မြင်ယောင်နေမိ၏။

တီရှပ်ဖားဖား၊ ဘောင်ဘီတိုပွကားကားတို့ဖြင့် ကြက်ခြံမှာ ကြက်စာကျွေး၊ ကြက်ဥကောက်၊ ကြက်ဥပုံးတွေထမ်း၊ မဒီအအော်အငေါက်တွေခံ။

ဩော်…သူ့မိဘတွေသာမြင်လျှင် ရင်ကျိုးမှာ အမှန်။

အငယ်ဆုံးသားလေးမို့ မိဘနှင့် အစ်ကိုတွေအားလုံးက သူရိယကို အလွန်ချစ်ကြသည်ဟု ဖေဖေ ပြောသံကြားဖူးတာပဲလေ။

ထိုလူစားမျိုးကိုမှ မဒီက တစ်ပြားမတန်အောင် နှိမ့်ချ ချိုးဖဲ့စကားတွေဖြင့် ကဲ့ရဲ့လှောင်ပြောင် အနိုင်ကျင့်ခဲ့လေပြီ။

မျက်နှာပူစရာကောင်းတဲ့ကိစ္စကို မဒီ လုပ်မိခဲ့လေပြီ။ ထိုအတွေးလေးကြောင့် မဒီ့ရင်တွေ ပူလောင် အနေခက်လှပါ၏။

ဖေဖေတို့ မျက်နှာမမှထောက် မဒီ ရိုင်းခဲ့တာကို သူ့မိဘတွေ သူ ပြန်ပြောပြခဲ့လျှင်တော့ မဒီ့အပေါ် အလွန်ပင် အထင်သေးသွားပေတော့မည်။





ဖေဖေတို့အပေါ် မှာလည်း တစ်မျိုးဖြစ်သွားနိုင်ပါသည်။

သမီးရိုင်းတာ မောက်မာတာတွေကို မဆုံးမထားရကောင်းလားဟုလည်း ထင်သွားနိုင်၏။

မဒီ တကယ်ပင် စိတ်ထဲနေ၍မကောင်းတော့။ ဘာလုပ်ရမှန်း မသိ။ တငေးငေး၊ တငိုင်ငိုင် ရှိနေရလေသည်။

သွားတောင်းပန်ရမှာလား။

ဟင့်အင်း…အဲဒီလိုတော့ မလုပ်ချင်။

မဒီ့မှာ မာန ရှိ၏။

ကိုယ်လွန်ခဲ့ပေမယ့် တောင်းပန်ရလောက်အောင်အထိ မဒီ အောက်မကျို့ချင်ပါ။

မဒီ့ဘာသာ မဒီ လွန်းမှန်း သိနေတာပဲ ရှိပါစေတော့။

သူရိယ ထွက်သွားသည့်နေ့က မဒီ တကယ်ပင် မထင်မိပါ။

မဒီ့စကားတွေကြောင့် သူ ချက်ချင်း ဆုံးဖြတ်ပြီး ထွက်သွားမှန်း မဒီ သိပါသည်။

ဒါပေမယ့် မဒီ့ကို သူ လာနှုတ်ဆက်လိမ့်မည်ဟု ထင်ထားတာပါ။

မဒီ့ အထင်တွေ မှားသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ မဒီရှိသော ရုံးခန်းဘက်ဆီ လုံးဝကို ငဲ့၍ပင် မကြည့်တော့။

ခြေလှမ်းကျဲတွေဖြင့် ခပ်ငိုက်ငိုက်လေး ထွက်သွားသော သူ့ကျောပြင်ကိုသာ မဒီ မျက်စိတဆုံး ကြည့်နေမိပါတော့သည်။

ဩော်...သူ တကယ် ထွက်သွားပါပြီကော။

သူရိယရေ...။

မဒီဆိုတဲ့ မိန်းကလေးက အပြောနဲ့အလုပ် တစ်ထပ်တည်းကျအောင် နေတတ်တယ်ဆိုတာ ရှင် နားလည်မှာပါလေ။

ရှင့်မျက်လုံးတွေထဲမှာ မဒီ မြင်နေသားပဲ။

ဘယ်ဖြစ်မလဲ။

မဒီ့ အိပ်မက်ထဲမှာ ရှင့်လိုလူညံ့အတွက် နေရာမရှိပါဘူး။

စိတ်ထဲရှိတဲ့အတိုင်း အမှန်အတိုင်း ပြောလိုက်တာပါ။

မဒီ့စိတ်ကူးထဲက မင်းသားပုံစံဟာ ရှင့်လို ခပ်ဖျင်းဖျင်းလေးမှ မဟုတ်တာ။

ဒါကြောင့် တစ်ခါတည်း ပိတ်ပြောပစ်လိုက်တာလေ။

စိတ်ဆိုးလည်း မတတ်နိုင်ဘူး။

စိတ်နာလည်း မဒီ ဂရုမစိုက်ပါဘူး။

သူရိယဆိုတဲ့ ပုဂ္ဂိုလ်က မဒီ့အတွက် ဘာမှ မဟုတ်တာလေ။





လူကြီးတွေနဲ့ ပတ်သက်ပြီး အားနာတာတစ်ခုပါပဲ။

ဟုတ်တယ် သူရိယ။

တကယ် အားနာတာပါ။

မဒီဖြစ်စေချင်တာကလေ ရှင် မဒီ့ကို မုန်းမုန်းနဲ့ မခံချင်စိတ်ဖြစ်ပြီး အောင်အောင် မြေမယ်ဆိုတဲ့ ဆန္ဒတွေ ရှိသွားစေချင်တာတစ်ခုပါပဲ။

ဘာ့ကြောင့်လဲဆိုတော့ ရှင့်မိဘ အသိုင်းအဝိုင်းက သာမန်အညတြမဟုတ်လို့။

ရှင့်ကြောင့် မိဘတွေ လူမှုရေးလောကမှာ မျက်နှာပန်းမလှ သိက္ခာကျ ဂုဏ်ငယ်စရာတွေ မဖြစ်စေချင်လို့။

သားသမီးတွေ ညံ့ရင် မိဘတွေလည်း ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲလေ။ အဲဒါကြောင့်ပါ။

တန်းလျားဘက်ဆီ ဝေ့ကာနဲကြည့်ကာ ငေးငေးလေးဖြစ်နေသော မဒီ့ကို မေမေက...

"အင်း...ဟိုကောင်လေးတစ်ယောက် ပြန်သွားတာ မေမေဖြင့် စိတ်တောင်မကောင်းဘူးကွယ်"

မဒီ ထိတ်ကနဲ ဖြစ်သွားရသော်လည်း ဟန်မပျက်ပင် ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ်...သူ့မှာလည်း အိမ်ရှိတာပဲ၊ အချိန်တန် အိမ် ပြန်တာ ဆန်းလားလို့"

"အင်းလေ...မဆန်းပေမယ့် အနေကြာတော့ သံယောဇဉ် ရှိတာပေါ့ကွယ်၊ စာမေးပွဲမှ ပြန်ဖြေဖြစ်ပါ့မလားပဲလေ"

"သူ့ဘဝအတွက် တိုးတက်လမ်းကို သူမှမလုပ်ရင် ဘယ်သူမှ လုပ်ပေးလို့မရဘူးလေ မေမေရယ်၊ မဖြေရင် သူ လူတော ထဲ မတိုးဘဲနေရုံပေါ့"

"စာတော့ တကယ်ကျက်နေရှာတာပါကွယ်၊ သူ ရုတ်တ ရက်ကြီး ပြန်သွားတာ သမီးနဲ့ စကားများကြတာလားလို့ မေမေ တွေးမိသေးတယ်"

"မဟုတ်တာ...မများပါဘူး၊ သူ့ဘာသာသူ ပြန်ချင်လို့ ပြန်တာပါ မေမေကလဲ"

"အင်းလေ...ဟုတ်သားပဲ၊ သူက သမီးကို ပြန်ခံပြော တာလည်း မဟုတ်တာ"

ထိုစကားအတွက် မဒီရင်ထဲ နင့်ကနဲတော့ ဖြစ်သွား၏။

"မေမေ"

"ဟင်"





"မေမေတို့ အမြင်မှာ သမီးက သူ့ရီယအပေါ် ဆိုးတယ်လို့ မြင်လားဟင်"

"အင်း...နည်းနည်းတော့ တင်းတာအမှန်ပဲလေ၊ တကယ် တော့ သူ့ခမျာ အခြေမဲ့အနေမဲ့မှ မဟုတ်တာကွယ်၊ အကြောင်း ကြောင်းကြောင့် ဒီကိုရောက်လာရတာ၊ သမီးက တာတီးတို့နဲ့ တန်းတူ ထား ဆက်ဆံတာဆိုတော့ မေမေဖြင့် အားနာမိတာ အမှန်ပဲလေ"

"မေမေကလဲ အဲဒီလိုမှ မဆက်ဆံရင် ဒီလူ သမီးကို ရိသဲ့သဲ့ လုပ်လာတော့မှာပေါ့၊ အပြောမခံနိုင်ပါဘူး"

"သမီးရယ်...ပြောဖို့နေနေသာသာ ခမျာ သူ့ဟာသူ သိမ်ငယ်နေရတာကို"

"အဲဒီ သိမ်ငယ်မှုကို သူပဲ ဖန်တီးထားတာလေ မေမေရဲ့၊ စဉ်းစားကြည့်လေ...မိဘတွေ အစ်ကိုတွေက ပညာတတ်၊ အရည် အချင်း ရှိကြသလောက် သူ့ကျမှ စဖျင်းကြီး ဖြစ်နေရတာ၊ သူ အသုံးမကျလို့၊ မိသားစုတစ်ခုလုံး သိက္ခာကျရပြီ မဟုတ်လား၊ ယောက်ျားလေးဖြစ်ပြီး အထင်ကြီးစရာ တစ်စက်ကလေးမှ မရှိတဲ့ လူ၊ အလကား ဖွတ်"

"သမီးကလဲကွယ်...လူတစ်ယောက်ကို အဲဒီလို မပြောပါ နဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်လို့လား မေမေရဲ့"

"ဟုတ်ပေမယ့် မကောင်းဘူးလေ၊ ဩော် . . . သမီး
ပြောရဦးမယ်"

"ဘာလဲ မေမေ"

"သမီးဖေဖေက ပြောတယ်လေ"

"ဟုတ်"

"သမီးကို ဒီခြံထဲမှာပဲ ကြက်ဥရောင်း၊ ပန်းရောင်းဘဝ
မနေစေချင်ဘူးတဲ့ကွယ်"

"ဟင် . . . ဘာလို့လဲ မေမေ၊ သမီး အဆင်ပြေနေသား
ဟာ"

"အဆင်ပြေပေမယ့် သမီးအတွက် လူမှုရေးနယ်ပယ် အရမ်
ကျဉ်းနေတယ် မဟုတ်လား"

"ရှင်"

"ဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်ပြီး အိမ်တွင်းလုပ်ငန်
လေးထဲမှာချည်း သမီးဘဝကို မြှုပ်နှံမသွားစေချင်ဘူးတဲ့ကွယ်၊ ပြင်
ဗဟုသုတကြွယ်ဝအောင် ကျယ်ပြန့်တဲ့ လူမှုရေးနယ်ပယ်လောကကြီ
ထဲကို ဝင်ဆန့်စေချင်လို့တဲ့၊ သမီးအရည်အချင်းနဲ့ဆို ဖြစ်ဖြစ်မြောက်
မြောက် ရှိမှာတဲ့လေ"





"ဒါတော့ ဒါပေါ့ မေမေရယ်၊ ကုမ္ပဏီတွေမှာ သမီး သူငယ်
ချင်းတွေ အတွင်းရေးမှူး ဖြစ်နေကြတာ အများကြီးပဲ၊ အားကျမိပေ
မယ့် ကိုယ့်မှာလည်း လုပ်ငန်းက ရှိနေတော့ . . ."

"နေပါစေ . . . သမီး၊ အိမ်ကအလုပ်တွေကို သမီးဖေဖေနဲ့
မေမေ နိုင်ပြီးသားပဲကွယ်၊ ဘာမှ မပူနဲ့"

"တကယ်လား မေမေ"

"ဩော် . . . တကယ်ပေါ့၊ လုပ်မယ် ဟုတ်လား"

"ဟုတ် . . . လုပ်ကြည့်ချင်တယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နွေ၊ မိုး၊ ဆောင်း ရာသီတွေ အလီလီပြောင်း၍ 'ငါးနှစ်' ဟူသော အချိန်က တခဏလေးပမာ ကုန်ဆုံးလွန်မြောက်ခဲ့လေပြီ။

သေသပ်စမတ်ကျသော အနောက်တိုင်းဝတ်စုံဖြင့် ပြည်ပလေယာဉ်ပေါ်မှ ဆင်းလာသော သားဖြစ်သူကို ဒေါ်သီရိတစ်ယောက် ကြည်နူးပီတိ တဝေဝေ ရှိလွန်းရစွာ ကြည့်ရင်း ဝမ်းသာမှုကြောင့် မျက်ရည်ပင် ဝဲလာရတော့၏။

အနားမှာရှိသော ခင်ပွန်းဖြစ်သူကို ဒေါ်သီရိက တိုးတိုးလေး ပြောလိုက်ပါသည်။

"ကိုထွန်းရယ်...ကြည့်စမ်းပါဦး၊ သားငယ်က ကျက်သရေရှိရှိနဲ့ ခန့်ခန့်ချောချောလေးကို ဖြစ်လို့နော်"





"အေးပေါ့ကွာ...သူလည်း လူကြီးတစ်ယောက်ဖြစ်လာပြီပဲ သီရိရာ၊ အတိုင်းအတာတစ်ခုအထိ အနည်ထိုင် တည်ငြိမ် ရင့်ကျက်လာမှာပေါ့"

"ဖေဖေ...မေမေ...နေကောင်းတယ်နော်"

"အေးပါကွာ...ကောင်းတယ်၊ မင်းရော အားလုံး အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့...မေမေက ပိုတောင် လှလာသလိုပဲဗျာ၊ အဟင်း"

သူ့ကို ပီတိပြုံးလေးနှင့် ရွှန်းရွှန်းစားစား ကြည့်နေသော မေမေ့ကို ပြုံးပြုံးလေး ပြောလိုက်လေသည်။

ကြံရည်ရောင် ရင်ဖုံးလက်ရှည်နှင့် ကြံရည်ရောင် ချိတ်လုံချည် ဝတ်ထားသော မေမေက သူ့အမြင်မှာ တကယ့်ကို ကျက်သရေရှိစွာ လှပခန့်ညားနေပါသည်။

ကျောက်စိမ်းပုတီးနှင့် လက်ကောက်တို့ကို ဝတ်ထားသော မေမေ့အလှက တကယ်ကို ယဉ်ကျေးသိမ်မွေ့လှပါ၏။

မေမေက သူ့စကားကို ကျေနပ်စွာ ပြုံးလိုက်ပြီးမှ...

"သားငယ်က ပိုပြီးတောင် ချောလာပါသေးတယ်ကွယ်၊ ခုပဲ သားဖေဖေနဲ့ ပြောနေရတယ်၊ မေမေ့သားငယ်က အရင်တုန်းကနဲ့ တခြားစီ ဖြစ်သွားပြီလို့"



www.burmeseclassic.com

www.burmeseclassic.com



“အဟင်း··ဟုတ်တယ်နော် မေမေ၊ ဆယ်တန်း တဘုံးဘုံး ကျနေတုန်းက သားပုံစံနဲ့ ခုပုံစံက အတော်လေးကို ခြားနားနေလား ဟင်”

“ဒါပေါ့ သားရယ်၊ ဟိုတုန်းက ကလေးမဟုတ် လူကြီး မဟုတ် စကောစကလေး၊ ခုတော့ မေမေတို့သား လူကြီးလူကောင်း အပီဖြစ်သွားပြီနော်”

“ထွန်းသူရိယကတော့ တစ်ယောက်တည်းပါပဲ မေမေရာ၊ အသက်လေး နည်းနည်းပိုကြီးလာတော့ အတွေးအခေါ်လေးတွေ နည်းနည်း ပြောင်းလဲသွားတာပဲ ကွာပါတယ်”

လေဆိပ်မှ အိမ်သို့ လာရာလမ်းတလျှောက် ဖေဖေနှင့် မေမေက သူ့အတွေ့အကြုံများကို စိတ်ဝင်စားစွာ မေးကြတော့ရာ အကျဉ်းချုံးပြီး သူ ပြောပြလာခဲ့ရ၏။

သြော်···သူ့ဘဝလေး ခုတော့ ပြောင်းလဲခဲ့လေပြီ။ တစ်စုံတစ်ယောက်အပေါ် မခံချင်စိတ်ကြောင့် သူ ကြိုးစားခဲ့တာတွေပင် တည်း။

ဆယ်တန်းကို ဂုဏ်ထူးလေးခုနှင့် သူ အောင်တော့ မေမေ ဝမ်းသာလွန်း၍ ငိုပင် ငိုပါသည်။

ဖေဖေက သူ့ကို ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ ဟူ၍





မေးသောအခါ၊ သူ့ရင်ထဲမှာ အကြိတ်အခဲကြီးစွာ ဖွဲ့တည်ခဲ့ရသော ရည်ရွယ်ချက်တစ်ခုကို ရဲဝံ့စွာ အဆိုပြုခဲ့ပါ၏။

အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် သူ ဖြစ်ချင်သည်ဟူ၍။ ဖေဖေက ဖြစ်အောင် ဖေဖေ စီစဉ်ပေးမည်ဟု ဆိုပြီး စီးပွားရေးတက္ကသိုလ်သို့ သူ တက်ခဲ့ရ၏။

ကျောင်းပြီးသည်နှင့် သူ့ထူးချွန်မှုကြောင့် နိုင်ငံခြားပို့ကာ စီးပွားရေးပညာများကို ဆည်းပူးလေ့လာစေခဲ့ပါသည်။

ခုတော့ ပညာရေးခရီး ပြီးဆုံး၍ သူ ပြန်လာခဲ့ပါပြီ။

ဖေဖေက···

“အတော်ပဲကွာ···သားပြန်လာတာ၊ အချိန်ကိုက်ပဲ”

“ဗျာ···ဖေဖေ”

ဖေဖေ့စကားကို သူ မရှင်းပါ။ မေမေက···

“သားအတွက် အလုပ်ဝင်ဖို့ သားဖေဖေက အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးထားတာလေ”

“ဟင်···ဟုတ်လား ဖေဖေ”

“ဟုတ်တယ် သား၊ ဖေဖေတို့ မိတ်ဆွေတွေစုပြီး တည်ထောင်ထားတဲ့ ကုမ္ပဏီ နှစ်ပတ်လည် အစည်းအဝေး နီးနေပြီကွ”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ သားအတွက် ရည်ရွယ်ထားပြီး ရှယ်ယာ ဝင်ထားတာလေ၊ အားလုံးထဲမှာ ဖေဖေ့ရှယ်ယာက အများဆုံးဆိုတော့ ဒါရိုက်တာအဖွဲ့လူကြီးရွေးပွဲမှာ သားကို ဥက္ကဋ္ဌတင်ဖို့ သဘောတူထား ပြီးပြီ"

"ကျေးဇူးပဲ ဖေဖေ၊ ကျန်ပုဂ္ဂိုလ်တွေက သားထက် လုပ်ငန်း အတွေ့အကြုံ ဝါရင့်ကြမှာဆိုတော့ သား သူတို့ဆီမှာ အကူအညီ အများကြီး ယူရမှာပါ"

"ဒါပေါ့ကွာ...ပြဿနာ မရှိပါဘူး၊ ဖေဖေ အားလုံးကို ပြောဆို ညှိနှိုင်းထားပြီးသားကွ၊ သူတို့က သားဆီက နည်းပညာတွေ နဲ့ သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်လိုက်ရင် ကုမ္ပဏီ တိုးတက်ဖို့ လုံးဝ ပူစရာမလိုတော့ဘူးလို့ ယုံကြည်ထားကြတာကွ"

"ခုလို နားလည်ပေးတာကို သား ဝမ်းသာပါတယ် ဖေဖေ၊ သားအနေနဲ့လည်း လက်လွှတ်စပယ် မလုပ်ပါဘူး၊ အားလုံးနဲ့ တိုင်ပင် ဆွေးနွေးမှာပါ"

"အင်း...ကောင်းတာပေါ့ သားရာ၊ ဖေဖေတော့ သား အရည်အချင်းကို လုံးဝ စိတ်ချတယ်ကွာ"

"တကယ်လား ဖေဖေ"

"ဟာ...တကယ်ပေါ့၊ သားက ဖြစ်အောင်လုပ်တတ်တဲ့





လုပ်လည်းလုပ်နိုင်တဲ့ အရည်အချင်းတွေ ရှိတယ်ဆိုတာ ဖေဖေ သိတယ်လေ"

"အဟင်း..."

သူ ပြုံးမိပါတော့၏။ တစ်ချိန်လုံး ငြိမ်နေသော မေမေက...

"ကဲ...ကဲ အဲဒါတွေ အသာထားဦး၊ သားငယ်ကို မေမေ အရေးကြီးဆုံးတစ်ခု မေးစရာရှိတယ် သိလား"

"ဘာများလဲ မေမေ၊ မေးလေ"

"သားငယ်"

"ဗျာ"

"ရည်းစားရှိနေပြီလား"

"ဟင်...ဟာဗျာ..မေမေကလဲ၊ သားက ဘာများလဲလို့"

သူ သဘောကျစွာ ရယ်ကာ ပြောရင်း စိတ်ထဲမှာ တစ်စုံ တစ်ယောက်၏ မျက်နှာကို ဖျတ်ကနဲ မြင်ယောင်လိုက်မိပါတော့၏။

ဘယ်သူရှိရဦးမှာလဲ၊ ပျိုမဒီပေါ့။

မချိုပြုံးလေးပြုံးရင်း ရင်ထဲမှာ တိုးတိုးလေး ရေရွတ်နေမိ ၏။ ကျေးဇူးပဲ ပျိုမဒီ။

မင်းကြောင့် ကိုယ် အရည်အချင်းရှိတဲ့လူတစ်ယောက် ဖြစ် အောင် ကြိုးစားခဲ့ပါပြီကွာ။ ခုနေများ မင်းသာ ကိုယ့်ကိုမြင်ရင်...



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်…"

"ဟင်…ဗျာ မေမေ"

မေမေ ထပ်ခေါ်တော့မှ သူ ဆတ်ကနဲ ဖြစ်သွားရတာမို့ မေမေက…

"မေမေမေးတာ ဖြေလေ သားငယ်၊ ရှိလား…မရှိသေးဘူးလား၊ ဒီနှစ်ခွန်းပဲ ဖြေရမှာ၊ ဘာတွေစဉ်းစားနေတာလဲ၊ ဘာလဲ ရှိနေပြီပေါ့ ဟုတ်လား"

"အဟင်း…မရှိပါဘူး မေမေရာ"

"တကယ်လား သား"

"ဟာဗျာ…တကယ်ပါမေမေ မရှိပါဘူး"

"ညုံ့လိုက်တာ"

မေမေ စိတ်ပျက်ဟန် တိုးတိုးလေးညည်းတော့ ဖေဖေက…

"မသိရိုရာ မင့်သားက ပညာသွားသင်တာကွ၊ ချစ်သူသွားရှာတာမှ မဟုတ်တာ၊ ဘာလဲ…မင်းက ချွေးမလိုချင်နေပြီလား၊ စိတ်ချ…ဘာမှ မပူနဲ့"

"ဖေဖေ"

"ဟင်…ဘာလဲ ကိုထွန်း၊ ရှင်တွေ့ထားတာ ရှိနေလို့လား၊ ကျွန်မလည်း မသိရပါလား"





ဖေဖေ့ကို သူ့ရော၊ မေမေပါ တအံ့တသြ ကြည့်တော့ ဖေဖေ မြိန့်မြိန့်ကြီးပြုံးကာ…

"မရှိပါဘူးကွာ၊ ဒါပေမယ့် အခုဆို မင့်သားမှာက ပညာ၊ ရုပ်ရည်၊ လုပ်ငန်း ဘာမှ ပြောစရာမရှိတဲ့ လူငယ်လုပ်ငန်းရှင်တစ်ယောက်ဖြစ်နေပြီလေ၊ သင့်တော်မယ့် အဖော်ရှာပြီး လက်ထပ်ရုံပဲ ရှိတော့တာ၊ ကြည့်နေ…သမီးရှင်တွေ မင်းကို ခမည်းခမက်တော်ချင်လို့ အကြောင်းမရှိ အကြောင်းရှာပြီး ဟိုပစ္စည်းလာပြ၊ ဒီပစ္စည်းလာပြနဲ့ အလုပ်များတော့မယ်၊ ငါ ဗေဒင် ကြိုဟောလိုက်မယ်၊ မင်း ချွေးမရွေးပွဲ ဆင်နွှဲဖို့သာ ပြင်ထားပေတော့ကွာ"

"ပြောတော့မယ်…ရှင်ကလဲ"

မေမေ ကျေနပ်မျက်စောင်းလေး ဝင့်ကနဲ ဝဲကာ ဖေဖေ့ကို ပြုံးကြည့်လိုက်ပြီးမှ သူ့ကို ပြောလိုက်၏။

"မသိပါဘူးကွယ်…မေမေဖြင့် သားငယ် ဟိုမှာ အဆက်လေးဘာလေး ရလာမလားလို့ပါ"

"နိုင်ငံခြားသူလား မေမေ"

"မဟုတ်ဘူးလေ…ကိုယ့်ဗမာထဲက တစ်ယောက်ယောက်နဲ့ပေါ့၊ မေမေ့သားက အချောစားလေးပဲဟာ၊ မိန်းကလေး သူငယ်ချင်းတွေဘာတွေတော့ ရှိခဲ့မှာပေါ့"

"ရှိတာပေါ့…ရိုးရိုးပါပဲ မေမေရာ"



www.burmeseclassic.com

www.burmeseclassic.com



"သားကကို စိတ်မဝင်စားတာလား"

"အဟင်း…ဆိုပါတော့"

"သားငယ်"

"ဗျာ"

"မှန်မှန်ပြောစမ်းကွယ်"

"ဟင်…ဘာလဲ မေမေ"

"သား စိတ်ဝင်စားနေတာမျိုး တစ်ယောက်မှ မရှိသေးတာလား"

သူ ဟန်မပျက် အမြန်ဆုံး ဖြေလိုက်ရ၏။

"ဟာ…ဘယ်ကရှိရမှာလဲ မေမေရာ၊ သိတဲ့အတိုင်း သားက စာထဲမှာ တကုတ်ကုတ် ကိုယ်ရောစိတ်ပါ အချိန်ပြည့် နှစ်မြှုပ်ထားခဲ့တာ၊ အပိုတွေ ဘာမှ မစဉ်းစားနိုင်၊ အချိန်မပေးနိုင်ခဲ့တာပါ မေမေ"

"အင်း…အင်း ဟုတ်သားပဲလေ၊ ကောင်းပြီ…မေမေ နားလည်ပြီ၊ ဒီပုံစံနဲ့သာဆိုရင်တော့ မေမေ့သား လူပျိုကြီး ဖြစ်သွားနိုင်တယ်"

"ဟင်…ဘာလို့လဲ မေမေ"

"ပညာသင်တုန်းကတော့ စာကိုပဲ ဖိပြီး အာရုံစိုက်ခဲ့ရလို့၊





အပိုတွေ မလုပ်အားဘူး၊ ခုတော့လဲ အလုပ်ထဲ ရောက်တာနဲ့ အလုပ်တွေပိပြီး ဘာကိုမှ မစဉ်းစားနိုင်တော့ဘူးဆိုရင် လူပျိုကြီးပဲ ဖြစ်တော့မှာပေါ့"

"ကောင်းတာပေါ့ မေမေရာ၊ ဒါမှ မေမေတို့နဲ့ တစ်သက်လုံး အတူတူ နေသွားနိုင်မှာပေါ့"

"အံမယ်…မယ် ဘယ်ဖြစ်မလဲ၊ ကျုပ်တို့က အချိန်တန် မျက်စိမှိတ်ကြရမှာလေ၊ မင်းတစ်ယောက်တည်း ယောင်လည်လည် ကျန်ခဲ့ရမှာပေါ့၊ မဖြစ်ဘူး…မေမေ ရှာမယ်၊ စိတ်တိုင်းကျ ချွေးမ ရှာပုံတော် ဖွင့်ရတော့မယ်"

"ဟာ…မေမေ"

"ဟင်"

"မလုပ်နဲ့…ကျွန်တော် ဆန္ဒ မရှိသေးပါဘူးဗျာ"

"ဘယ်အချိန်မှ ရှိမှာလဲ၊ ခုပဲ အစိတ်ရှိနေပြီ၊ အရွယ်လွန်မှ မဟုတ်တာတွေနဲ့ ဖြစ်သွားရင် ဒုက္ခ"

"မဖြစ်ပါဘူး မေမေရာ၊ ကျွန်တော့်လက်တွဲဖော်ကို ကျွန်တော်ကိုယ်တိုင် ရွေးချင်တယ်"

"တကယ်ရွေးမှာလား"

"ဟုတ်ကဲ့"

"ဘယ်တော့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ…မေမေကလဲ၊ ချက်ချင်းကြီးတော့ ဘယ်ဖြစ်မလဲဗျာ"

"ဒါဆို မေမေ အချိန်ပေးမယ်၊ တစ်နှစ်အတွင်း…ကဲ"

"အဟင်း…မမြန်လွန်းဘူးလား မေမေ"

"နှစ်နှစ်လား"

သူနဲ့ မေမေ အလျှော့အတင်း လုပ်နေပုံကို ဖေဖေ နားထောင်ရခက်လာဟန်ဖြင့်…

"ကဲ…ကဲ…မသီရိ၊ ခင်ဗျားကလဲ ဒီကိစ္စကို ဈေးဝယ်သလို ဆစ်မနေနဲ့၊ သိသားနဲ့…ဒါမျိုးက စက်ကွင်းထဲဝင်လာရင် တစ်နှစ် နှစ်နှစ်မဟုတ်ဘူး၊ တစ်ပတ်…တစ်လအတွင်းမှာကို ဒိုင်းကနဲ ဖြစ်ချတတ်တာမျိုး၊ သားက ဖြစ်ချင်တဲ့ဆန္ဒ ရှိနေပြီပဲ၊ ဘာမှ မပူနဲ့တော့ကွာ၊ ငါ ပြောလိုက်မယ်၊ တစ်နှစ်မပြည့်ခင်မှာကို မင့်သားမိန်းမယူဖြစ်သွားလိမ့်မယ်"

"ဖေဖေ"

"ကုမ္ပဏီမှာ စာရေးမလေးတွေ ချောတယ်ကွ၊ အဟဲ"

"ရှင်ကလဲ"

ဖေဖေ တဟားဟား ရယ်ပါတော့၏။



## အခန်း(၂၂)

"တက်နေဝန်း ကုမ္ပဏီ" ဆိုင်းဘုတ်ကြီးက အနက်ခံမှာ ရွှေရောင်ဖောင်းကြွစာလုံးကြီးတွေဖြင့် ဝင့်ထည်ခန့်ညားလှပါဘိခြင်း။

ကုမ္ပဏီထဲသို့ ဖေဖေနှင့်သူ ဝင်လာသည်နှင့် ဝန်ထမ်းများက လေးစားဂါရဝပြုဟန် သွက်လက်စွာ ထရပ်ကြကာ ဂါရဝပြုခါးညွတ်ကာ သူ့ကို လေးစားခင်မင် အထင်ကြီးသော မျက်ဝန်းများဖြင့် ကြည့်နေတာကို သူ သိပါသည်။

အသက်ငယ်ငယ်နဲ့ တော်လိုက်တာနော်ဟူသော တီးတိုးသံတစ်ခုကို သူ သဲ့သဲ့လေး ကြားလိုက်ပါ၏။

နိုင်ငံခြားပြန် စီးပွားရေးပညာရှင်ဟူသော ဂုဏ်အဆောင်



www.burmeseclassic.com

www.burmeseclassic.com



အယောင်က သူ့ကို ထယ်ဝါခန့်ညားမှု ကျက်သရေအပြည့်ဖြင့် တည်ငြိမ်ကြန့်ရှုံ့မှုများစွာ ဖြစ်တည်စေလေပြီ။

ဝန့်ထမ်းများရှိနေသော ဌာနအသီးသီးတွေကို ဖြတ်လျှောက်လာခဲ့ရသော လမ်းတလျှောက် တည်ကြည်စမတ်ကျစွာ လျှောက်လာနေသော သူ့ခြေလှမ်းတိုင်းအပေါ်မှာ ခုတော့ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုအပြည့်ရှိပုံနှင့် မော့မတ်မတ် စတိုင်လေးက သူ့ချောမောသန့်ပြန့်သော ပင်ကိုယ် ရုပ်အဆင်းကို ပို၍ အရောင်တောက်ပစေသလိုပင်။

လျှောက်နေရင်းမှာပင် သူ့အသိတရားလေးထဲ ဖျတ်ကနဲဝင်လာသော အာရုံလေးတစ်ခုက ဖေဖေ ပြောဖူးသော စကားလေးတစ်ခွန်းကို ရုတ်ချည်း အမှတ်ရလိုက်ပါသည်။

'ကုမ္ပဏီစာရေးမလေးတွေ ချောတယ်ကွ' ဟူသော စကား။

ကြည့်စမ်း…သတိထားမိသလောက် တစ်ယောက်မှ ချောချောလှလှ မတွေ့ရပါ။

အမျိုးသားဝန်ထမ်း အများစုကြားမှာ အမျိုးသမီးတစ်ယောက်စ နှစ်ယောက်စတော့ လှမ်းမြင်ရပေမယ့်…

ငယ်ငယ်ချောချောလေးတွေ တစ်ယောက်မှမရှိ။ အသက်





သုံးဆယ်ကျော်‥လေးဆယ်ဝန်းကျင် ရှူလတ်ပိုင်းအရွယ်တွေသာ များပါသည်။

သူ အတွေးနှင့် အလိုလို ပြုံးချင်လာရစွာ နှုတ်ခမ်းထူထူလေးတွေ ကွေးယောင်ယောင်လေး ရှိသွားရတော့၏။ စိတ်ထဲမှာတော့…

*ဖေဖေရာ…ဖေဖေပြောသလို စာရေးမချောချောလေးတွေ ရှိနေရင်တောင်မှ သားရင်ကို ခုန်စေမှာ မဟုတ်ပါဘူးဗျာ။*

*သားရင်ထဲမှာ ဟိုးအရင်ကတည်းက တစ်ယောက် ရှိနေပြီးသားမို့ပါ။ အဲဒါကလည်း သားဘက်ကသာ တစ်ဖက်သတ်ဖြစ်နေပြီး သူ လုံးဝ မသိပါဘူးဗျာ။*

*ခုတော့ သားမှာလည်း ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ရှိနေပြီမို့ သူ့ကို သား သွားရှာဖို့ စဉ်းစားထားပြီးပါပြီ။*

*သားဘဝ ခုလို အောင်မြင်မှုရသွားတာက အဓိက ကျေးဇူးရှင်ဟာ သူပါ ဖေဖေ။*

"ဟော…ဆရာ ရောက်လာပြီလား"

အခန်းတစ်ခုရှေ့အရောက်မှာ နှုတ်ဆက်လိုက်သော လူတစ်ယောက်အသံကြောင့် သူ လှမ်းကြည့်လိုက်တော့…

အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ယောက် ဖေဖေနှင့် သူ့ကို လေးစားဟန် ပြုံး၍ နှုတ်ဆက်နေသဖြင့် ဖေဖေက…



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ကိုစိုးအောင်၊ အတော်ပဲ..ကျွန်တော်က ခင်ဗျား မရောက်သေးဘူးထင်လို့"

ဖေဖေက ထိုပုဂ္ဂိုလ်ကိုပြောပြီး တဆက်တည်း သူ့ကို ပြောလိုက်တာက...

"သား...သူက ကိုစိုးအောင်၊ သားအတွက် အကူအညီတွေ ပေးနိုင်မယ့် ဖေဖေ့မိတ်ဆွေပေါ့၊ ဖေဖေ့မှာ ရုံးအလုပ်တစ်ဖက်နဲ့ဆိုတော့ ဒီမှာ အချိန်ပိုင်းလောက်ပဲ လာနိုင်းတာ၊ ကိုစိုးအောင်ကပဲ အစစအရာရာ ကူညီလုပ်ကိုင်ပေးထားတာလေ၊ ရည်ရွယ်ကတည်းက သားအတွက်ပဲဆိုတော့ ခုတော့ ဖေဖေ စိတ်ချလက်ချ သားကို ထားခဲ့လို့ရပြီ၊ ကိုစိုးအောင်ရေ..ကျွန်တော့်သားပါ၊ ထွန်းသူရိယလို့ ခေါ်တယ်၊ လိုအပ်တာမှန်သမျှ အစစ ကူညီညွှန်ပြပေးပေါ့ဗျာ ဟုတ်လား"

သူက ဦးစိုးအောင်ကို ခင်မင်လေးစားဟန် ခါးညွတ် ခေါင်းငုံ့ ဂါရဝပြုလိုက်ပြီးမှ...

"အားကိုးပါတယ် အန်ကယ်၊ ကူညီပေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်ခင်ဗျ"

"ဟာ...ဆရာ..အဲ..ဆရာလေးကို မြင်လိုက်တာနဲ့ ထက်မြက်တက်ကြွတဲ့ လူငယ်တစ်ယောက်လို့ သိလိုက်ပါတယ်ဗျာ"





"အာ...ဟို"

ဦးစိုးအောင်၏ သူ့ကို ဆရာလေးဟူသော အခေါ်အဝေါ်ကြောင့် ဘဝင်မကျဟန် သူ ပြုံးလိုက်ပြီးမှ ပြောလိုက်၏။

"အန်ကယ်...ကျွန်တော့်ကို သူရိယလို့ပဲ ခေါ်ပါဗျာ၊ ရင်းရင်းနှီးနှီးပေါ့၊ ဆရာလေးဆိုတာက နားထောင်ရတာ တစ်မျိုးကြီးဖြစ်နေလို့ အဟင်း..."

ဖေဖေကလည်း ထောက်ခံဟန် ခေါင်းညိတ်ကာ...

"ဟုတ်တယ် ကိုစိုးအောင်၊ သားကို ခင်ဗျားပဲ လုပ်ငန်းအတွေ့အကြုံတွေကို သင်ပေးရမှာလေ၊ သားပြောသလို ရင်းရင်းနှီးနှီးပဲ ခေါ်ပါ၊ ကိုယ့်တူသားအရင်းလို သဘောထားပါဗျာ"

"ကောင်းပါပြီ...ဆရာ၊ စိတ်ချပါ"

"သား...ဒါဖြင့် ဖေဖေ သွားတော့မယ်၊ ရုံးမှာ အစည်းအဝေး ရှိသေးတယ်"

"ဟုတ်ကဲ့...ဖေဖေ"

ဖေဖေ ထွက်သွားတော့မှ ဦးစိုးအောင်က သူ့ကို ရုံးခန်းလေးထဲ ခေါ်ကာ အသင့်ပြင်ဆင်ထားသော ဖိုင်တွဲများကို ပြ၍...

"ဒါတွေအားလုံး အချိန်ရရင် ရသလောက် လေ့လာထားရမယ့် လုပ်ငန်းမှတ်တမ်းဖိုင်တွေပါ၊ ပြီးတော့ မိတ်ဆက်ပွဲ အခမ်းအနားလေးကိုရော ဘယ်အချိန်မှာ လုပ်ချင်ပါသလဲ မောင်သူရိယ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်…ဖြေးဖြေးပေါ့ဗျာ၊ ဒါရိုက်တာ အစည်းအဝေး လုပ်ပြီးမှပဲ ကောင်းမလားလို့"

"အင်း…ကောင်းပါတယ်၊ ရှယ်ယာဝင်တွေအားလုံးက သူ့အပိုင်းနဲ့သူ တာဝန်တွေ ခွဲဝေယူထားကြလို့ လုပ်ငန်းလည်ပတ်မှု ချောမောအဆင်ပြေပါတယ်ကွာ"

ဖိုင်တစ်ခုကို သူ ယူကာ ဟိုဒီ ကောက်လှန်နေရင်းမှ ခေါင်း ဆတ်ကနဲ ညိတ်ကာ…

"ဟုတ်ကဲ့…လုပ်ငန်းတစ်ခုလုံးကို စည်းစနစ်ကျကျလေး ဖွဲ့စည်းလုပ်ကိုင်ထားတာတွေ တွေ့ရပါတယ်"

"ဟို…အန်ကယ် တစ်ခု ပြောချင်လို့"

"ပြောပါ…အန်ကယ် ဘာများလဲ"

"ခုဆိုရင် အန်ကယ့်မှာလည်း ကိုယ့်တာဝန်နဲ့ကိုယ်ဆိုတော့ ဖြစ်နိုင်ရင် မောင်သူရိယအတွက် အကူတစ်ယောက်ခန့်ရင် ကောင်း မလားလို့"

"ဟာ…ကောင်းတာပေါ့၊ သိပ်ကောင်းတယ်၊ ကျွန်တော် လည်း အဲဒါကို စဉ်းစားနေတာ၊ အန်ကယ့်ကိုချည်း တစ်ချိန်လုံး အားကိုးနေလို့မှ မဖြစ်တာဗျာ၊ လုပ်ဗျာ…အမြန်ဆုံးပေါ့၊ ကျွန်တော့် အတွက် အတွင်းရေးမှူးတစ်ယောက် ရှာပေးပါ အန်ကယ်"





"လုပ်ငန်း အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်တဲ့ လျှောက်လွှာရှင်တွေ ရှိတယ်"

"ဟင်…ဟုတ်လား"

"အရင်တစ်ပတ်က လူပြည့်သွားလို့ ချန်ထားခဲ့ရတာ၊ ပြီး တော့ ဒီကုမ္ပဏီမှာက အများစုခန့်တာ အမျိုးသားဝန်ထမ်းချည်း ဖြစ်နေလို့"

"အင်း…ဟုတ်တယ်၊ ကျွန်တော် သတိထားမိတယ်၊ အမျိုး သားများပြီး အမျိုးသမီး နည်းတယ်နော်"

"အဟင်း…နည်းတာမပြောနဲ့၊ ရှိနေတဲ့အထဲမှာတောင် ချောချောလေးတွေ မပါဘူးလေ"

"ဒါလဲ ဟုတ်တယ်၊ ဘာဖြစ်လို့လဲဗျ"

"ငယ်ငယ်ချောချောလေးတွေဆိုရင် ပြဿနာတွေ ရှုပ်တတ် လွန်းလို့တဲ့ကွာ၊ တစ်ဖွဲ့လုံးက ဆုံးဖြတ်ပြီး မူချထားတာလေ၊ ချောဖို့ မလိုဘူး၊ လုပ်ငန်းအပေါ် လေးစားမှု စည်းကမ်းရှိမှုနဲ့ ကျွမ်းကျင်မှု အဓိကပဲ"

"ဩော်…ဒီလိုလား၊ ဒါလဲ တစ်မျိုးကောင်းတာပေါ့ဗျာ"

"အရင် ကျန်နေတဲ့ လျှောက်လွှာရှင်တွေထဲက အလား အလာကောင်းတဲ့ဟာတွေ ခေါ်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ရအောင်ဗျာ"

"ဘယ်လိုလဲ"

"ငါးစောင်လောက် ကျွန်တော့်ကို အရင်ပြပေးပါလား၊ အဲဒီထဲက တစ်ယောက် ကျွန်တော် ရွေးမယ်"

"အမျိုးသားထဲကလား"

"ဖြစ်တယ်...အမျိုးသမီးဆိုလည်း တော်တော်ထက်ထက် ဖြစ်နေရင် စဉ်းစားရမှာပေါ့ဗျာ"

"စိတ်ချ...အမြန်ဆုံး ယူလာပေးမယ်"

ဦးစိုးအောင်က ပြောသည့်အတိုင်းပင် သိပ်မကြာခင်မှာပင် သူ့ဆီ ဖိုင်တစ်ခု ယူလာပါတော့၏။

"ဒီထဲမှာ လျှောက်ထားတဲ့အထဲက အတော်ဆုံးငါးယောက်ပါ မောင်သူရိယ၊ နှစ်သက်သလိုသာ ရွေးပေတော့"

"ဟုတ်ကဲ့...ကျေးဇူးပဲ"

ဦးစိုးအောင် ထွက်သွားတော့မှ သူ အသာယူကာ လျှောက်လွှာတွေကို ကြည့်လိုက်၏။

တစ်ယောက်ပြီးတစ်ယောက် ဓာတ်ပုံနှင့်တကွ ကိုယ်ရေးအကျဉ်းတွေပါကြသဖြင့် သူ သေချာ စီစစ်ရွေးချယ်နေမိ၏။ ဦးစိုးအောင် ပြောသွားတာက...





"ဒီထဲက တစ်ယောက်ယောက်ကို ရွေးတာနဲ့ တန်းခန့်လိုက်ရုံပဲ၊ အားလုံး နှုတ်ဖြေ ဖြေထားပြီးသားတွေ"

အမျိုးသား သုံးယောက်ပြီးမှ အမျိုးသမီးလျှောက်လွှာ နှစ်စောင်ထဲမှာ နောက်ဆုံး တစ်စောင်ကျမှပင် သူ့မျက်လုံးတွေ ဝိုင်းသွားရလောက်အောင် အံ့အားသင့် ဝမ်းသာသွားရပါတော့၏။

အမည် ပျိုမဒီ

မိဘအမည် ဦးကျော်အောင်+ဒေါ်အေးမြ

ပညာအရည်အချင်း BSc သိပ္ပံဘွဲ့ (သင်္ချာ)

"ဟာ"

သူ ဆက်မဖတ်ဖြစ်တော့...။

ဒိန်းကနဲ ရင်တွေ တဒုတ်ဒုတ်ခုန်လာရရှာ ပျော်သွားရပြီးမှ တစ်စုံတစ်ခုကို ထိတ်ကနဲ စိုးရိမ်သွားကာ အမြန်ဆုံး ရှာဖွေ ဖတ်ကြည့်ရပြန်၏။

အိမ်ထောင် ရှိ/မရှိ အပျို

အို...သူ ပျော်သွားရလေပြီ။

ပျိုမဒီရာ ကြည့်စမ်း၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ။

ဖုန်းခွက်ကို အသာမကာ ဦးစိုးအောင်ကို ခေါ်ရပြန်၏။ ဝင်လာသော ဦးစိုးအောင်ကို သူ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစိုးအောင်…ဒီလျှောက်လွှာရှင်ကို ရွေးမယ်ဗျာ၊ အမြန်ဆုံး အကြောင်းကြားပေးပါ ဟုတ်လား"

ဦးစိုးအောင်က သူ လှမ်းပေးသော လျှောက်လွှာကို ယူလိုက်ပြီးမှ နာမည်ကို ကြည့်ကာ…

"ကောင်းပါတယ်…တကယ်တော်တဲ့ မိန်းကလေးပါ၊ လုပ်သက် အတွေ့အကြုံလည်း ရှိပြီးသားလေ"

"ဟင်…ဦးစိုးအောင် သိနေလား"

"အင်တာဗျူးမေးတုန်းက မှတ်မိနေတာ၊ ထူးခြားလို့"

"ထူးခြားလို့"

"ဟုတ်တယ်…ဘယ်မှာ အလုပ်လုပ်ဖူးသလဲလို့ မေးတော့ ကုမ္ပဏီ သုံးလေးခုနာမည် ရွတ်ပြတယ်"

"ဩော်…ဘာလို့ အဲဒီမှာ ဆက်မလုပ်တာတဲ့လဲဗျာ"

"အဟင်း…မိန်းကလေးက ပွင့်လင်းသွက်လက်ရဲလင်းတဲ့ ပုံဆိုတော့ ဘာပြောတယ်မှတ်လဲ"

"ဟင်…ဘာတဲ့လဲဗျာ"

"ကုမ္ပဏီပိုင်ရှင်သားက သူ့ကို ရည်းစားစကားပြောလို့တဲ့၊ ဆက်လုပ်နေရင် သူ လက်ခံတယ်လို့ ထင်မှာစိုးလို့တဲ့"

"ဟင်…ကုမ္ပဏီတိုင်းလိုလိုလားဗျာ"





"သဘောထားစ်ခုပြောပြတာပါ၊ ပိုင်ရှင်ကိုယ်တိုင် မယားကြီးရှိရက်နဲ့ ရိသဲ့သဲ့ပြောတာတွေရော၊ တူတွေ..ညီတွေထဲကလည်း ပိုးတာခံရတော့ စိတ်ရှုပ်လို့တဲ့၊ အလုပ်ကိုပဲ ပီပီပြင်ပြင် ရှင်းရှင်းလေး လုပ်ချင်လို့တဲ့လေ၊ အဟင်း…မထူးခြားဘူးလား"

"သူက ချောလို့လားဗျာ"

"သိပ်အချောစားကြီး မဟုတ်ပေမယ့် သာမန်ထက်တော့ ကြည့်ကောင်းတဲ့ ရုပ်ရည်ပါ၊ အကြောင်းကြားလိုက်ရမလား"

"ဟုတ်ကဲ့…နက်ဖြန် ဆယ်နာရီလောက်ပေါ့"

"ကောင်းပြီ…မောင်သူရိယ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

"မေမေ သမီး သွားတော့မယ်"

"အေး…အေး၊ ဘုရားရှိခိုးပြီးပြီလား"

"ပြီးပါပြီ မေမေရယ်၊ ဆုတောင်းပေးနေနော်"

"အင်းပါကွယ်…မေမေ့သမီးလည်း ကုမ္ပဏီတစ်ခုမှာ တစ်နှစ်လောက်ပဲ ကြာတတ်တော့ ဒီတစ်ခါ အခြေကျကျ တည်ငြိမ်မှုလေး ရှိပါစေကွယ်"

"အဲဒါလဲ သမီး ဆက်မလုပ်ချင်လို့ ထွက်လိုက်တာပဲ မေမေရယ်၊ မေမေပြောသလိုပဲ လူမှုရေးနယ်ပယ်ထဲက လူတွေအကြောင်း သိခွင့်ရတာ အမြတ်ပေါ့ မဟုတ်ဘူးလား"





"အင်း…အင်း၊ ကဲ…သွားတော့၊ အချိန်နီးနေပြီ"

"ဟုတ်"

မဒီ ထွက်လာတော့ စိတ်တွေက နယ်မှာရှိသော တန်းလျားဆီ အမှတ်မထင် ရောက်ဖြစ်သေး၏။

ဩော်…သူရိယဆိုတဲ့လူ၊ ရှင် ဘယ်အခြေအနေ ရောက်သွားပြီလဲနော်။

ထွက်သွားကတည်းက တစ်ခါမှကို ထပ်မတွေ့ရတော့တာ၊ မဒီ ရှင့်ကို တောင်းပန်စရာရှိထဲ့ အကြွေးနဲ့ပါ။

အပြင်မှာ အလုပ်ထွက်လုပ်တော့မှ မဒီ့ကို စိတ်ဝင်စားကြတဲ့လူတွေကြောင့် မဆီမဆိုင် ရှင့်ကိုပဲ သတိရနေတတ်တဲ့ ကိုယ့်စိတ်ကို မဒီ အရမ်းအံ့ဩနေတာပါ။

ရှင့်ကို နင့်သီးစွာ ပြောခဲ့မိတဲ့ ကိုယ့်စကားတွေအတွက် မဒီ တကယ်ပဲ အားနာနေတာပါ၊ လူတစ်ယောက်ကို မတူမတန်သလို နှိမ့်ချပြောဆိုခဲ့တာတွေကြောင့် မဒီ တကယ်ပဲ နောင်တရနေပါပြီ။

ဖေဖေတို့ ပြောဖူးတာ ကြားရတာကတော့ ရှင် ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်သွားပြီလို့၊ ဝမ်းသာပါတယ်။

နောက်ထပ် ဘာမှ မကြားရတော့တာ ရှင် ဘယ်ရောက်နေလဲ၊ ဘာဖြစ်နေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



မဒီ သိချင်တယ်၊ ဒါပေမယ့် ဖေဖေတို့ကို မေးရမှာ ဘာမှန်းမသိ ဝန်လေးသလို ရှက်သလိုပဲလေ။

တစ်ခုတော့ ရှိတယ်။ အဲဒါက မဒီ ရှင့်ကို မမေ့ဘူး၊ အမြဲ သတိရနေတယ်ဆိုတာပဲ။

ဆန်းကြယ်လိုက်တာနော်။

သူများတွေက မဒီကို ရိုသဲ့သဲ့ ပြောလာရင် ဘာမဆိုင် ညာမဆိုင် ရှင့်မျက်နှာကို မဒီ ကွက်ကနဲ မြင်ယောင်သတိရနေမိတာ ဘယ်သူမှ မသိဘူး။

မဒီ သိနေတယ်။ ရှင် မဒီကို အရမ်းစိတ်နာပြီး ထွက်သွားတာ မဟုတ်လား။ မဒီ တကယ်ဆိုးတာပဲလေ။

မဒီ အခု ရန်ကုန်မှာပဲ နေတယ်သိလား၊ မေမေက သွားလိုက်လာလိုက်ပါပဲ။ အလုပ်လုပ်ရင်း မဒီ ကိုယ်ပိုင်လုပ်ငန်းလေး တစ်ခု ထောင်မလားလို့။

ရန်ကုန်မှာနေရင် ရှင့်ကိုလည်း မတော်တဆ တွေ့ခဲ့မိရင် ဟိုတုန်းက လွန်ခဲ့တာတွေအတွက် မဒီ တောင်းပန်ချင်လို့ပါ။

စိတ်ထဲ အပြစ်တစ်ခုလို လေးလံနေတာ အမှန်ပဲလေ။

လူတွေ့နှုတ်ဖြေအတွက် မဒီ ရိုးရိုးရှင်းရှင်းလေးပင် ဝတ်ကာ တက္ကစီဖြင့် လာခဲ့ပါသည်။





'တက်နေဝန်းကုမ္ပဏီ' မှာ မဒီ လျှောက်ထားခဲ့တာ မကြာသေးပါ။

ဆယ်နာရီ ငါးမိနစ်ခန့်အလိုမှာ မဒီ ရောက်သွားတော့ လူကြီး တစ်ယောက်က . . .

"ကလေးမ . . . လာ . . လာ . . သူဌေး ရောက်နေပြီ"

အခန်းတစ်ခုဆီ မဒီကို ဦးဆောင်ခေါ်သွားသဖြင့် ဝေ့ကနဲ လေ့လာမိရပါသည်။

သူဌေးရုံးခန်းက အမြင်ဘက်ဆီ ဒိုးယိုပေါက်မြင်နိုင်အောင် အပေါ်တစ်ပိုင်းလုံး မှန်အကြည်တွေ တပ်ဆင်ထားသဖြင့် တော်ပါ သေးရဲ့ဟု စိတ်ကျေနပ်သွားရ၏။

အထဲမှာ သူဌေးက စားပွဲပေါ်မှာ စာရွက်စာတမ်းတွေကို ငုံ့ကြည့်နေသဖြင့် ဘယ်အရွယ်မှန်း မသိ။

"ပျို့မဒီ ရောက်ပါပြီ သူဌေး"

"ဝင်ခဲ့ပါ"

စာအကြည့်မပျက်၊ ပြောလိုက်သော သူဌေးကို မဒီ သေချာစွာ ကြည့်ကာ၊ တံခါးကြီးတွန်း၍ ဝင်လိုက်၏။

သူဌေးရှေ့စားပွဲအနီး မဒီ ရောက်သွားတော့မှ မဒီ မထိုင်ဘဲ ရပ်နေတာမို့ သူဌေးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ"

ရွှေမှုခုံကို လက်နှင့်ညွှန်ရင်း မော့ကြည့်လာသော သူဌေးဆို သူ့၏မျက်နှာကို ရုတ်တရက် မြင်လိုက်ရသော မဒီမှာ မျက်ဝန်းလေး ဝိုင်းသွားရပါတော့၏။

"ဟင်…ရှင်"

သူရိယက လုံးဝ မအံ့သြဘဲ ပြုံးပြုံးလေး မေးလိုက်ပုံက…

"နေကောင်းတယ်နော် မဒီ၊ မတွေ့ရတာ ကြာပြီပဲ"

မီးခိုးနုရောင် ဝမ်းဆက်လှလှလေးနှင့် မဒီ့မျက်နှာကို သူ ကြည်နူးဝမ်းသာစွာ ကြည့်ကာ ပြောလိုက်တော့မှ မဒီ လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားရစွာ…

"အို..ဟို ..ရှင်က.. ဒီမှာ"

"ဟုတ်တယ်…အရမ်းအံ့သြနေလား၊ ဒါတွေအားလုံး မဒီ့ ကျေးဇူးကြောင့်တွေပေါ့ကွာ၊ ကျေးဇူးတင်လွန်းလို့ တစ်ရက်မှ မမေ့ဘဲ နဲ့ကို ကိုယ် ကြိုးစားလာခဲ့တာပါ မဒီ"

"အို"

မဒီ့မျက်နှာ ကွက်ကနဲ ပျက်သွားရစွာ ထိုင်ရအခက် ထွက် သွားရအခက် ဖြစ်နေဟန်ကို သူ ရိပ်မိပုံဖြင့်…

"ထိုင်ပါ မဒီ၊ ကိုယ်တို့ စကားတွေ ပြောကြရအောင်လား"





ရုတ်တရက် ထွက်သွားလျှင်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ် မည်။

မဒီကိုယ်တိုင် သူ့ကို တောင်းပန်ချင်နေတာမို့ စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ကာ မဒီ အသာ ထိုင်လိုက်၏။

"ဦးလေးတို့ရော နေကောင်းကြတယ် ဟုတ်လား"

"ဟုတ်..ကျွန်မ ဒီက ကို..တောင်းပန်စရာရှိနေပါတယ်"

မဒီ့အပြောလေးကြောင့် သူ ပြုံးချင်သွားရစွာ…

"ဘာကိုလဲ မဒီ"

"ဟိုတုန်းက ရိုင်းပြမောက်မာခဲ့တာတွေအတွက်ပါ"

"ဟာ…မဟုတ်တာ၊ ပြောပြီးပြီလေ မဒီရာ၊ အဲဒါတွေ ကြောင့် ကိုယ့်ဘဝ ခုလို အောင်မြင်ခဲ့ရတာလို့၊ တကယ်ပြောတာ၊ တစ်ရက်မှ မမေ့ဘူးသိလား၊ အေးဆေးရှိတော့မှ ကိုယ် မဒီ့ကို လာရှာ တော့မယ်လို့ စဉ်းစားထားတာ၊ ခုတော့ ကိုယ်တို့ တကယ် ရေစက်ရှိ ကြတာပဲကွာ နော်"

"ဟင်…ဘာ..ဘာပြောတယ်"

မဒီ ဆတ်ကနဲ ဖြစ်သွားရတာကို သူ သဘောကျစွာ ပြုံးကာ…

"သိပြီးပြီ…အရင်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီတွေက မဒီ့ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



သဲ့ပြောလို့ ထွက်တာဆို၊ ဒီတစ်ခါတော့ အဲဒါမျိုး လုံးဝ မရှိစေရဘူး ကွာ၊ ကိုယ် ကတိပေးတယ် သိလား”

သူ့စကားကြောင့် မဒီမျက်စေ့င်းက မသိမသာ ဝဲကနဲ ရှိသွားရကာ မကျေမနပ်ဟန်လေးဖြင့်…

“ကတိပေးတယ်ဆိုပြီး ခုနက ရေစက်တွေဘာတွေ ပြောနေတာက ဘာလဲ၊ တော်ပါပြီ…လျှောက်လွှာကို ပြန်ရုပ်သိမ်းလိုက်တော့မယ်”

“မရတော့ဘူး မဒီရာ”

“ဟင်…ဘာရယ်”

“ဟုတ်တယ်…ကိုယ့်အတွက် နံဘေးမှာ မင်းရှိမှဖြစ်တော့မယ်လေ”

“အို…ဘာတွေ လျှောက်ပြောနေတာလဲ”

“မှန်သောသစ္စာစကားပါ မဒီ၊ မင်းကို စိတ်ဆိုးပြီး နာကျည်း မခံချင်စိတ်တွေနဲ့ ကြိုးစားခဲ့တဲ့ အချိန်တိုင်းမှာ မင်းဟာ ကိုယ့်ဘေးမှာ အမြဲတမ်းရှိနေခဲ့တာပါကွာ”

“ဩော်…ဟုတ်လား၊ မုန်းလွန်းလို့ လက်စားချေချင်စိတ် အပြည့်နဲ့ ကြိုးစားခဲ့တာကိုး”

“အဟင်း…အစပိုင်းတုန်းက နာကျည်းခဲ့ရသလောက်





ကြာလာလေ ပြောင်းလဲလာရလေ ဖြစ်သွားတယ်ကွာ၊ ကိုယ့်ဘဝရဲ့ အားပေးဖော်အစစ်ဟာ မင်းပဲဆိုတော့ ကိုယ့်အရည်အချင်းနဲ့ အစွမ်းအစတွေ ထုတ်ဖော်ပြသခွင့်ရတဲ့အချိန်မှာလည်း မင်းပဲ အနီးကပ် ကြင်နာယုယဖော်ဖြစ်သင့်တယ် မဟုတ်လား၊ အဲဒါကြောင့် ရေစက်ရှိတယ်လို့ သတ္တဘာဂ ဖူးစာရေးနတ်မင်းကြီးက ကိုယ်တို့နှစ်ယောက်ကို ဒီမှာလာဆုံစေသတည်းလို့ သတ်မှတ်ပေးလိုက်တာလေ”

“ကျွန်မ ယုံမယ်ထင်နေလား”

“မယုံဘူးလား”

“လုံးဝပဲ…ဟွန်း”

“ကောင်းပြီ”

သူ ရုတ်တရက် ထကာ မဒီဘေး လွှားကနဲ ရောက်လာပြီး မဒီလက်တစ်ဖက်ကို ဆွဲတွဲကာ အပြင်ထွက်လာတော့ ကျန်လူတွေ ပါးစပ်အဲဟောင်းသား ကြည့်နေကြသလို၊ မဒီမှာ ရှက်လွန်း၍ မျက်နှာတစ်ခုလုံး နီကာ၊ ရင်တွေခုန်၊ ဒူးတွေတုန်နှင့် အားစေးမိထားသူပမာ ရှိနေချိန်မှာ သူက အောင်မြင်ဝင့်ကြွားသောအသံဖြင့်…

“အားလုံးပဲ ကျေးဇူးပြုပြီး နားထောင်ပေးကြပါခင်ဗျာ၊ ဒါ ကျွန်တော့်ချစ်သူ ဇနီးလောင်း ပျိုမဒီပါ၊ ဒီနေ့ကစပြီး ကျွန်တော့် အတွင်းရေးမှူးအဖြစ် ခန့်လိုက်ပါပြီ၊ သိပ်မကြာခင်မှာပဲ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ကြမှာမို့ ဒီနေ့တစ်ရက် အပြင်ထွက်လည်ပတ်ကြပါမယ်၊ ဘာလို့လဲဆိုတော့ ငါးနှစ်ကျော် ကွဲကွာနေခဲ့ရပြီး ဒီနေ့မှ ပြန်တွေ့ကြရလို့ သဘောတူ ခွင့်ပြုရင် လက်ခုပ်လေး ချီးမြှင့်ပေးစေချင်ပါတယ် ခင်ဗျာ''

''ဖြောင်း…ဖြောင်း…ဖြောင်း''

လက်ခုပ်သံ၊ ရယ်မောသဘောကျသံတွေကြားမှာ သူ့ မဒီကို ဝင့်ကြွားစွာ လက်ဆွဲကာ ကျော့မော့ခန့်ထည်စွာဖြင့် ထွက်လာခဲ့တာမို့ မဒီ ဘာများတတ်နိုင်ဦးမှာလဲလေ၊ မဒီ့ရင်ထဲမှာလည်းပဲ ကျေနပ်ကြည်နူးနေတာမို့။

ဩော်…သူပြောသလို 'ရေစက်' လို့ပဲ ထားလိုက်ပါတော့၊

စာရှုသူများ၏ မေတ္တာရိပ်မှ…

ခင်သုဇာ



BURMESE CLASSIC .com
www.burmeseclassic.com